ကြေးမုံ
The Mirror
၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့ (8-9-2013) (၇၅၉၇)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇-၉-၂၀၁၃

တမူး	၅ ဒသမ ၀၀ လက်မ
ပန်းမော်	၂ ဒသမ ဂ၀ လက်မ
သီပေါ	၂ ဒသမ ၅၆ လက်မ
ညောင်ဦး	၂ ဒသမ ၃၆ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၂ ဒသမ ၃၂ လက်မ
မိုးကုတ်	၂ ဒသမ ၂၁ လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်ယားလမ်းရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanajata အား လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



အင်းတော်အင်း တိမ်ကောပျောက်ကွယ်မသွားရေး အင်းပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်

အင်းတော် စက်တင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် အင်းတော်အင်း တည်ရှိသည်။ အင်းတော်အင်း၏ ဧရိယာသည် ယခင်က အလျား ၄ မိုင်၊ အနံ ၂ မိုင်ရှိခဲ့ပြီး ယခုအခါ စတုရန်းမိုင် ၄ မိုင်၊ ၂၅၆၀ ဧကခန့်ရှိပြီး အလျား ၃ မိုင်၊ အနံ ၂ မိုင် ကျယ်ဝန်းသည်။

အင်းတော်အင်းထဲသို့ စီးဝင်သည့်ချောင်း၊ မြောင်း စုစုပေါင်း ၂၀ ခန့်ရှိပြီး အင်းတော်ချောင်းမှာ ထင်ရှားသည်။ အင်းတော်ချောင်းမှ စီးဝင်သည့် သဲနုန်းမြေမှာ အများဆုံးဖြစ်ပြီး တစ်နှစ်လျှင် နုန်းပို့ချမှုတန် ၁၀၀ ခန့်ရှိကြောင်း သိရသည်။

ယခုအခါ အင်းတော်ချောင်းရိုးတစ်လျှောက်၌ အင်းတော်စည်ပင် အမှိုက်သိမ်းကားမှ အမှိုက်များကို စွန့်ပစ်လျက်ရှိရာ ထိုအမှိုက်များသည် မိုးရာသီတွင် ချောင်းရေစီးဆင်းမှုအရှိန်ကြောင့် အင်းတော်အင်းထဲသို့ ရောက်ရှိသွားသည်။ ထိုအခါ အင်းရေပြင်သည် သန့်ရှင်းကြည်လင်မှုလျော့နည်းလာပြီး အင်း၏ သဘာဝအလှများပျက်စီးစေသည်။**(အောက်ပုံ)**

ရေရှည်တွင် အင်းတော်အင်း၏ ရေဝေရေလဲဧရိယာရှိ ချောင်းလက်တက်များမှ မြေများ၊ သဲနုန်းများ၊ အမှိုက်သရိုက်များနှင့် အင်းတော်စည်ပင်မှ စွန့်ပစ်ထားသော အမှိုက်သရိုက်များကြောင့် အင်းတော်အင်းသည် တိမ်ကောပျောက်ကွယ်သွားနိုင်ဖွယ်ရှိသည်။

သို့ဖြစ်၍ အင်းရေပြင်ထိန်းသိမ်းရေးနှင့် အင်းပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အင်းတော်မြို့နယ်တွင် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းအဖြစ်လိုအပ်နေပြီဖြစ်ကြောင်း ရေးသား လိုက်ရပါသည်။ **(၂၄၃)**



အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့နံနက် ၉ နာရီ ၅၆ မိနစ် ၄၄ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၂၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဟုမ္မလင်းမြို့၏ အရှေ့မြောက်ဘက်မိုင် ၃၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကသာမြို့ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၉၄ စင်တီမီတာ ၃ ပေခန့်တွင် ရောက်ရှိနေပြီးနောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မာဒေးကားဖလားဘောလုံးပြိုင်ပွဲ မြန်မာနှင့် ထိုင်း တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်

(၄၁)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ ကွမ်တန်မြို့၌ စတင်ကျင်းပရာ အိမ်ရှင်မလေးရှားအသင်း နိုင်ပွဲရသွားပြီး မြန်မာအသင်းမှာ သရေပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် ပွဲဦးထွက် ပွဲစဉ်အဖြစ် ထိုင်းပရီမီယာလိဂ် ALL Stars အသင်းနှင့် ကစားခဲ့ရသည်။ မြန်မာအသင်းမှာ ကျော်ကိုကို၊ ကြည်လင်း၊ ကျော်ဇေယျာဝင်းတို့ဖြင့် လူစုံပါဝင်ခဲ့ပြီး အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၆ မိနစ်တွင် ချာရာဝပ်က ထိုင်းအတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး မြန်မာအတွက် ချေပဂိုးကို ၁၁ မိနစ်တွင် ကျော်ဇေယျာဝင်းက ခေါင်းတိုက်သွင်းယူခဲ့သည်။ မြန်မာအသင်းမှာ အနိုင်ရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

မြန်မာအသင်းသည် စက်တင်ဘာ ၉ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

ယနေ့ မာတိကာ

အတိုက်အခံပါတီ အနိုင်ရသွားသည့် ဩစတြေးလျ ရွေးကောက်ပွဲ — စာမျက်နှာ - ၅
၂၁ ရာစု စာတတ်မြောက်ရေး ဆောင်ရွက်ဖို့ အကောင်းဆုံးတီထွင်ကြံဆ ဆောင်ရွက်စို့ — စာမျက်နှာ - ၆
ဆင်ခြေထောက်ရောဂါကင်းဝေးရေး ၉ ရက် ၉ လတွင် လူအားလုံး ဆေးတိုက်ကျွေး — စာမျက်နှာ - ၁၀
အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲအတွက် မြန်မာအသင်းလူရွေးချယ် — စာမျက်နှာ - ၁၃

ကြေးမုံစာတည်းရှုထောင့်

၈-၉-၂၀၁၃၊ တနင်္ဂနွေနေ့

‘ဝ’တစ်လုံးနှင့်စခဲ့သည်

မိမိတို့နိုင်ငံတွင် တစ်နိုင်ငံလုံးလွှမ်းခြုံ စာတတ်မြောက်ရေးလှုပ်ရှားမှု ‘အ’သုံးလုံးသင်တန်းများကို “ဝ” တစ်လုံးနှင့်စခဲ့သည်ဆိုလျှင် မှားအံ့မထင်ပါ။ ညမှာထိန်လင်းလပြည့်ဝန်းကို “ဝ”ခေါ်သဗျ အဒေါ်ရ။ ‘အ’သုံးလုံးသီချင်း စာသားသံစဉ်လေးနှင့်အတူ ‘ဝ’တစ်လုံးရေးတတ်အောင် အစပြုခဲ့သည်။ ‘ဝ’ ကို ရေးတတ်မှ ‘ဝ’နှင့် ဆက်နွှယ်သည့် ‘ခ. ဂ. ဃ. င. စ. . .’ စသည့်ဗျည်းစာလုံး နှစ်ဆယ်ကို တွဲသင်ပေးခဲ့ရသည်။ ‘ဝ’နှစ်လုံးပူးလိုက်လျှင် ‘ထ’စာလုံးဖြစ်လာသည်။ ဆက်နွှယ်ရာ ‘က. ယ. လ. သ. . ’စသဖြင့် ဗျည်းဆယ့်သုံးလုံးကို သင်ကြားသွားသည်။ ‘ထ’ ဆင်ထူးကို ဘယ်မှာအောက်ဖွင့် ညာအထက်ဖွင့်ရင် ‘လ’ခေါ်သဗျ ဦးကြီးရ။ အရေးအဖတ်အတတ် ပညာအမြဲပဲ ဒို့လေ့လာ သီချင်းစာသားလေးများမှာ ထနောင်း၊ တမာသစ်ရိပ်ဝါးရိပ်များအောက်မှ ‘အ’သုံးလုံးသင်တန်းများသာ။

‘ဝ’အပါအဝင် ‘ဝ. ထ. က. လ. သ’ အက္ခရာငါးလုံးဗဟိုပြုသင်ကြားမှုမှသည် ယခု ၂၀၁၃ ရွှေရတုကာလ နှစ် ၅၀ အကြာတွင် တစ်နိုင်ငံလုံး စာတတ်မြောက်သူ ၉၅ ဒသမ ၀၈ ရာခိုင်နှုန်းထိ အောင်မြင်မှုရလာခဲ့သည်။ ‘ဝ’ တစ်လုံးအရင်းပြု ရွှေရတုကာလတိုင်ခဲ့ပါပြီ။

မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှုကာလကို ပညာရှင်များက သုံးပိုင်းခွဲခြားလေ့လာမှုပြုထားသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ထိ ပထမပိုင်းကာလ။ တစ်နိုင်ငံလုံးမလွှမ်းခြုံနိုင်ခဲ့ပါ။ အခြေအနေအရပ်ရပ်ကြောင့် အကန့်အသတ်နှင့် အဝန်းအဝိုင်းအတွင်းမှာ ကွက်ကျားမိုးသာရှိနေခဲ့သည်။ ၁၉၆၄ မှ ၁၉၈၈ ထိ ဒုတိယပိုင်း။ ထိုမှ ယနေ့ထိ ကာလများသည် နိုင်ငံတော်နှင့်ပြည်သူ အလှူရှင်များ ဝိုင်းဝန်းကူ၊ အင်တိုက်အားတိုက်နှင့် တစ်နိုင်ငံလုံးလွှမ်းခြုံပုံစံတကျ အစီအမံများအောက်မှာ စာတတ်မြောက်ရေးအရှိန်အဟုန်ကို မြင့်တင်ပေးနိုင်ခဲ့သည်။ ‘အ’သုံးလုံးသင်တန်းများအပြင် လူတိုင်းအတွက် ပညာရေးခေါင်းစဉ်အောက်မှာ ကျောင်းတွင်း ကျောင်းပြင်ပညာရေးများကို ဟာကွက်မရှိစေရ။ တစိုက်မတ်မတ် စီမံဆောင်ရွက်လာနိုင်ခဲ့သည်။

စာတတ်ပြီးသူများအတွက်လည်း စာဖတ်ရှိန်မြင့်တင်၊ စာမဖတ်သူပပျောက်ရေးအတွက် ကျေးလက်မြို့ပြ နိုင်ငံအနှံ့ စာကြည့်တိုက်ပေါင်း ငါးသောင်းကျော် စနစ်တကျ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ၂၁ ရာစု ပညာခေတ်၏ စိန်ခေါ်လာမှုကို ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ပေးခဲ့ခြင်း၊ ပြည်သူများ စာဖတ်ရှိန်မြင့်တင်စဉ်ဆက်မပြတ်သင်ယူလေ့လာနိုင်ဖို့ ၎င်းစာကြည့်တိုက်များက အထောက်အကူဖြစ်စေပါလိမ့်မည်။ အခြားတစ်ဖက်တွင်လည်း ကုလသမဂ္ဂ၏ ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ ဆယ်စုနှစ်ကုလသမဂ္ဂ စာတတ်မြောက်ရေး သတ်မှတ်ချက်ကာလကို မိမိတို့နိုင်ငံက နမူနာပြုလိုက်နိုင်ခြင်းပင်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ပညာရေးသမိုင်းအစ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှဟု ဆိုရမည်ဖြစ်ပါသည်။ ပုဂံခေတ်ပွဲကျောင်းများသည် အစောဆုံးသော ပညာရေးသမိုင်းအထောက်အထားများဖြစ်ပါသည်။ မိမိတို့နိုင်ငံကို နယ်ချဲ့များသိမ်းယူပြီးအထိ ၎င်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ နိုင်ငံအနှံ့မှာ အားကောင်းမောင်းသန်ဖွံ့ထွားစည်ပင်ရှိနေခဲ့ပါသည်။ ၁၈၈၆ မတိုင်မီကာလ မိမိတို့နိုင်ငံတော် စာတတ်မြောက်မှုနှုန်း ၈၅ ရာခိုင်နှုန်းရှိခဲ့ရာမှ လွတ်လပ်ရေးရပြီးစတွင် ၃၅ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ရမှုက ငြင်းမရသော အထောက်အထားတစ်ရပ်ဖြစ်ပါသည်။

ယခုတစ်နိုင်ငံလုံး စာတတ်မြောက်ရေးကို အမျိုးသားရေးအမြင်နှင့် အင်တိုက်အားတိုက်ဆောင်ရွက်လာခဲ့မှု အကျိုးဆက်ကြောင့် နိုင်ငံသားအားလုံးနီးပါး စာတတ်လာကြပြီး စာဖတ်ရှိန်မြင့်တင်ရေးတွင်လည်း ရပ်တိုင်း ရွာတိုင်း နေရာတိုင်းမှာ စာကြည့်တိုက်များဖွင့်လှစ်နိုင်ခဲ့ပါပြီ။ တိုးတက်သည့် နိုင်ငံတိုင်းမှာ နိုင်ငံသားတိုင်း စာကိုစွဲမြဲ ဖတ်တတ်ကြသည်။ အလိမ္မာစာမှာရှိ ဆိုစကားအတိုင်း တတ်သိလိမ္မာ ပညာရှိစေဖို့ မိမိတို့အားလုံး အမြဲမပြတ်စာဖတ်ကြပါစို့။ စာမတတ်သူပပျောက်ရေးမှ စာမဖတ်သူပပျောက်ရေးကို အလေးထားဆောင်ရွက်သွားကြပါစို့။ စာတတ်မြောက်မှု နှစ် ၅၀ ပြည့် ရွှေရတုကာလ အခါသမယမှာ နှိုးဆော်တိုက်တွန်းပြုအပ်ပါသည်။ ။

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာ တရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနတို့တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဘဏ္ဍာရေးနှင့် အလှူငွေလက်ခံရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ငွေ(နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၅၅၀၂၁၁၊ ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယ မြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(ကြေးမုံ)**

သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးသင်ထောက်ကူပစ္စည်းများဖြင့် မူလတန်းကျောင်းသား ကျောင်းသူများအား သင်တန်းပေးမည်

နေပြည်တော် စက်တင်ဘာ ၇

ယခုလမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေရှိ မူလတန်းကျောင်းများမှ ဆရာ ဆရာမများကို Teacher Training Program သို့ ဖိတ်ခေါ်၍ သွားနှင့်ခံတွင်းကျန်းမာရေးပညာပေးသင်ထောက်ကူပစ္စည်းများ အသုံးပြုကာ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနများမှ အဖွဲ့ဝင်များက သင်တန်းပေးမည်ဖြစ်သည်။ ထို့နောက် အဆိုပါ Training Program ကို ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် တိုင်းဒေသကြီးနှစ်ခုလုံးမှ ကျောင်းများအားလုံးသို့ ရာနှုန်းပြည့်ရောက်ရှိစေရန် ရည်မှန်းထားကြောင်း သိရသည်။

“ကျန်းမာတဲ့ကိုယ်ခန္ဓာနဲ့ အလုံးစုံကျန်းမာသုခရရှိစေဖို့ဆိုရင် ကျန်းမာတဲ့ခံတွင်းဟာ အဓိကကျပါတယ်၊ ကျွန်မတို့ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ မြန်မာပြည်သူတွေရဲ့ သွားနှင့် ခံတွင်းကျန်းမာရေးအခြေအနေကို တိုးတက်အောင် လုပ်ဆောင်ဖို့ဆိုတဲ့အချက်ကို အထောက်အကူပြုပါတယ်”ဟု ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာယဉ် သန္တာလွင်က ပြောကြားသည်။

“မြန်မာနိုင်ငံမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၁၉၉၈ ခုနှစ် ပညာသင်နှစ်မှစပြီး အခြေခံပညာအတန်းတိုင်းမှာ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်ကို စတင်သင်ကြားပေးခဲ့ပါတယ်၊ အဲဒီ ဘာသာရပ်ကို မူလတန်းအဆင့်မှာ ပျော်ရွှင်ကျန်းမာကိုယ်ခန္ဓာ၊ ရောဂါကင်းဝေး ကျန်းမာရေး၊ လူမှုဘဝမှာ ကျွမ်းကျင်စရာ၊ စိတ်ကျန်းမာရေး လေ့ကျင့်ပေးနဲ့ ထိန်းသိမ်းအစဉ် တို့ဝန်းကျင်ဆိုတဲ့ ဧရိယာငါးခုနဲ့ သင်ခန်းစာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်”ဟု ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်မောင်က ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် အခြေခံသွားကျန်းမာရေးစောင့်ရှောက်မှုမရရှိသော ကလေးငယ်ပေါင်း မြောက်မြားစွာရှိနေပြီး ကျန်းမာရွှင်လန်းသော အပြုံးများရရှိပိုင်ဆိုင်ရန်အတွက် လိုအပ်သောအသိပညာများကို မရရှိကြပေ။ အခမဲ့သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးခြင်း၊ အခမဲ့သွားနှင့် ခံတွင်းစစ်ဆေးခြင်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ၌ Colgate Bright Smiles, Bright Futures အစီအစဉ်ကို စက်တင်ဘာ ၃ ရက်က နေပြည်တော် MICC ခန်းမ၌ ကျင်းပကြောင်းသိရသည်။

စိုးစိုးနိုင်(ကြေးမုံ)



သစ်တောအရာရှိသင်တန်း အမှတ်စဉ်(၂၄)သင်တန်းဆင်း

နေပြည်တော် စက်တင်ဘာ ၇

သစ်တောအရာရှိသင်တန်း အမှတ်စဉ်(၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် အတွေးအခေါ်မှန်မှသာလျှင် အသိမှန်ပြီး အလုပ်မှန်ကန်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် မိမိ၏မူလရည်မှန်းချက်တာဝန်အပြင် အခြေအနေအရ ပေါ်ပေါက်လာသောတာဝန်များကိုလည်း ထမ်းဆောင်ရကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်မှ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးများကို အဘက်ဘက်မှ ပြုပြင်ပြောင်းလဲဆောင်ရွက်နေသလို ဝန်ထမ်းများကလည်း အခြေခံစိတ်ဓာတ် (Mindset)များ လိုက်ပါပြောင်းလဲရန် လိုအပ်ကြောင်း၊ ကမ္ဘာပေါ်တွင် နည်းပညာများအရှိန်အဟုန်မြင့် တိုးတက်လာ၍ မိမိတို့ကလည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားအားထုတ်ကြစေလိုကြောင်း၊ မိမိနှင့်တကွ အဖွဲ့အစည်းတစ်ရပ်လုံး စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရန် တည်ဆောက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

တရုတ်-အာဆီယံ နည်းပညာဖလှယ်ရေးနှင့် တီထွင်ဆန်းသစ်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်

နေပြည်တော် စက်တင်ဘာ ၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ Guangxi Wharton International Hotel ၌ စက်တင်ဘာ ၃ ရက်တွင် ကျင်းပသော တရုတ်-အာဆီယံ နည်းပညာဖလှယ်ရေးနှင့် တီထွင်ဆန်းသစ်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (The Forum on China-ASEAN Technology Transfer and Collaborative Innovation) သို့ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်၌ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တရုတ်-အာဆီယံ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များသည် တရုတ်နှင့် အာဆီယံနိုင်ငံများအတွက် လွန်စွာအရေးပါကြောင်း၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း၊ တရုတ်နိုင်ငံနှင့် အာဆီယံ၏ ကြိုးပမ်းအားထုတ်မှုများနှင့် တရုတ်နိုင်ငံ၏ အတွေ့အကြုံ ကြွယ်ဝမှု၊ ကျွမ်းကျင်မှုနှင့် အဆင့်မြင့်နည်းပညာများကို မျှဝေပေးမှုမှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း ပြည်သူလူထုများ၏ လူနေမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ် သိပ္ပံနှင့်နည်းပညာပူးတွဲစမ်းသပ်ခန်းထူထောင်ရေး၊ ပြိုဟ်တုမှ ရရှိသည့်အချက်အလက်များ ခွဲဝေသုံးစွဲရေးနှင့် လုပ်ငန်းသုံးပရိုဂရမ်များ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ ထူးချွန်လူငယ်သိပ္ပံပညာရှင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့စေလွှတ်၍ သုတေသနပြုလုပ်ငန်းဆောင်ရွက်ရေး၊ China-ASEAN Technology Transfer Center ရုံးခွဲအား မြန်မာနိုင်ငံ၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော သိပ္ပံနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီး H. E. Dr. WAN Gang နှင့် အတူ အာဆီယံနိုင်ငံများ၏ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး တရုတ်နှင့် အာဆီယံနိုင်ငံများကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများကို သက်ဆိုင်ရာကုမ္ပဏီများက လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါခရီးစဉ်အတွင်း ခေတ္တတည်းခိုသော ဟိုတယ်တွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးနှင့် နှစ်နိုင်ငံကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် မိမိတို့နှစ်နိုင်ငံကြား စံချိန်စံညွှန်းအပြန်အလှန် အသိအမှတ်ပြုမှု အစီအစဉ်များကို ဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား သီးခြားတွေ့ဆုံဆွေးနွေး **(အပေါ်ပုံ)** ခဲ့ကြပြီးနောက် Pura Pharm Coorperation စက်ရုံတွင် တိုင်းရင်းဆေးဝါးထုတ်လုပ်ပုံ နည်းစဉ်အား လည်းကောင်း၊ Guangxi Leader Digital Technology Co.,Ltd. တွင် Digital Hardware နှင့် အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်တပ်ဆင်နေမှုများကို သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူတိုင်းစာတတ်မြောက်ပါမှ

- သူ့ကျွန်ခေတ်မှာမို့
  နှံ့နစ်ကာ ပညာမဲ့ခဲ့ရ
  ရွာထဲက တို့ပြည်သူ။
- စာမတတ်လျှင်ဖြင့်
  ရွာရပ်တွင် ခြယ်လှယ်ပြန်ကြ
  အပယ်ခံဉာဏ်မကွန့်နိုင်တော့
  အညွန့်မလူ။
- တို့တိုင်းပြည်အသရေညှိုးစေတဲ့
  ကိုလိုနီအမွေဆိုးကိုလ
  ရိုက်ချိုးကာ လုပ်အားပေးကြမှ
  စီးပွားရေးနာလန်ထူ
  ဝိုင်းကူစို့အသုံးလုံး။
- ရေးဖတ်တွက်ပညာ
  လူတိုင်းစာတတ်မြောက်ပါမှ
  ထွန်းပေါက်ဂုဏ်ရောင်ပြောင်လိမ့်
  တို့ထူထောင် လူ့ဘောင်သစ်ဟာဖြင့်
  နောင်ခေတ်မှာ ဆထမ်းပိုးတိုးအောင်
  ကြိုး၍ တို့ရုန်း ။ ။

မောင်ကျေးဖူး

ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၇

မြန်မာ့ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 ၌ Zawtika Offshore Pipeline Construction Project တွင် MV SEAMEC PRINCESS (Call Sign:AUNJ) ဖြင့် 18" Spool Installation လုပ်ငန်းများကို ၁၂-၉-၂၀၁၃ ရက်မှ ၃၀-၁၀-၂၀၁၃ ရက်အထိ Point ZPQ Location, Latitude 14˚11' 27.80" N, Longitude 96˚ 02' 44.317"E တွင် ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းခွင်ဧရိယာ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီး e-Government ဆိုင်ရာ ကော်မတီဖွဲ့စည်း

စစ်ကိုင်း စက်တင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ e-Government ဆိုင်ရာ ကော်မတီကို ယခုနှစ် ဇူလိုင် ၁၈ ရက်က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ အဆိုပါ e-Government ဆိုင်ရာ ကော်မတီကို စစ်ကိုင်းတိုင်းဒေသကြီး၏ e-Government ဖော်ဆောင်ရာတွင် အဆင်ပြေ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် လက်ရှိဖွဲ့စည်းထားသော e-Government ကော်မတီမှ လိုအပ်သော နည်းပညာများ ပံ့ပိုးကူညီနိုင်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အမြန်ဆုံးနှင့်အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ကော်မတီက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ e-Government ဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌ ကိုဇော်မင်းသိန်း၊ အတွင်းရေးမှူး ကိုအောင်ဆန်း၊ အဖွဲ့ဝင်များအဖြစ် ကိုဇော်ဇော်မိုး၊ ကိုဝင်းလွင်၊ ကိုကျော်စွာဝင်း၊ ကိုဇော်သူရိန်ထွန်းနှင့် ကိုနေလင်းအောင် တို့က ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များ ဟန်ဂေရီနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

ရန်ကုန် စက်တင်ဘာ ၇

ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဒေါက်တာစံလှိုင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီတွင် ဟန်ဂေရီနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့တွင် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်အဖွဲ့ဝင်(၅)ဦး ပါဝင်သည့် လေ့လာရေးခရီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာသော အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ကို တွေ့ရစဉ်။

ကမ္ဘာတစ်ဝန်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဂျီ-၂၀ အုပ်စု ပူးပေါင်းဆောင်ရွက်မည်

စိန့်ပီတာစဘတ် စက်တင်ဘာ ၇

ကမ္ဘာတစ်ဝန်း အဂတိလိုက်စားမှုပြဿနာကို တိုက်ဖျက်နိုင်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြရန် ဂျီ-၂၀ အုပ်စု၏ ခေါင်းဆောင်များက စက်တင်ဘာ ၆ ရက်တွင် ကတိပြုလိုက်ကြသည်။

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ကျင်းပသော ဂျီ-၂၀ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲအပြီး ထုတ်ပြန်သော ကြေညာချက်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလုပ်ငန်း၌ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် မူဘောင်များကို ရေးဆွဲချမှတ်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

အဂတိလိုက်စားမှုဆိုင်ရာ ပြစ်မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာတွင်လည်းကောင်း၊ တရားစွဲဆိုရာတွင်လည်းကောင်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြမည်ဖြစ်ကြောင်း ဂျီ-၂၀ ခေါင်းဆောင်များ သဘောတူညီကြသည်။ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ခေါင်းဆောင်များသည် ထိပ်သီးဆွေးနွေးပွဲတွင် တရားဥပဒေဆိုင်ရာ အပြန်အလှန်အကူအညီပေးရေး အခြေခံမူများကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ **ပီတီအိုင်။**

ဆိုင်းနိုင်းစစ်သွေးကြွများကို အီဂျစ်တပ်ဖွဲ့ထိုးစစ်ဆင်

ကိုင်ရို စက်တင်ဘာ ၇

အီဂျစ်ကြည်းတပ်သည် ဆိုင်းနိုင်းဒေသရှိ စစ်သွေးကြွများကို အလုံးအရင်းဖြင့် ထိုးစစ်ဆင်နွှဲမှု စတင်ပြီဖြစ်ကြောင်း စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်နှင့် နယ်စပ်တစ်လျှောက်တွင် တည်ရှိသောမြို့များ၌ ခြေကုပ်ယူထားသည့် စစ်သွေးကြွများကို အပါချီရဟတ်ယာဉ်များ၏ အကူအညီဖြင့် တင့်ကားများ၊ သံချပ်ကာကားများနှင့် ခြေလျင်တပ်ဖွဲ့များက တိုက်ခိုက်ကြကြောင်း မျက်မြင်တွေ့သူများက ဘီဘီစီသို့ ပြောကြားသည်။

မကြာသေးမီနှစ်များအတွင်း ဆိုင်းနိုင်းဒေသ၌ ဆင်နွှဲခဲ့သော စစ်ဆင်ရေးများတွင် ဤစစ်ဆင်ရေးက အကြီးအကျယ်ဆုံးဖြစ်သည်။

အီဂျစ်စစ်သည်များသည် စူးအက်တူးမြောင်းအနီးရထားလမ်းပေါ်၌ မော်တာများနှင့် ဖောက်ခွဲရေးပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။

၂၀၁၁ ခုနှစ်တွင် သမ္မတဟောင်း ဟော့စနီမူဘာရက်ကို ဖယ်ရှားခဲ့ပြီးကတည်းက စစ်သွေးကြွများက ပိုက်လိုင်းများ၊ လုံခြုံရေးတပ်ဖွဲ့များကို မကြာခဏ တိုက်ခိုက်ခဲ့ကြသည်။

အစ္စလာမ့်စစ်သွေးကြွများလှုပ်ရှားနေသည့် ဆိုင်းနိုင်းဒေသတွင်းမှ နယ်မြေများကို စစ်ဘက်က ရှင်းလင်းမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ စစ်အရာရှိတစ်ဦးက အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယင်းနယ်မြေများတွင် ရာဖချ်မြို့၊ ရှိတ်ဇူဝိယစ်မြို့များနှင့် အနီးအနားမှ ကျေးရွာများ ပါဝင်ကြောင်း ၎င်းအရာရှိက ပြောကြားသည်။ **ဘီဘီစီ။**



အာဟာရချို့တဲ့မှုကြောင့် ကိုလ်ကတ္တားဆေးရုံ၌ ကလေး ၃၂ ဦး သေဆုံး

ကိုလ်ကတ္တား စက်တင်ဘာ ၇

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ရှိ ဘီစီရွှင်းဆေးရုံ၌ နို့စို့အရွယ်မှ အသက်နှစ်နှစ်အရွယ်အထိ ကလေး ၃၂ ဦး သေဆုံးကြောင်း၊ လွန်ခဲ့သည့် လေးရက်ကျော်ကာလကဖြစ်ကြောင်း စက်တင်ဘာ ၇ ရက်ကထုတ်ပြန်သော အစီရင်ခံစာတွင် အခိုင်အမာဖော်ပြထားသည်။

ကလေးများ သေဆုံးရခြင်းအကြောင်းရင်းမှာ အာဟာရချို့တဲ့မှုကြောင့်ဖြစ်ကြောင်း၊သေဆုံးသော ကလေးဦးရေတိုးလာရခြင်းမှာ အခြားဆေးရုံများမှ သေဆုံးခါနီးနောက်ဆုံးအဆင့်ရောက်နေသော ကလေးလူနာများကို လွှဲပြောင်းတင်ပို့ခြင်းများကြောင့်ဖြစ်ကြောင်း ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်များက သုံးသပ်ပြောကြားသည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။

ကလေးများ အသေအပျောက်များနေခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အဖွဲ့ဝင်သုံးဦးပါ အဖွဲ့တစ်ဖွဲ့ကို အစိုးရက ဖွဲ့စည်း၍ တာဝန်ပေးအပ်သည်။

ကလေးများသေဆုံးရမှုသည် ဆေးရုံက ဂရုမစိုက်မှုကြောင့်မဟုတ်ကြောင်း ကျန်းမာရေးဌာနတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ **ဆင်ဟွာ။**

အထူးကုန်စည်တင်ရုရှားစစ်သင်္ဘော ဆီးရီးယားသို့ စေလွှတ်မည်

မော်စကို စက်တင်ဘာ ၇

ဆီးရီးယားအစိုးရကို အမေရိကန်ပြည်ထောင်စုကတိုက်ခိုက်ရန် အလားအလာရှိရာ ယင်းမတိုင်မီ ထိုဒေသအတွင်းရှိ ၎င်း၏ရေတပ်အင်အားကို ရုရှားနိုင်ငံက တိုးမြှင့်လျက်ရှိရာ အထူးကုန်စည်တင်ဆောင်ထားသည့် သင်္ဘောတစ်စင်းကို ဆီးရီးယားသို့ စေလွှတ်မည်ဖြစ်ကြောင်း ရေတပ်သတင်းအရင်းအမြစ်က သောကြာနေ့တွင် ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

နီကိုလိုင်ဖီချင်ကော့ဗ် ကမ်းတက်စစ်သင်္ဘောသည် ယူကရိန်းနိုင်ငံ ဆိပ်ကမ်းမြို့ ဆီဗက်စ်တိုပိုးလ်မှ ရုရှားနိုင်ငံ ပင်လယ်နက်ဆိပ်ကမ်းမြို့ နိုဗိုရိုစ်လစ်သို့ သောကြာနေ့တွင် ထွက် ခွာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဆီးရီးယားဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း စိန့်ပီတာစဘတ်အခြေစိုက်ရေတပ်ဌာနချုပ်၏ သတင်းအရင်းအမြစ်ကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

ရုရှားဆိပ်ကမ်း၌ အထူးကုန်စည်ကို တင်မည်ဖြစ်ပြီး မည်သည့်ကုန်စည်အမျိုးအစားဖြစ်ကြောင်းကိုမူ အဆိုပါ သတင်းအရင်းအမြစ်က တိကျစွာ ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။

ဆီးရီးယားပြဿနာ ပေါ်ပေါက်နေစဉ်အတွင်း ရုရှားနိုင်ငံသည် မြေထဲပင်လယ်အရှေ့ပိုင်းရှိ ၎င်းရေတပ်အင်အားကို ပုံမှန်အနေအထားအတိုင်း ဖြန့်ကြက်ထားရာမှ မကြာသေးမီရက်များတွင် တိုးမြှင့်လာခဲ့သည်။

ရုရှားဖျက်သင်္ဘော စမီတီဗီနှင့် နာစထွိုင်ချီဗီတို့သည် မြေထဲပင်လယ်အတွင်းရှိ စစ်သင်္ဘောအုပ်စုနှင့် မကြာမီ ရောက်ရှိပူးပေါင်းမည်ဖြစ်သည်။

မြေထဲပင်လယ်သင်္ဘောအုပ်စု၏ အလံတင်သင်္ဘောအဖြစ် အလှည့်ကျတာဝန်ယူရန် ရေငုပ်သင်္ဘော တိုက်ဖျက်ရေးသင်္ဘော အက်ဒ်မီရယ်ပန်တဲလီယက်ဗ်သည် ယင်းဒေသအတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည်ဟု စစ်ဘက်သတင်းရပ်ကွက်က အင်တာဖက်စ်သို့ ပြောကြားသည်။

ယင်းသင်္ဘောအုပ်စုတွင် ဖရီးဂိတ်စစ်သင်္ဘော နျူထရာရှီမီနှင့် ကမ်းတက်သင်္ဘောများဖြစ်သည့် အလက်ဇန္ဒြားရှာဗီလင်၊ အက်မီရယ်နီဗဲလ်စကီးနှင့် ပီရက်စ်ဗက်တို့ရှိနှင့်ပြီးဖြစ်သည်။

အကြီးစား ကမ်းတက်သင်္ဘော နိုဗိုချာကပ်စ်၊ မင့်(စ်)တို့နှင့်အတူ ဒုံးကျည်တင်ခရူဇာသင်္ဘော မော့ဗာတို့သည်လည်း ဝင်ရောက်ပူးပေါင်းကြမည်ဟု မျှော်လင့်ရသည်။ ထောက်လှမ်းရေးသင်္ဘော ပရိုင်ယာဇော့ဗ်သည်လည်း ယင်းအုပ်စုနှင့် ပူးပေါင်းရန် လမ်းခုလတ်သို့ ရောက်ရှိနေသည်ဟုဆိုသည်။ **အေအက်ဖ်ပီ။**

ဆီးရီးယားနိုင်ငံသို့ ထွက်ခွာသွားသော ရုရှားစစ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။



ကမ္ဘာ့အကြောအဆစ်ကုပညာရပ်နေ့နှင့် သမိုင်းကြောင်း

တင်မောင်အေး (ကန့်ဘလူ)

စက်တင်ဘာလ ၈ ရက်နေ့သည် ကမ္ဘာ့အကြောအဆစ်ကုပညာရပ်နေ့ (World Physiotherapy Day) ဖြစ်သည်။

ဤနေ့တွင် တစ်ကမ္ဘာလုံးရှိနိုင်ငံအသီးသီးမှ အကြောအဆစ်ကုပညာရပ်အဖွဲ့အစည်းများသည် အကြောအဆစ်ကုပညာရပ်အကြောင်း ပညာပေးဟောပြောပို့ချခြင်း၊ အကြောအဆစ်လူနာများအား အခမဲ့စမ်းသပ်ကြည့်ရှုပေးခြင်း၊ ကျန်းမာကြံ့ခိုင်ရေးကို ဖြစ်စေသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုများကို လက်တွေ့သင်ကြားပြသပေးခြင်းနှင့် အကြောအဆစ်ဝေဒနာများမှ ကင်းဝေးရာကင်းဝေးကြောင်း နေနည်းထိုင်နည်း လုပ်နည်းကိုင်နည်း အစရှိသော နည်းလမ်းကောင်းများကို လမ်းညွှန်ကြလေ့ရှိပါသည်။

အကြောအဆစ်ကုပညာရပ်၏ သမိုင်းကြောင်းကိုတစေ့တစောင်း လေ့လာကြည့်မည်ဆိုက များစွာစိတ်ဝင်စားဖွယ်ကောင်းလှ၏။ ကမ္ဘာ့ဆေးပညာနယ်ပယ်တွင် နေလိုလလိုထင်ရှားကျော်စောပြီး ဆေးပညာလောက၏ဖခင်ကြီးလည်းဖြစ်သည့် ဂရိသမားတော်ကြီး ဟစ်ပိုးကရပ်တီး(စ်)သည် အကြောအဆစ်ကုဆေးပညာကို ကနဦး စတင်အသုံးပြုခဲ့သော သမားတော်များထဲမှ တစ်ဦးအပါအဝင်ဖြစ်ခဲ့လေသည်။ သမားတော်ကြီး ဟစ်ပိုးကရပ်တီး(စ်)က နှိပ်နယ်ကုသမှုပညာ (massage)၊ အကြောအဆစ်ပြုပြင်ကုသမှုပညာ (manualtherapy) နှင့် ရေ၏ဂုဏ်သတ္တိကို အသုံးပြု၍ ကုသပေးသည့်ပညာ (hydrotherapy) တို့ကို အကြောအဆစ်ရောဂါဝေဒနာများ ကုသရာတွင် အသုံးပြုကြရန် ဘီစီ ၄၆၀ ဝန်းကျင် ကာလကတည်းက တိုက်တွန်းအားပေးခဲ့ပါသည်။

သို့ဖြစ်ပေရာ အကြောအဆစ်ကုပညာရပ်၏ အချို့သောအစိတ်အပိုင်းများသည် ဆေးသိပ္ပံပညာရပ်ကဲ့သို့ပင် သက်တမ်းကြာမြင့်သည် (Some aspects of physiotherapy are as old as medicine.)ဟု ပြောစမှတ်ပြုကြခြင်းဖြစ်၏။ ဒီဘက်ပိုင်းဖြစ်သော မျက်မှောက်ခေတ်အကြောအဆစ်ကုဆေးပညာရပ်သမိုင်းကား ၁၉ ရာစု အကုန်ပိုင်းလောက်မှ အင်္ဂလန်နိုင်ငံတွင် အခြေပြုခဲ့ခြင်းဖြစ်၏။ ၁၉၁၆ ခုနှစ်၌ အတ္တလန္တိတ်အလယ်ပိုင်းနှင့် နယူးအင်္ဂလန် ပြည်နယ်များတွင် ပိုလီယိုအကြောသေ ရောဂါန္တရကပ်ဆိုးကြီး ကျရောက်သောအခါ အကြောအဆစ်ကုဆေးပညာရပ်ဆိုင်ရာကုထုံးများ (physiotherapy techniques)ကို ပို၍ တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ကြရ၏။

အကြောအဆစ်ကုပညာရပ်သမိုင်း၏ အဓိကအချိုးအကွေ့ကြီးကား ပထမကမ္ဘာစစ်ကြီးအတွင်း၌ ဖြစ်ခဲ့ရသည်ဆို၏။ စစ်ပွဲတွင်ဒဏ်ရာရရှိသည့် စစ်သည်တော်အမြောက်အမြားကို နေ့ညမအားကုသပေးနေရသော အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီးများအနေဖြင့် လူနာများ၏ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ကုသရေးအပိုင်းတို့အတွက် အကြောအဆစ်ကုပညာရှင်များကို များစွာအားကိုးအားထားပြုခဲ့ကြရလေသည်။ ဤသို့ဖြင့် ၁၉၁၈ ခုနှစ်တွင် အမေရိကန်စစ်တပ် ဆေးဘက်ဌာနကြီးသည် အထူးဆေးရုံတပ်မများနှင့်ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်ပြီး အကြောအဆစ်ကုပညာရှင်များကို တာဝန်ထမ်းဆောင်စေခဲ့သည်။ ထို့အပြင် အမေရိကန်နိုင်ငံ၏ ပထမဦးဆုံး အကြောအဆစ်ကုပညာရပ်သိပ္ပံကျောင်း (School of Physical Therapy) ကို 'ဝါရှင်တန်ဒီစီ' ၌ရှိသော 'ဝေါလ်တာရိဒ်' စစ်ဆေးရုံကြီး၌ ဖွင့်လှစ်ခဲ့သည်။

တစ်ဖန် ၁၉၂၁ ခုနှစ်သို့ရောက်သောအခါ အကြောအဆစ်ကုပညာရှင် ၂၄၅ ဦးဖြင့် အမေရိကန်အကြောအဆစ်ကုပညာရပ်အသင်း (American Physiotherapy Association) ကို ဖွဲ့စည်းခဲ့၏။ တစ်ချိန်တည်းမှာပင် အင်္ဂလန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါ၊ ဟော်လန်အစရှိသော တိုးတက်သည့်နိုင်ငံကြီးများတွင် အကြောအဆစ်ကုပညာရှင်များကို တက္ကသိုလ်များမှ ပညာရည်အဆင့်အတန်းမြင့်စွာ မွေးထုတ်လာခဲ့ကြ၏။ အကြောအဆစ်ကုပညာရပ်ကို အမေရိကန်နိုင်ငံက Physical Therapy ဟု ခေါ်ဝေါ်သုံးစွဲပြီး

မြန်မာနိုင်ငံအပါ အဝင် အင်္ဂလန်၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံများကမူ Physiotherapy ဟုသာ ခေါ်ဝေါ်သုံးစွဲကြလေသည်။

အကြောအဆစ်ကုပညာရှင်များ၏ ပညာရေးအဆင့်အတန်းသည် ယခုအခါ များစွာမြင့်မားလာပြီဖြစ်ရာ မဟာသိပ္ပံဘွဲ့နှင့်ပါရဂူဘွဲ့ရများကို ထင်ရှားသည့်တက္ကသိုလ်များမှ သင်ကြားမွေးထုတ်ပေးလျက်ရှိသည်မှာ ဆယ်စုနှစ် နှစ်ခုနီးပါးရှိခဲ့ပြီဖြစ်သည်။ ပီအိတ်ချ်ဒီ(Ph.D)ခေါ် ပါရဂူဘွဲ့အမျိုးအစားအပြင် အကြောအဆစ်ကုဆရာဝန်ဘွဲ့(Doctor of Physiotherapy)ကိုလည်း သင်ကြားချီးမြှင့်နေပြီဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က ISCO Code 2264 (International Standard Classification of Occupation-ISCO Code 2264)ဖြင့် အကြောအဆစ်ကုပညာရှင်များသည် အကြောအဆစ်လူနာများကို လွတ်လပ်စွာ စမ်းသပ်စစ်ဆေးကုသမှုပေးနိုင်သည့် ပညာရှင် (Medical professional)အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ယခင်က အကြောအဆစ်ကုပညာရှင်များကို ဒီပလိုမာအဆင့်သာ မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုနောက်ပိုင်းတွင် နိုင်ငံတော်အစိုးရက အမြော်အမြင်ကြီးစွာဖြင့် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ ဖွင့်လှစ်ပေးလျက် ဘွဲ့ရအကြောအဆစ်ကုပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးခဲ့ပါသည်။ တစ်ခါ အကြောအဆစ်ကုပညာရပ်ကို မဟာသိပ္ပံအဆင့်ထိ ဆက်လက်မြှင့်တင်ပေးခဲ့ပြန်ပါသည်။ မကြာမီကာလတွင် နိုင်ငံတော်၏ ပညာရေး ရည်မှန်းချက်များနှင့်အညီ အကြောအဆစ်ကုပညာရပ်ကို နိုင်ငံတကာအဆင့်မီ ပါရဂူဘွဲ့အထိ တိုးတက်သင်ကြားချီးမြှင့်နိုင်တော့မည်ဟုလည်း ယုံကြည်ထားမိသည်။

ပြီးခဲ့သော ဩဂုတ်လကလည်း အင်္ဂလန်နိုင်ငံမှဝန်ကြီး (Care and Support Minister) 'နော်မန်လမ်း'က အကြောအဆစ်ကုပညာရှင်များသည် အကြောအဆစ်ဆိုင်ရာရောဂါဝေဒနာများအတွက် ဆေးဝါးများကို တိုက်ရိုက်ညွှန်ကြားပေးနိုင်ကြောင်း၊ ယင်းဆေးဝါးများရရှိရန် လူနာများသည် အထွေထွေရောဂါကုဆရာဝန်များ (GP) ထံသို့ သွားရောက်ရန် မလိုတော့ကြောင်း၊ လူနာများအနေဖြင့် နှစ်နေရာသွားရန် မလိုတော့သလို ဆရာဝန်များအနေဖြင့်လည်း အခြားသော လူနာများအတွက် ပိုမိုအချိန်ပေးကာ ကြည့်ရှုကုသနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အကြောအဆစ်ရောဂါဝေဒနာများကို မွေးကင်းစ ရက်သားကလေးငယ်မှ သက်ကြီးရွယ်အိုများအထိ မည်သူမျှမကင်းနိုင်ကြပေ။ ယခုအခါ ယာဉ်တိုက်မှုများ တစ်နေ့တခြား များပြားလာနေခြင်း၊ အသက်ရှည်သူ သက်ကြီးရွယ်အိုများ တိုးပွားလျက်ရှိခြင်း၊ အားကစားနှင့် ဘဝနေထိုင်မှုဆိုင်ရာ ထိခိုက်ဒဏ်ရာရမှုများ ပိုမိုဖြစ်ပွားလာခြင်းတို့ကြောင့် ခါးနာ၊ ဒူးနာ၊ ဇက်ခိုင်၊ ပေါင်ကိုက်၊ပခုံးကပ်၊လေဖြတ် အစရှိသည့် အကြောအဆစ်ရောဂါဝေဒနာခံစားကြရသူများ ဆတက်ထမ်းပိုးများပြားလျက်ရှိရာ ကမ္ဘာ့အကြောအဆစ်ကုပညာရပ်နေ့ကြီး၏ "ကိုယ်လက်လှုပ်ရှား ကျန်းမာရေးဆုလာဘ်တစ်ပါး" (Movement for Health) ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာအကြောအဆစ်ကုပညာရှင်များအနေဖြင့် မိမိတို့ အထူးတတ်ကျွမ်းသည့် အကြောအဆစ်ကုပညာရပ်ဖြင့် ဝေဒနာရှင်အားလုံးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပြုစုစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ ။

အတိုက်အခံပါတီ အနိုင်ရသွားသည့် ဩစတြေးလျ ရွေးကောက်ပွဲ

ဆစ်ဒနီ စက်တင်ဘာ ၇

ဩစတြေးလျ အာဏာရလေဘာပါတီ ဝန်ကြီးချုပ် ကီဗင်ရုဒ်က စနေနေ့တွင်ကျင်းပသော ဩစတြေးလျရွေးကောက်ပွဲ၌ အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင် တိုနီအဘော့တ်ကို ရှုံးနိမ့်သွားပြီးဖြစ်ကြောင်း ဝန်ခံပြောကြားသည်။

ဩစတြေးလျရွေးကောက်ပွဲကော်မရှင်၏ မဲရေတွက်မှု ၈၀ ရာခိုင်နှုန်းပြီးဆုံးချိန်တွင် တိုနီအဘော့တ်ခေါင်းဆောင်သော လစ်ဘရယ် အမျိုးသားညွန့်ပေါင်းပါတီက အောက်လွှတ်တော်အမတ် ၁၅၀ နေရာတွင် ၈၈ နေရာရရှိထားပြီး ကီဗင်ရုဒ်၏ လေဘာပါတီက ၅၆ နေရာသာရရှိထားသည်။

"မကြာသေးခင်ကပဲ ရွေးကောက်ပွဲမှာကျွန်တော်ရှုံးနိမ့်တဲ့အကြောင်း တိုနီဆီကိုဖုန်းဆက်ခဲ့ပါတယ်။ ဩစတြေးလျဝန်ကြီးချုပ်တစ်ယောက်အနေနဲ့ သူဟာအကောင်းဆုံးစွမ်းဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ကီဗင်ရုဒ်က သူ့အားထောက်ခံသူများကိုပြောကြားသည်။ **ရိုက်တာ။**



ဆီးရီးယားသမ္မတ မြောက်ကိုရီးယားခေါင်းဆောင်ထံ သဝဏ်လွှာပေးပို့

ပြုံယမ်း စက်တင်ဘာ ၇

ဆီးရီးယားသမ္မတ ဘာရှား အယ်အာဆတ်သည် မြောက်ကိုရီးယားနိုင်ငံထူထောင်မှု (၆၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ထံသို့ပေးပို့ခဲ့သည်ဟု စက်တင်ဘာ ၆ ရက်သတင်းများ တွင်ဖော်ပြသည်။ မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာန ကေစီအင်န်အေကလည်း ကင်သည် အာဆတ်၏ သဝဏ်လွှာကို စက်တင်ဘာ ၅ ရက်တွင် လက်ခံရရှိသည်ဟု ထုတ်ပြန်ကြေညာသည်။

အာဆတ်၏ သဝဏ်လွှာတွင် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံထူထောင်မှု (၆၅) နှစ်မြောက်အခါသမယတွင် ခေါင်းဆောင်ကြီး ကင်နှင့် မြောက်ကိုရီးယားပြည်သူများအတွက် အမှန်တကယ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးတိုးတက်ခိုင်မြဲရန်လည်း ဆီးရီးယားနိုင်ငံက လိုလားပါသည်ဟု ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်သည် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက မြောက်ကိုရီးယားနိုင်ငံနှင့် ဆီးရီးယားနိုင်ငံကြား ဓာတုလက်နက်များရောင်းဝယ်မှုပြုလုပ်လာနိုင်ခြေကို အာရုံစိုက်လေ့လာစောင့်ကြည့်ရန် တောင်းဆိုခဲ့ပြီး နောက်တစ်ရက်တွင် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့အနေနဲ့ မြောက်ကိုရီးယားနဲ့ ဆီးရီးယားနိုင်ငံကြားမှာ ဓာတုလက်နက်ရောင်းဝယ်မှုတွေရှိနေတယ်လို့ ယူဆပါတယ်" ဟု တောင်ကိုရီးယားကာကွယ်ရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၅ ရက်တွင် သတင်းထောက်များကိုပြောကြားသည်။

အေအက်ဖ်ပီ။

အောင်မင်းစိုး - စုစည်းသည်

ဒေါက်တာဆန်းဝင်း

ယနေ့ ၂၁ ရာစုကာလကို ပညာခေတ် (Age of Knowledge) ဟု ညွှန်းဆိုကြသည်။ အသစ်အသစ်သော တီထွင်မှုများဖြင့် အားပြိုင်နေသော ကမ္ဘာကြီးတွင် ပညာပန်းများ မပွင့်လန်းနိုင်သော လူ့ရှာဒေသများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ဝေးကွာရကုန်၍ ပညာရဲရင့်၊ ပွဲလယ်တင့်သည့် စာတတ်မြောက်သူပေါများသော နိုင်ငံများသာ ဖွံ့ဖြိုးတိုးတက်ကြသည်။ ထို့ကြောင့် လူသားအရင်းအမြစ်များ စာတတ်မြောက်ရေးသည် အရေးပါလှသည်။ ၂၁ ရာစုတွင် စာတတ်မြောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမားရိုးကျနည်းလမ်းများ သက်သက်ဖြင့် မလုံလောက်တော့ပါ။ အကောင်းဆုံးနည်းလမ်းများကို တီထွင်ကြံဆကြိုးပမ်းကြခြင်းဖြင့် လူသားတိုင်း စာတတ်မြောက်ရေးကို အကောင်အထည်ဖော်ရပေမည်။

ညခင်းချိန်ခါ ဤကမ္ဘာဝယ် သော်တာလမင်း၊ ထိန်ထိန်လင်းမှ ဝင်းပကြည်သာ အလှဖြာ၍ သာယာမှုပေါင်း သရဖူဆောင်းပေလိမ့်မည်။ ထို့အတူ ပညာခေတ်တွင် ပညာပြည့်ဝ၊ နှလုံးလှသည့်၊ ပညာတတ်များ၊ စွမ်းပကားဖြင့်၊ ပြည့်အားတင့်တယ်၊ ကမ္ဘာ့အလယ်၌ ဂုဏ်ကြွယ်ဝင့်ကြွား တန်ဖိုးပွားနိုင်ပေလိမ့်မည်။ စာနှင့် ပညာသည် ရေကိုခြားသော် အကြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်းဖြစ်ကာ မခွဲခြားနိုင်ပါ။ စာသည် ပညာ၏ အစိတ်အပိုင်းဖြစ်၍ စာတတ်မှ ပညာတတ်ဖြစ်နိုင်သည်။ စာတတ်မှ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်နိုင်ပါသည်။ ထိုမှတစ်ဆင့် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော သိပ္ပံနှင့် နည်းပညာများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးနိုင်ခြင်းဖြင့် နယ်ပယ်အသီးသီးတွင် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်ကာ ပညာရှင်များ၏ စွမ်းပကားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်နိုင်ပေလိမ့်မည်။

ရေကန်တစ်ကန်၏ အတိမ်အနက်ကို ကြာရိုးကြာစွယ်အား ကြည့်ခြင်းဖြင့် သိနိုင်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိုနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။ "ရေမြင့်မှ ကြာတင့်" ဆိုသကဲ့သို့ ပညာမြင့်မှ လူမျိုးတင့်မည်။ "ဖွံ့ဖြိုးမှုအစ ပညာရေးက" ဆိုသည့်အတိုင်း တစ်နိုင်ငံလုံးစာတတ်မြောက်ခြင်းဖြင့် အသိဉာဏ်ပညာ ဗဟုသုတပြည့်စုံကြွယ်ဝမှု၊ စီးပွားရေး၊ လူမှုရေး အသိပညာမြင့်မားမှု၊ ကျန်းမာကြံ့ခိုင်မှုနှင့် မိသားစုဝင်ငွေတိုးတက်ခိုင်မာမှုစသော အခြေခံကောင်းများဖြစ်ထွန်းကာ နိုင်ငံတည်တံ့ခိုင်မြဲမှုနှင့် လုံခြုံမှုတို့အတွက်ပါ အထောက်အကူပြုနိုင်ပေလိမ့်မည်။ ထို့ကြောင့် စာတတ်မြောက်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ အခြေခံဖြစ်လာခဲ့သည်။

စာတတ်မြောက်ရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ရေသောက်မြစ်ဖြစ်ပေရာ ရှေးစာဆိုတော်ကြီးများက "အလိမ္မာ၊ စာမှာရှိ၊ စာမတတ်လျှင် မျက်စိပါလျက် အကန်းဖြစ်၏။ လျှာပါလျက် ဆွံ့အဖြစ်၏။ အစာငတ်လျှင် တစ်ခဏ၊ စာငတ်လျှင် တစ်ဘဝဆုံးပြီသာမှတ်" စသည်ဖြင့် အမျိုးမျိုးသီကုံးဖွဲ့ဆိုခဲ့ကြပါသည်။

"စာ"သည် ပညာ၏အခြေခံ၊ အရင်းခံတစ်ခုဖြစ်ပါသည်။ "စာ" ၏ အဓိပ္ပာယ်ကို အက္ခရာအရေးအသား၊ သုတဆိုင်ရာ၊ ရသဆိုင်ရာအရေးအသား၊ ကိုယ်ရေးကိုယ်တာလုပ်ငန်းဆိုင်ရာအကြောင်းအရာ အရေးအသား ပေးပို့ချက်ဟု "မြန်မာအဘိဓာန်"တွင် ဖွင့်ဆိုထားပါသည်။ လူသားတစ်ဦးချင်းစီ၌ "စာဖတ်တတ်မှု" (able to read)၊ "စာရေးတတ်မှု" (able to write)၊ "တွက်ချက်တတ်မှု" (able to enumerate) ဟူသော အရေး၊ အဖတ်၊ အတွက် ("အ"သုံးလုံး) သည် အနိမ့်ဆုံးရှိသင့်သော အခြေခံစွမ်းရည်များပင်ဖြစ်သည်။ ထို့ကြောင့် စာတတ်မြောက်ခြင်းသည် လူသားတိုင်းရရှိအပ်သော လူ့အခွင့်အရေးတစ်ခုဖြစ်ပါသည်။

တစ်ကမ္ဘာလုံး၌ စာမတတ်မြောက်မှုအခြေအနေကို လေ့လာကြည့်လျှင် သက်ကြီး၊ သက်လတ် စာမတတ်သူပေါင်း ၇၇၅ သန်းရှိသည့်အနက် သုံးပုံနှစ်ပုံကျော်သည် အမျိုးသမီးငယ်များနှင့် သက်ကြီးအမျိုးသမီးများဖြစ်ကြသည်။ သက်ကြီးခြောက်ဦးတွင် တစ်ဦးသည် လုံးဝစာမတတ်သူဖြစ်နေပြီး မူလတန်းနှင့် အလယ်တန်းအရွယ် ကလေးငယ် ၁၂၂ သန်းကျော်သည် ကျောင်းနေခွင့်မရကြဘဲ ပညာသင်ယူခွင့်များ ဆုံးရှုံးနေကြရသည်။ စာမတတ်သူများကို လေ့လာကြည့်လျှင် အများစုမှာ သက်ကြီးအမျိုးသမီးများ၊ ငယ်ရွယ်သူမိန်းကလေးများ၊ ဘာသာစကားအရလည်းကောင်း၊ ယဉ်ကျေးမှုအရ လည်းကောင်း ကွဲပြားခြားနားသော လူနည်းစုများ၊ရေကြည်ရာမြက်နုရာ လှည့်လည်နေထိုင်ကြသူများ၊ မူလပထမနေထိုင်သူ နေရင်းဒေသခံတိုင်းရင်းသားများ၊ ကျေးလက်တောရွာများတွင် နေထိုင်ကြသူများနှင့် မသန်စွမ်းသူများဖြစ်ကြသည်။ ဆင်းရဲနွမ်းပါးခြင်းနှင့် စာမတတ်ခြင်းတို့သည် ဆက်စပ်လျက်ရှိပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ကြီးပွားချမ်းသာခြင်းတို့အတွက် ကြီးမားကျယ်ပြန့်သော အဟန့်အတားဖြစ်နေပါသည်။

"စာပေမတတ်၊ ကြက်ခြေခတ်" ဘဝတွင် နုံချာမှု၊ အမှားအမှန်၊ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိမှု၊ ခေါင်းပုံဖြတ်ခံရမှု၊ ကျန်းမာရေးချို့တဲ့မှု၊ ဆင်းရဲနွမ်းပါးမှု၊ ဒုဗ္ဗိက္ခန္တရကပ် ငတ်မွတ်ခေါင်းပါးခြင်းဘေးကျရောက်မှု၊ ပြစ်မှုကျူးလွန်မှု၊ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်စေခြင်းစသည့် ဘေးဒုက္ခဆိုးကျိုးများ ကြုံတွေ့နိုင်ပါသည်။ စာမတတ်ခြင်းသည် လူ့ဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အာဟာရပြတ်လပ်ခြင်းဖြစ်သဖြင့် လူ့ဘဝတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းမရှိတော့ဘဲ ဘေးဒုက္ခမျိုးစုံနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။

စာမတတ်ခြင်းက လူတစ်ဦးချင်းကိုသာမက ကမ္ဘာကြီးတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုပါ ထိပါးနှောင့်ယှက်လာသဖြင့် ကမ္ဘာ့နိုင်ငံများသည် စာတတ်မြောက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လာခဲ့ကြသည်။

နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများနှင့် ပညာရေးပညာရှင်များပါဝင်သော "ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်"ကို အီရန်နိုင်ငံ တီဟီရန်မြို့၌ ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပခဲ့သည်။ ထိုကွန်ဂရက်မှ အစည်းအဝေးစတင်ကျင်းပသော စက်တင်ဘာလ ၈ ရက်နေ့ကို "နိုင်ငံတကာစာတတ်မြောက်ရေးနေ့"အဖြစ် အဆိုပြုသတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ စာတတ်မြောက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာပြည်သူများ၏ အကြံဉာဏ်များ၊ စိတ်ပါဝင်စားမှုများနှင့် ပံ့ပိုးကူညီမှုများကို ရယူရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၆၆ ခုနှစ်မှစတင်ပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားများကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ကျင်းပပေးလျက်ရှိပါသည်။

လူတို့သည် ခရီးသွားရာ၌ရိက္ခာသည် အခရာမည်ပါသည်။ ရိက္ခာဖူလုံမှ လိုရာခရီးကို ရောက်ရှိပါသည်။ ထိုနည်းတူ ဘဝခရီးလျှောက်လှမ်းရာတွင် စာတတ်မြောက်ခြင်းဟူသော ရိက္ခာလိုအပ်ပါသည်။ စာမတတ်လျှင် "အကန်း" နှင့် တူသည်ဟု မှတ်သားဖူးပါသည်။ စာမတတ်လျှင်၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်စွမ်းမရှိပါ။ စာတတ်မြောက်လျှင် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားတို့ကို လေ့လာရရှိခြင်းဖြင့် ဘဝခရီးပန်းတိုင်သို့ တည့်မတ်မှန်ကန်စွာ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

စာတတ်မြောက်ရေးလုပ်ငန်းသည် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးကို များစွာအကျိုးပြုသဖြင့် ကုလသမဂ္ဂက ၁၉၉၀ ပြည့်နှစ်ကို နိုင်ငံတကာစာတတ်မြောက်ရေးနှစ်အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့ပါသည်။ ထိုနှစ်တွင် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့၌ "လူတိုင်းအတွက် ပညာရေးဆိုင်ရာကမ္ဘာ့ညီလာခံကြီး"ကို ကျင်းပပြီး "လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်း" ကို ထုတ်ပြန်နိုင်ခဲ့သည်။ အဆိုပါစာတမ်းကို ပြန်လည်သုံးသပ်သော ပညာရေးညီလာခံကို ၂၀၀၀ ပြည့်နှစ် ဧပြီ ၂၆ ရက်မှ ၂၈ ရက်နေ့အထိ ဆီနီဂေါနိုင်ငံ ဒါကာမြို့၌ကျင်းပကာ "လူတိုင်းအတွက် ပညာရေးဒါကာလုပ်ငန်းအညွှန်းဘောင်" ကို ထပ်မံဆွေးနွေးပြီး ရေးဆွဲချမှတ်ခဲ့ပါသည်။

လူတိုင်း မူလတန်းပညာရရှိရေး၊ သက်ကြီးစာတတ်မြောက်ရေးအစီအစဉ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေး ရည်ရွယ်ချက်များဖြင့် ၂၀၁၁ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်အဖြစ် သတ်မှတ်ပြီး ၂၀၁၅ ခုနှစ်အတွင်း စာမတတ်သူဦးရေ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်မှန်းထားပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးက စာတတ်မြောက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေကြရာ စာတတ်မြောက်မှုနှုန်းများ မြင့်မားတိုးတက်လာနေပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုသမိုင်းကို လေ့လာကြည့်ပါက ရှေးခေတ်အဆက်ဆက်ကပင် မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ ဘုန်းတော်ကြီးကျောင်းများသည် နိုင်ငံသားများပညာသင်ကြားရာ ရိုးရာအမျိုးသားပညာရေးကျောင်းတော်ကြီးများဖြစ်ခဲ့သည်။ ဘုန်းတော်ကြီးသင်ပညာရေး အကျိုးကျေးဇူးကြောင့် ထိုအချိန်က မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၁၅ ရာခိုင်နှုန်းရှိခဲ့ပြီး စူးအက်တူးမြောင်းနှင့် ဂျပန်နိုင်ငံအကြား အမြင့်မားဆုံးအဆင့်ဖြစ်ခဲ့သည်။

၁၈၈၆ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ပြီး ကိုလိုနီယန္တရားလည်ပတ်ရေးနှင့် ကျွန်သက်ရှည်ရေး သက်သက်ကိုသာ ဦးစားပေးခဲ့သည့် ကိုလိုနီခေတ်ကျွန်ပညာရေးကြောင့် နိုင်ငံသားအများစုမှာ စာနှင့်ဝေးကွာခဲ့ပြီး စာတတ်မြောက်မှုနှုန်းမှာလည်း ၃၅ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ရသည်။ ထို့ကြောင့်လည်း မျိုးချစ်မြန်မာတိုင်းရင်းသားတို့သည် နယ်ချဲ့ပညာရေးစနစ်ဆိုးကို တော်လှန်မှုမှ အစပြုကာ လွတ်လပ်ရေးပန်းတိုင်သို့ ချီတက်ခဲ့ကြသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ဘုန်းတော်ကြီးကျောင်းပညာရေးသည် ပြန်လည်အသက်ဝင်လာခဲ့သည်။ ၁၉၄၉ ခုနှစ် လူထုပညာရေးအက်ဥပဒေအရ လူထုပညာရေးသင်တန်းကျောင်းများနှင့် "အ" သုံးလုံးကျေသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ၁၉၅၂ ခုနှစ်ဘဝသစ်ဖန်တီးမှုပညာရေးစီမံကိန်းအရ စာသင်ကျောင်းများကို တိုးချဲ့သင်ကြားခြင်း၊ ၁၉၅၃ ခုနှစ်တွင် တပ်မတော်အတွင်း မြန်မာစာ "အ"သုံးလုံးကျေ သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ၁၉၄၈ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ကာလအတွင်း စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းမှ ၅၇ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာခဲ့သည်။ သို့သော် ကိုလိုနီဆိုးမွေကြောင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ နိမ့်ကျခဲ့ရသဖြင့် စာမတတ်သူများ ဆက်လက်ရှိနေဆဲ ဖြစ်ခဲ့သည်။

စာတတ်မြောက်မှု အရှိန်အဟုန်မြင့်မားစေရန်အတွက် ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင်၌ "အ"သုံးလုံးကျေစာတတ်မြောက်ရေးလှုပ်ရှားမှုကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ပထမဆုံး စတင်နိုင်ခဲ့သည်။

၁၉၆၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း မန္တလေး၊ ရန်ကုန်၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်တို့တွင် စာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လုံးကျွတ်စာတတ်မြောက်လာခဲ့သည်။ မြန်မာတစ်နိုင်ငံလုံးတွင် စာမတတ်သူ ပပျောက်ရေးကို အရွယ်သုံးပါးမရွေး၊ နေရာမရွေး လူထုလှုပ်ရှားမှုအသွင်ဖြင့် အောင်မြင်စွာကြိုးပမ်းနိုင်မှုများကို ဂုဏ်ပြုသောအားဖြင့် ယူနက်စကိုအဖွဲ့ချုပ်ကြီးက ၁၉၇၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့များတွင် မိုဟာမက်ရီဇာပါလာဗီဆုနှင့် နိုမာဆုများကို အသီးသီးချီးမြှင့်ပေးခဲ့သည်။

နိုင်ငံသားတိုင်း မူလတန်းပညာတတ်မြောက်ရေးသည် စာတတ်မြောက်ရေးလုပ်ငန်းစဉ်၏ အခြေခံဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းနေသည့် ကလေးတိုင်း ကျောင်းမြဲရေး၊ ကျောင်းထွက်နှုန်းကျဆင်းရေး ကျောင်းနေသည့်ကလေးတိုင်း အခြေခံအဆင့်အလိုက် သင်ယူပြီးမြောက်ရေးစသည်တို့သည် ကျောင်းနေအရွယ် ကလေးဘဝကတည်းက စာတတ်သူဖြစ်လာစေရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စာမတတ်ခြင်းကို အမြစ်ကပင် ဖြတ်တောက်ပေးသည့် နည်းလမ်းဟု ဆိုနိုင်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ငွေကြေးမတတ်နိုင်ခြင်းကြောင့် ပညာသင်ရာတွင် အဟန့်အတားမဖြစ်စေရန် "အခမဲ့မသင်မနေရနှင့် မူလတန်းပညာရေးစနစ်" (Free and Compulsary Primary Education System) ကို ဆောင်ရွက်လျက်ရှိသည်။ ကျောင်းအပ်နှံရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့သဖြင့် (၅)နှစ်ပြည့်ပြီး ကလေးများ၏ ကျောင်းဝင်နှုန်းမှာ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ၉၈ ဒသမ ၄၇ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ယခုအခါ ဘုန်းတော်ကြီးသင်မူလတန်းကျောင်းများအပါအဝင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဖတ်စာအုပ်အပြည့်အစုံနှင့် လေ့ကျင့်ခန်းဗလာစာအုပ်များ ထောက်ပံ့ပေးလျက်ရှိသည်။ ထို့ပြင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ပညာသင်ဆု၊ လူရည်ချွန်ဆုများ ချီးမြှင့်ပေးနေသကဲ့သို့ ဉာဏ်ပညာထက်မြက်ပြီး ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးနေပါသည်။

လုပ်ငန်းခွင်ပြောင်းရွှေ့နေထိုင်လုပ်ကိုင်နေကြရသည့် မိသားစုဝင်များ၏ ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ရွှေ့လျားကျောင်းများ (Mobile School) များ ဖွင့်လှစ်သင်ကြားပေးနေပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ကြရသည့် ကလေးများ၊ ကျောင်းထွက်စောခဲ့ကြသည့် ကလေးများအတွက် ကျောင်းပညာဆက်လက်သင်ယူနိုင်စေရန်အတွက် ကျောင်းပြင်ပမူလတန်းပညာရေး (Non -Formal Primary Education NFPE) အစီအစဉ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ ကျောင်းမတက်နိုင်သည့် မသန်စွမ်းကလေးများအတွက် ပုံမှန်ကလေးများနည်းတူ ပညာသင်ယူမှုအခွင့်အလမ်းများ ဖန်တီးပေးသော လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) ကိုလည်း ဖော်ဆောင်နေပါသည်။

မူလတန်းပညာသင်ယူတတ်မြောက်ပြီးပါက အလယ်တန်း၊ အထက်တန်းပညာများကို ဆက်လက်သင်ယူနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတွင် မူလတန်းအဆင့် ၂၉၇၆၂ ကျောင်း၊ မူလတန်းလွန်အဆင့် ၆၆၆၄ ကျောင်း၊ အလယ်တန်းအဆင့် ၃၂၆၇ ကျောင်း၊ အထက်တန်းအဆင့် ၂၄၆၀ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၄၂၁၅၃ ကျောင်းဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

သက်ကြီးစာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး အစီအစဉ်ကဏ္ဍတွင် ပညာရေးဝန်ကြီးဌာန၊ ယူနီဆက်၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောင်းပြင်ပပညာရေးအနေဖြင့် ၂၀၁၂ ခုနှစ်အတွင်း တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင် စာသင်ဝိုင်းပေါင်း ၂၁၇၁၇ ခု ဖွင့်လှစ်ပြီး ပြည်သူ ၆၁၉၉၄၃ ဦးကို စာတတ်မြောက်ရေး သင်ကြားပေးနိုင်သကဲ့သို့ နယ်စပ်ဒေသများတွင် နွေရာသီအခြေခံစာသင်ဝိုင်း ၁၅၁၈ ခု ဖွင့်လှစ်ပြီး နယ်စပ်နေပြည်သူ စုစုပေါင်း ၄၉၀၀၇ ဦးကို အခြေခံစာတတ်မြောက်ရေးသင်ကြားပေးနိုင်ခဲ့သည်။

နိုင်ငံသားတိုင်း စာတတ်မြောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့ရာ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၁၉၈၈ ခုနှစ်တွင် ၇၈ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၂ ခုနှစ်တွင် ၉၅ ဒသမ ၀၈ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်းထား မြင့်မားသော နိုင်ငံအဖြစ် ရပ်တည်နေပါသည်။

၂၁ ရာစု စာတတ်မြောက်ရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် "အရေး၊ အဖတ်၊ အတွက်" တတ်ရုံမျှ သင်ကြားပေးရုံဖြင့် မလုံလောက်တော့ပါ။ စာတတ်မြောက်ရေး၏ အဓိပ္ပာယ်သည် စာများကို လေ့လာဖတ်ရှုရုံသက်သက်မဟုတ်တော့ဘဲ ဘဝနှင့် ကမ္ဘာကြီးကိုပါ လေ့လာဖတ်ရှုခြင်းဟူ၍ ပိုမိုလေးနက်ကျယ်ဝန်းလာခဲ့ပြီဖြစ်သည်။

အခြေခံစာတတ်မြောက်မှုနှုန်း မြင့်မားလာသည်နှင့်အမျှ စာတတ်မြောက်မှုရေရှည်တည်တံ့နေစေရန် စဉ်ဆက်ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိသည်။ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေးအစီအစဉ်များကို ဆောင်ရွက်ပေးနိုင်သည့် ရပ်ရွာပညာပဒေသာဌာနပေါင်း ၃၀၄၀ ကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ပြည်သူများအနေဖြင့် မိမိတို့တစ်ဦးချင်းဘဝ

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဘဝတစ်သက်တာ လေ့လာသင်ယူခြင်းကဲ့သို့သော ကျွမ်းကျင်မှုအသစ်များလိုအပ်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ် မစ္စစ် အီရီနာ ဘိုကိုဗာ၏သဝဏ်လွှာ

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

စာတတ်မြောက်ရေးမှာ အခြေခံအခွင့်အရေးတစ်ရပ်နှင့် လူသားဖွံ့ဖြိုးရေးကိုမောင်းနှင်ပေးသော မရှိမဖြစ်လိုအပ်သည့် ယန္တရားသဖွယ်ဖြစ်ပါသည်။ ကိုယ်တိုင်လွတ်လပ်ခွင့်ရရှိခြင်း၊ ကျွမ်းကျင်မှုများလေ့လာသင်ယူနိုင်ခြင်း၊ ယဉ်ကျေးမှုကို ထုတ်ဖော်ကျင့်သုံးနိုင်ခြင်း၊ လူ့ဘောင်အဖွဲ့အစည်းတွင် အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ခြင်းတို့အတွက် စာတတ်မြောက်ရေးက လမ်းခင်းပေးပါသည်။

နိုင်ငံတကာကြိုးပမ်းဆောင်ရွက်မှုများနှင့် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးလုပ်ငန်းဆောင်ရွက်မှုတို့ကြောင့် ဆယ်စုနှစ်နှစ်စုအတွင်း ကမ္ဘာပေါ်တွင်စာမတတ်သူနှုန်းထား လျော့နည်းကျဆင်းလာပါသည်။ ယခုအခါ ကမ္ဘာ့လူဦးရေ၏ ၈၄ ရာခိုင်နှုန်းမှာ စာရေး၊ စာဖတ်တတ်ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် ၇၆ ရာခိုင်နှုန်းရှိခဲ့ခြင်းနှင့် နှိုင်းယှဉ်နိုင်ပါသည်။ နှစ်ပေါင်း ၂၀ အတွင်းတွင် စာမတတ်သူအရေအတွက်မှာ သန်းပေါင်း ၁၀၀ ကျော် လျော့နည်းကျဆင်းသွားပါသည်။

သို့သော် လုံလောက်မှုမရှိသေးပါ။ ယင်းကိန်းဂဏန်းများနောက်ကွယ်တွင် ကြီးလေးသောမညီမျှမှုများရှိနေပါသေးသည်။ ကမ္ဘာပေါ်ရှိ စာမတတ်သော အရွယ်ရောက်ပြီးသူ ၇၇၄ သန်းအနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်ပါသည်။ ကျောင်းမနေသော ကလေးသူငယ်နှင့် လူငယ်အများစုမှာ မိန်းကလေးများဖြစ်ပါသည်။ မူလတန်းကျောင်းသားကျောင်းသူအရွယ် ကလေးသူငယ် ၅၇ သန်းနှင့် အလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူအရွယ် ကလေးသူငယ် ၆၉ သန်းတို့မှာ ကျောင်းနေရန်အခွင့်အလမ်းမရရှိကြပါ။ ကံကောင်းထောက်မသဖြင့် ကျောင်းနေရသောကလေးသူငယ်များမှာလည်း ကျောင်းထွက်ချိန်တွင် အားလုံးစာရေး၊ စာဖတ်တတ်ကြသည်မဟုတ်ပါ။ စီးပွားရေးဖွံ့ဖြိုးသောနိုင်ငံများတွင်ပင် အခြေခံစာရေး၊ စာဖတ်ကျွမ်းကျင်မှုများမရှိသော လူအုပ်စုများအချိုးအစားများပြားလွန်းပါသည်။ လူတစ်ဦးချင်းကျေနပ်မှုရှိရေး၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးနှင့် လူအများအကြား အပြန်အလှန်နားလည်သဘောပေါက်ရေးအတွက် ကြီးလေးသောအတားအဆီးဖြစ်ပါသည်။

ခေတ်မီနည်းပညာသစ်များနှင့်မျက်မှောက်ခေတ်အသိပညာ လူ့ဘောင်အဖွဲ့အစည်းပေါ်ပေါက်လာခြင်းကြောင့် စာရေး၊ စာဖတ်နိုင်စွမ်း ပိုမို၍လိုအပ်လာပြီး အခြေအနေမှာပိုမိုဆိုးရွားလာပါသည်။ ချိတ်ဆက်နေသော လူ့အဖွဲ့အစည်းသစ်များတွင် ဆွေးနွေးခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ပေါင်းစည်းပါဝင်ခြင်းများပြုလုပ်နိုင်ရေးအတွက် ကနဦးစာတတ်မြောက်ရန်လိုအပ်ပါသည်။ လူငယ်များသည် အလုပ်အကိုင်ဈေးကွက်အတွင်းဝင်ရောက်၍ အောင်မြင်မှုရရှိနိုင်ရန် ဘာသာစကားအမျိုးမျိုးတတ်မြောက်ခြင်း၊ ယဉ်ကျေးမှုများပြားစုံလင်မှုကို နားလည်သဘောပေါက်ခြင်း၊ ဘဝတစ်သက်တာလေ့လာသင်ယူခြင်းကဲ့သို့သော ကျွမ်းကျင်မှုအသစ်များလိုအပ်ပါသည်။ မျက်မှောက်ခေတ်လူ့အဖွဲ့အစည်း၏ အခြေခံအုတ်မြစ်ကျွမ်းကျင်မှုများဖြစ်သော အသိပညာ၊ လူအချင်းချင်းဆက်ဆံရေးကျွမ်းကျင်မှုများ၊ အသိုက်အဝန်းအတွင်း အတူတကွနေထိုင်ရန် ကျွမ်းကျင်မှုနှင့် စွမ်းရည်တို့ကို ရှာဖွေရယူရာတွင် စာတတ်မြောက်ရေးသည် အဓိကသော့ချက်ဖြစ်ပါသည်။ ၂၁ ရာစုတွင် စာတတ်မြောက်ရေးသည် ယခင်ကထက်ပို၍ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်လာပါသည်။

စာတတ်မြောက်ရေးသည် ပညာရေးဦးစားပေးလုပ်ငန်းထက်များစွာ ပိုလွန်ပြီး အဆုံးစွန်သော အနာဂတ်တွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ၂၁ ရာစုတွင် လိုအပ်သောစာတတ်မြောက်ရေး ပုံစံသစ်များအားလုံး ပေါ်ပေါက်လာရန် ပထမခြေလှမ်းဖြစ်ပါသည်။ ကလေးသူငယ်တိုင်း စာဖတ်နိုင်ပြီး ဤကျွမ်းကျင်မှုကို အသုံးပြု၍ လွတ်လပ်စွာနေထိုင်လုပ်ကိုင်နိုင်သော ရာစုနှစ်ဖြစ်စေလိုပါသည်။ ဤနိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ဤမျှော်မှန်းချက်အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရများအား လုပ်ငန်းအတူဆောင်ရွက်ရန် ဆော်ဩပါသည်။ ယင်းအတွက် ရန်ပုံငွေအသစ်ဖြည့်ဆည်းပေးခြင်း၊ သက်ဆိုင်ရာလူအုပ်စုများနှင့်အတူ မူဝါဒများရေးဆွဲခြင်း၊ ပိုမို၍ ဆန်းသစ်တီထွင်သောပုံစံသစ်များဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊ နည်းပညာသစ်များကို အပြည့်အဝအကျိုးရှိစွာ အသုံးပြုခြင်းတို့ လိုအပ်ပါသည်။ ဤသို့ ဆောင်ရွက်ရန်ဖြစ်နိုင်ကြောင်း မကြာသေးမီနှစ်များက ရရှိခဲ့သော တိုးတက်မှုကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပါသည်။ ဤမျှော်မှန်းချက်အောင်မြင်ရေးအတွက် ယူနက်စကိုအနေဖြင့် စွမ်းဆောင်နိုင်သမျှအားလုံးကို အလေးအနက်တာဝန်ယူ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၉-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၄၀	'နေချိန်နဲ့ သေချိန်' တရားတော် [ဘဒ္ဒန္တသောဘန (ပုပ္ပား-၂ ဆရာတော်)]		"မျက်နှာဖုံးချစ်သူ" (အပိုင်း-၆၆)
၁၁း၀၀	**Star** တို့ရဲ့လက်ရာ	၉း၀၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၄၇)
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ		

✪ စာမျက်နှာ ၆ မှ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်သက်တာပညာဆက်လက် လေ့လာနိုင်ပြီး လူမှုဖွံ့ဖြိုးရေးနှင့် ရပ်ရွာဖွံ့ဖြိုးရေးအတွက်ပါ အထောက်အကူပြုနိုင်ကြပြီဖြစ်သည်။ ကျေးလက်စာကြည့်တိုက်များ၊ အွန်လိုင်းစာကြည့်တိုက်များနှင့် စာပေရေချမ်းစင်များကလည်း စဉ်ဆက်ပညာရေးအစီအစဉ်များကို ကြီးမားစွာ အထောက်အကူပြုနေပါသည်။

စာမတတ်သူအများစုသည် ကျေးလက်ဒေသ၌ နေထိုင်ကြပြီး ဆင်းရဲနွမ်းပါးနေကြသည်ကို လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်ကြပါသည်။ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စာတတ်မြောက်ရေးလုပ်ငန်းသည် အဓိကကဏ္ဍမှပါဝင်သည်။ အထက်ပါလုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းလာမှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုကို ၁၆ ရာခိုင်နှုန်းထိလျှော့ချနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြပါသည်။

စာတတ်မြောက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးပွားချမ်းသာခြင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် သယံဇာတမည်မျှပင် ကြွယ်ဝစေကာမူ လုပ်ငန်းကိုအောင်မြင်အောင် လုပ်ဆောင်ပေးနိုင်မည့် အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်သော လူသားအရင်းအမြစ်များမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်မည် မဟုတ်ချေ။ အလုပ်သမားတစ်ဦးသည် စာတတ်မြောက်ခြင်းဖြင့် မိမိလုပ်ငန်းနှင့် သက်ဆိုင်သောနည်းပညာများကို လေ့လာဖတ်ရှုအသုံးချနိုင်သောကြောင့် ကုန်ထုတ်လုပ်မှုအဆင့်အတန်းမြင့်မားလာကာ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးများစေပါသည်။ လယ်သမားတစ်ယောက်သည် စာတတ်မြောက်လျှင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသော စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာအသုံးပြုနိုင်သဖြင့် သီးနှံအထွက်တိုးကာ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သဖြင့် ဂုဏ်တင့်တယ်စေပါသည်။

ပညာခေတ်တွင် လူသားစွမ်းရည်များ တိုးတက်မြင့်မားပါမှ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"ဟူသော ပညာရေးဆောင်ပုဒ်ကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်တို၊နှစ်ရှည်စီမံကိန်းများချမှတ်၍ အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့် နှစ်မျိုးစလုံးတွင် ပညာအဆင့်အတန်းကို နိုင်ငံတကာအဆင့်မီစေရန် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာသင်ယူမှုကို စာသင်ခန်းထဲမှာပင် ကန့်သတ်တုပ်နှောင်ထားခြင်းမျိုးမဖြစ်စေဘဲ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပါ တစ်သားတည်းဆက်စပ်ဖြစ်ထွန်းနေစေရန်အတွက် သင်ကြားသင်ယူပေးနေပါသည်။ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခေတ်မီကွန်ရက်များကို အသုံးပြု၍ ကျေးလက်နှင့် မြို့ပြ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တစ်ပြေးညီဖြစ်လာစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာတတ်မြောက်ရေးလုပ်ငန်းများကို အလေးအနက်တန်ဖိုးထားပြီး စွမ်းစွမ်းတမံ ဆောင်ရွက်နေသည့်ကြားမှ ကမ္ဘာတစ်လွှားရှိ လူသန်းပေါင်းများစွာသည် စာမတတ်သည့် ဝဲဂယက်ထဲတွင် မျောပါကျန်ရှိနေသေးသည်ဆိုသည့် အချက်မှာ ၂၁ ရာစုတွင် စာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရာ၌ အကောင်းဆုံးတီထွင်ကြံဆ ဆောင်ရွက်ကြရန် လိုအပ်နေခြင်းကို မီးမောင်းထိုးပြနေပါသည်။ သမားရိုးကျစာတတ်မြောက်ရေးလုပ်ငန်းစဉ်များဖြင့် မလုံလောက်တော့ဘဲ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စာတတ်မြောက်ရေးကို ဆက်စပ်ယှဉ်တွဲလုပ်ဆောင်သွားကြရန် လိုအပ်လှပါသည်။ အစာငတ်နေသူကို စားနပ်ရိက္ခာ ထောက်ပံ့ရုံသာမက စားနပ်ရိက္ခာရရှိရန် ဆောင်ရွက်ရမည့် နည်းလမ်းများကို သင်ပြပေးသကဲ့သို့ စာမတတ်မြောက်သူများကို စာတတ်ရုံသက်သက် သင်ကြားပေးခြင်းမျိုး မဟုတ်ဘဲ လူမှုပတ်ဝန်းကျင်တွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခိုင် ရပ်တည်နိုင်မည့်သူများဖြစ်စေရန် လေ့ကျင့်ထောက်ပံ့ပေးရမည်ဖြစ်သည်။ ငါးအလကားပေးရုံသာမက ငါးဖမ်းရန် ကွန်ချက်ကိုပါပြပေးမှ အကျိုးရှိပေလိမ့်မည်။

အချုပ်အားဖြင့်ဆိုရသော် စာတတ်မြောက်ခြင်းသည် အမှောင်ဘဝမှထွက်၍ မျှော်လင့်မှုရောင်ခြည်ကို လင်းလက်စေပါသည်။ အမှားကိုရှောင်၍ အမှန်ကိုဆောင်ကာ ဘဝခရီးလမ်းကို တင့်စေသည်။ အောင်မြင်မှုပန်းကိုလည်း ပွင့်စေပါသည်။လူမှုဘဝတိုးတက်စေရေးအတွက် မရှိမဖြစ်သော့ချက်ဖြစ်ပါသည်။လူတစ်ဦးချင်း၏ ဘဝအတွက်သာမက နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ပင်ဖြစ်ပါသည်။ လူသားတိုင်း စာတတ်မြောက်ကြခြင်းဖြင့်တည်ငြိမ်အေးချမ်းပြီးစည်ပင်သာယာဝပြောသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကမ္ဘာလောကကြီးကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် "၂၁ ရာစု စာတတ်မြောက်ရေး ဆောင်ရွက်ဖို့ အကောင်းဆုံး တီထွင်ကြံဆ ဆောင်ရွက်စို့" ဟူ၍ တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။





အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု စရိတ်သက်သာစွာဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၇

ခုတင် (၁၀၀) ဆံ့ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ပုဗ္ဗသီရိမြို့ရှိ အဆိုပါဆေးရုံဥပစာ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက် အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု စရိတ်သက်သာစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးရန် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စစ်ဘက်၊ နယ်ဘက်တွင် တာဝန် ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၏ လူမှုဘဝလုံခြုံရေးအတွက် အမြဲစဉ်းစား၍ စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နေပြည်တော်ကောင်စီနယ်မြေတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နေပြည်တော်ပြည်သူ့ဆေးရုံခုတင် (၁၀၀၀) အပြင် ပျဉ်းမနားမြို့နယ်တွင် ခုတင် (၂၀၀)၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်များတွင် ခုတင် (၁၀၀) အဆင့် တိုးမြှင့်ပေးခဲ့ကြောင်း၊ ဒက္ခိဏသီရိမြို့နယ်တွင် ခုတင် (၅၀) ဆံ့ဆေးရုံအား မကြာမီ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ကျန်မြို့နယ်များတွင် ခုတင် (၅၀) ဆံ့ဆေးရုံ ငါးရုံဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်နေ ပြည်သူများ ဒေသတွင်း အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ဇလာကျေးရွာတွင် (၂၅) ခုတင်ဆံ့၊ ရေဆင်း၊ ပေါင်းလောင်း၊ တောင်ညို၊ ရွှေမြို့ကျေးရွာများတွင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံများ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သစ်ပုတ်ပင်ကျေးရွာတွင် (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံအား ဆက်လက်တည်ဆောက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း။

ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နေပြည်တော်ကောင်စီနယ်မြေတွင် သူနာပြုသင်တန်းကျောင်းတစ်ကျောင်းနှင့် ဘက်စုံသားဖွားသင်တန်းကျောင်းတစ်ကျောင်းအား ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးမြှင့်တင်ဆောင်ရွက်မှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နေပြည်တော်ကျန်းမာရေးဦးစီးဌာနအစီအစဉ်ဖြင့် ကလေးငယ်များအား ကာကွယ်ဆေး တိုက်ကျွေးထိုးနှံခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအပြင် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် ဆေးရုံကြီးသည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုသာမက ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဆေးရုံကြီးတွင် အထူးကုဌာနပေါင်း ၂၂ ဌာနဖြင့် ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်ပြီး အသက်အရွယ်ကြီးရင့်လာသော အငြိမ်းစားဝန်ထမ်းများတွင် အဖြစ်များသည့် နှလုံးရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ၊ လေဖြတ်ရောဂါ၊ အစာအိမ်အူလမ်းကြောင်းရောဂါ၊ ဆီးနှင့်ကျောက်ကပ်ရောဂါများကို ခေတ်မီစက်ကိရိယာများ စုံလင်စွာဖြင့် အထူးကုသပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသခံများနှင့် နီးစပ်ရာမြို့နယ်၊ ခရိုင်ဆေးရုံများမှ လွှဲပြောင်းပေးလာသော လူနာများကို သက်ဆိုင်ရာ အထူးကုဌာနများအလိုက် တတ်စွမ်းသမျှ စေတနာအပြည့်ထား၍ ပြုစုကုသပေးမည်ဖြစ်ပြီး ပြည်သူများအတွက် အားထားစရာ ဆေးရုံကြီးတစ်ရုံဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ဆေးရုံအဆောက်အအုံအတွင်း ဆောင်ရွက်ထားရှိသော အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထူးကုဌာနနှင့် ဆေးဝါးသိုလှောင်ခန်း၊ သွားရောဂါကုသခန်း၊ ကျောက်ကပ်ဆေးကြောသန့်စင်ကုသခန်း၊ အရေးပေါ် ကုသခန်း၊ ပြင်ပလူနာကုသခန်း၊ ကြပ်မတ်ကုသခန်း (HDU)၊ မျက်စိစမ်းသပ်ကုသခန်းတွင် မျက်စိစမ်းသပ်ပေးနေမှုများနှင့် ဓာတ်မှန်ခန်းတွင် Ultrasound စက်ဖြင့် လူနာစမ်းသပ်ကုသနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။**(အပေါ်ဝဲပုံ)**

ယနေ့ဖွင့်လှစ်သည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံသည် မြေဧရိယာ ၅၁ ဧကပေါ်တွင် ၂၂၅ ပေ× ၇၅ ပေ လူနာဆောင် ၁၅ ဆောင်၊ လူနာတည်းခိုဆောင် တစ်ဆောင်၊ ဇရပ်တစ်ဆောင်၊ နှစ်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ၁၀ ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ သုံးလုံးတို့ကို ထည့်သွင်းတည်ဆောက်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေအားအသင့်အတင့်ရှိမည်။

လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၇

လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)သင်တန်းအမှတ်စဉ် (၁/၂၀၁၃) ဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ယခုသင်တန်းမှာ သင်ယူရရှိခဲ့သည့် ပညာရပ်နည်းစနစ်များကို လုပ်ငန်းခွင်မှာ ထိရောက်စွာ အသုံးချပြီး ဌာနရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို အရည်အသွေးကောင်းကောင်းနဲ့ အချိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြပြီး ကိုယ့်ရဲ့ အရည်အချင်း တိုးတက်မှုတွေကို ဖော်ထုတ်ပြသနိုင်အောင် ကြိုးစားသွားကြရန်နှင့် ကျရာအခန်းကဏ္ဍကနေ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး သင်တန်းထူးချွန်သူများနှင့် သင်တန်းသား သင်တန်းသူများအား ထူးချွန်ဆုများနှင့် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○တရားဥပဒေစိုးမိုးရေးမှ

တရားရေးဝန်ထမ်းအငြိမ်းစားများနှင့် တက်ရောက်လာကြသူများက တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုဆွေးနွေးပွဲသည် တရားဥပဒေစိုးမိုးရေးအတွက် တရားစီရင်ရေး၊ တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲရေးတို့အတွက် ဥပဒေပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ထိုနည်းတူ တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတပြီး အများပြည်သူလိုက်နာနိုင်မည့် ဥပဒေများဖြစ်ရန် လွှတ်တော်၌တာဝန်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး မည်သည့်ဥပဒေများကို ပယ်ဖျက်၊ မည်သည့်ဥပဒေများကိုပြင်ဆင်၊ မည်သည့်ဥပဒေများကို အသစ်ရေးဆွဲသွားမည်ကို လွှတ်တော်၌ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးဆိုရာတွင် တရားမျှတသည့်ဥပဒေများ ပေါ်ပေါက်လာရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်မည့် ဥပဒေများ ပေါ်ပေါက်လာရေးတို့ပင်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ ဆွေးနွေးချက်များကို သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်သွားရမည့်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြံပေးချက်များကိုလည်း လက်ခံပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် နိဂုံးချုပ် ပြောကြားပြီး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်အား ယနေ့နံနက် ၁၀ နာရီက ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနသည် တစ်မျိုးသားလုံးအတွက် အရေးကြီးသော သမိုင်းအထောက်အထားများ၊ မှတ်တမ်းမော်ကွန်းများဖြစ်သဖြင့် မပျောက်မပျက်အောင် ရေရှည်ထိန်းသိမ်းထားပြီး သုတေသီများ မှီငြမ်းကိုးကားနိုင်ရန် ဆောင်ရွက်ပေးသောဌာနဖြစ်၍ စာရွက်စာတမ်း၊ စာအုပ်များ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အဓိကထား ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ CCTV ကင်မရာများ၊Fire Alarm Systems များ တပ်ဆင်ထားရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးအောင် ဆောက်လုပ်ရေး၊ စံချိန်စံညွှန်း ပြည့်မီရေး၊ အာဆီယံနိုင်ငံများရှိ မော်ကွန်းတိုက်များနှင့် တန်းတူရှိရေးတို့အတွက် ဘက်စုံထောင့်စုံမှ ဆောင်ရွက်သွားကြရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ကျောဖုံးမှ

နိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံသို့ ဇာတ်ကားများကို DVD သို့မဟုတ် VCD Format ဖြင့် စက်တင်ဘာ ၁၈ ရက်ထက် နောက်မကျစေဘဲ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စည်းကမ်းများကို www.royalbiffest.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **အိုးဝေခင်မောင်ကွန့်**

●ရန်ကုန်-ကျိုက်ထိုမှ

ယင်းရထားသည် စက်တင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ကျိုက်ထိုဘူတာမှ ရန်ကုန်ဘူတာသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး အပတ်စဉ် စနေနေ့တိုင်း နံနက် ၆ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မှကျိုက်ထိုသို့လည်းကောင်း၊ တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီတွင် ကျိုက်ထိုမှ ရန်ကုန်သို့ခရီးသည်များအား ပို့ဆောင်ပြေးဆွဲမည်ဖြစ်၍ ကြားဘူတာအဖြစ် ပဲခူး၊ ဝေါ၊ သိမ်ဇရပ်များ၌သာ ခရီးသည်အတင်၊ အချ ပြုလုပ်သွားမည်ဖြစ်သည်။ ရထားစီးခမှာ ခရီးသည်တစ်ဦးလျှင် ကျိုက်ထိုမှ သိမ်ဇရပ်သို့ ကျပ် ၈၀၀၊ နိုင်ငံခြားသားများအတွက် အမေရိကန်ဒေါ်လာ သုံးဒေါ်လာ၊ ကျိုက်ထိုမှ ဝေါသို့ ကျပ် ၁၃၀၀၊ နိုင်ငံခြားသားများအတွက် အမေရိကန်ဒေါ်လာ လေးဒေါ်လာ၊ ကျိုက်ထိုမှ ပဲခူးသို့ ကျပ် ၁၉၀၀၊ နိုင်ငံခြားသားများအတွက် အမေရိကန်ဒေါ်လာ ခြောက်ဒေါ်လာ၊ ကျိုက်ထိုမှ ရန်ကုန်သို့ ကျပ် ၃၅၀၀၊ နိုင်ငံခြားသားများအတွက် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာနှင့် အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း ကျိုက်ထို-ရန်ကုန် ခရီးစဉ်အား ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်(ဓာတ်ပုံ-၂)**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၇

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်သည် စက်တင်ဘာ ၄ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး ပညာရည်မြင့်မားရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး၊ အခြေခံပညာအထက်တန်းအောင်ချက် မြင့်မားရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျောင်းတွင် ပဥ္စမတန်းမှ ဒသမတန်းအထိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံဒေသမှ တိုင်းရင်းသားလူငယ်အမျိုးသား ၁၂၀၊ အမျိုးသမီး ၅၈ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစီအစဉ်ဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အထိ တိုင်းရင်းသားလူငယ် ကျောင်းသား ၁၈၆၆၄ ဦးနှင့် ကျောင်းသူ ၄၆၁၇ ဦး စုစုပေါင်း ၂၃၂၈၁ ဦးတို့အား ပညာသင်ကြားပေးပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်သည် ကျိုင်းတုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး သင်တန်းသူများအား အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားနိုင်ရေးအတွက် သင်တန်းကျောင်းရှိ ဝန်ထမ်းများနှင့် သင်တန်းသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျောင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသမှ တိုင်းရင်းသူ စုစုပေါင်း ၇၃ ဦး တက်ရောက်ပညာ သင်ကြားလျက်ရှိပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၆ ကျောင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပထမအကြိမ်သင်တန်းအထိ သက်ဆိုင်ရာ ဘာသာရပ်အလိုက် စုစုပေါင်း သင်တန်းသူ ၄၉၉၈၄ ဦးတို့ကို သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အင်းစိန်လမ်းမကြီးပေါ်၌ စက်တင်ဘာ ၇ ရက် နံနက် ၀၀း၃၀ နာရီခန့်တွင် ရန်ကုန်ဘက်မှ အင်းစိန်ဘက်သို့မောင်းနှင်လာသော မော်တော်ဆိုင်ကယ်သည် လှိုင်မြို့နယ် ရန်ကုန်ယူနိုက်တက်ဘောလုံးကွင်း၏ အရှေ့ဘက်တွင်ရပ်ထားသော အမှိုက်သိမ်းယာဉ်အား ဝင်တိုက်မှု ဖြစ်ပွားစဉ်။ (အဆိုပါဖြစ်စဉ်တွင် ဆိုင်ကယ်ပေါ်မှ ပါလာသော ဆိုင်ကယ်မောင်းသူနှင့် နောက်လူ နှစ်ဦးလုံးပြင်းထန်စွာ ဒဏ်ရာရရှိသွားပြီး ဒဏ်ရာရရှိသူ နှစ်ဦးအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်သွားကြောင်း သိရသည်။) ရန်နိုင်ဝင်း(လှိုင်)

❐ မျိုးဆက်သစ်မှ

ကြုံတွေ့နေရပြီဖြစ်သည်။ သို့ဖြစ်၍ ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ဖော်ထုတ်ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရာ ယခုပွဲလည်း အပါအဝင်ဖြစ်သည်။ ယခုပွဲတွင် ဇူလိုင်လက တွံတေးမြို့ အောင်ဆန်း သူရိယခန်းမ၌ ကျင်းပခဲ့သော မျိုးဆက်သစ်ဖော်ထုတ်ပွဲမှ တောက်မည့်မီးခဲလေးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ရွက်ပုန်းသီးမျိုးဆက်သစ်များ ပါဝင်မည်ဖြစ်ပြီး ကလပ်အသီးသီးမှ ပွဲမျှော်လေ့ကျင့်နေကြသည့် လူသစ်တန်း ရိုးရာလက်ဝှေ့သမားများအပြင် ပရိသတ်အကြိုက်တွဲဆိုင်းများလည်း ထည့်သွင်းစီစဉ်ထားသည်။

မျိုးဆက်သစ်ပွဲများကို မွန်းလွဲ ၁ နာရီမှစတင်ကျင်းပပြီး ရှမ်းလေး(ဝါဆို)နှင့် မောင်ကောင်း (T & T)၊ ဂျီသရီး(ရွှေဖူး)နှင့် စောသဲမင်း (မြောင်းမြ)၊ ရဲမြတ်အောင်(ဝါဆို)နှင့် စောသဲဦး (T&T)၊ လှစ်လှစ်လေး (အဖြူရောင်သွေးသစ်)နှင့် မြားထက်အောင် (မြားထက်ကျော်)၊ စောအယ်လေး(T&T)နှင့် သိန်းညီညီ(အလင်းရောင်)၊ ရန်တိုင်းကျော်(ဝါဆို)နှင့် ဖိုးလပြည့်(ရွှေဖူး)၊ လေးညီ့ရှင် (သတ္တိ)နှင့် ရဲရင့်(နဂါးမာန်)၊ ဒေါင်းညိုလေး(Top One)နှင့် ဝဏ္ဏ(အဖြူရောင်သွေးသစ်)တို့ တွဲဆိုင်းများ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ဝါရင့်လက်ဝှေ့သမားများဖြစ်သော ဒေါင်းညိုလေးနှင့် ဝဏ္ဏတို့ တွဲဆိုင်းကို မျိုးဆက်သစ်များ ပညာယူစေရန် သုံးချီ အထူးပွဲအဖြစ် ထည့်သွင်းစီစဉ်ထားခြင်းဖြစ်ပြီး နဂါးမာန်ကလပ်မှ နာမည်ကျော်တွေ့မရှောင် အနားယူသွားသည့်နောက် အားကိုးရမည့် မျိုးဆက်သစ် ရဲရင့်ကို လေးညီ့ရှင်နှင့် ယှဉ်ပြိုင်ထိုးသတ် မှတ်ကျောက်တင်မည့်ပွဲက ငါးချီအဓိက စိန်ခေါ်ပွဲကြီးဖြစ်သည်။ ကျန်ပွဲများကလည်း ပွင့်လင်းရာသီတွင် ပွဲခွင်ရရှိရေးအတွက် ပရိသတ်ရှေ့မှောက်၌ မှတ်ကျောက်တင်ကြမည်ဖြစ်ရာ သုံးလနီးပါးရိုးရာလက်ဝှေ့ပွဲများနှင့် ဝေးကွာနေရသည့် ပရိသတ်အကြိုက်တွေ့စေမည်ဖြစ်သည်။ ငွေကြေးအကျိုးအမြတ်ထက် ရိုးရာလက်ဝှေ့အနာဂတ်အတွက် မျိုးဆက်သစ် ဖော်ထုတ်ရေးကိုသာ ရည်ရွယ်ကျင်းပခြင်းဖြစ်၍ ရုံဝင်ကြေးကို ကျပ် ၃၀၀၀၊ ၄၀၀၀ နှင့် ၅၀၀၀ သာ သတ်မှတ်ထားသည်။

ခရီးသည်ထံမှ ဓားမြှောင်တွေ့ရှိသဖြင့် အရေးယူ

သန်လျင် စက်တင်ဘာ ၇

စက်တင်ဘာ ၅ ရက် ညနေပိုင်းက သန်လျင်-ရန်ကုန် အမှတ်(၁) တံတားအနီးတွင် သန်လျင်ဘက်သို့ မောင်းနှင်လာသည့် အငှားယာဉ်တစ်စီးတွင် ခရီးသည်ထံမှဓားမြှောင်တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက် ည ၁၁ နာရီတွင် သန်လျင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သန်လျင်မြို့နယ် သန်လျင်-ရန်ကုန် အမှတ်(၁)တံတားအနီးတွင် ယာဉ်စစ်ပိတ်ဆို့တာဝန်ဆောင်ရွက်နေစဉ် ရန်ကုန်မှ သန်လျင်ဘက်သို့ မောင်းနှင်လာသည့် အငှားယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးစဉ် ယာဉ်ပေါ်တွင် ပါလာသည့်ခရီးသည် ကျော်သက်ဇင် အေးသာယာရပ်ကွက် သန်လျင်မြို့နယ်နေသူမှာ ကားတံခါးဖွင့်၍ဆင်းလာသဖြင့် ၎င်းအားရှာဖွေရာ လက်တွင်ကိုင်ဆောင်ထားသည့် အရိုးအသွားခြောက်လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် သန်လျင်မြို့မရဲစခန်းက (ပ)၈၂၈/၂၀၁၃၊လက်နက်ဥပဒေပုဒ်မ ၁၉(င)ဖြင့် အရေးယူထားကြောင်း သိရသည်။

(၀၄၀)

မူးယစ်ရမ်းကားသူအား ဝါးတုတ်ဖြင့်ရိုက်၍ တစ်ဦးသေ

တောင်ကြီး စက်တင်ဘာ ၇

တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့အုပ်စု ဘုရားငါးဆူကျေးရွာ၌ စက်တင်ဘာ ၅ ရက်ည ၈ နာရီတွင် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဘုရားငါးဆူကျေးရွာနေ ဦးအောင်(ခ) တအောင်(၄၁)နှစ်သည် အရက်သောက်စားမူးယစ်ပြီး နေအိမ်သို့ပြန်လာစဉ် တစ်ရွာတည်းနေ အိုက်ထွန်း(ခ)ဆာထွန်း(၂၇)နှစ်နှင့် ခိုက်ရန်ဖြစ်ပွားပြီး အိုက်ထွန်း (ခ) ဆာထွန်းမှ အရှည် သုံးပေ ကိုးလက်မရှိ ဝါးတုတ်ဖြင့် ရိုက်ရာ ဦးအောင်(ခ) တအောင်မှာ ဦးခေါင်းဝဲဘက်နောက်စေ့ ဖူးရောင်ဒဏ်ရာရရှိပြီး သေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အိုက်ထွန်း (ခ) ဆာထွန်းအား ရွှေညောင်နယ်မြေရဲစခန်းက(ပ) ၇၀/၂၀၁၃၊ ပြစ်မှုပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

စိုင်းတင်ဦး(ရှမ်း/တောင်)

ရန်ကုန်-မန္တလေးအမြန်လမ်း ယာဉ်မတော်တဆမှုများ

စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၀၁/၆-၇)ကြားတွင် ရန်ကုန်မှ နေပြည်တော်သို့ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ မျိုးမင်းဌေး (၂၂)နှစ် မောင်းနှင်လာသည့် ၉င/---- ကာရီးနားအဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအား ကာရံထားသော ကပ်တိုးများကိုတိုက်မိပြီး လမ်းလယ်ကျွန်းပေါ်ရောက်သွားသည်ကို တွေ့ရစဉ်။

စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၇၃/၆-၇)ကြားတွင် မန္တလေးမှ ရန်ကုန်သို့ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် (၄၂)လမ်း (၈၀×၈၁)ကြားနေ ညဏ်လင်းအောင်(၂၅)နှစ် မောင်းနှင်လာသည့် ၇ဃ/. . . . ပါဂျဲရိုးအနက်ရောင်ယာဉ်သည် ဝဲဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် မြေသားလမ်းမှတစ်ဆင့် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားစဉ်။

စက်တင်ဘာ ၃ ရက် နံနက် ၅ နာရီခန့်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၇၆/၀-၁)ကြားတွင် ရန်ကုန်မှ နေပြည်တော်သို့ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ မျိုးနိုင်ဦး(၂၉) နှစ် မောင်းနှင်လာသည့် ၉ဃ/---- ပရိုဘောက်မီးခိုးရောင်ယာဉ်သည် ယာဘက်ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး၌ကာရံထားသော ဘယ်ရီယာတုံးများအား ဝင်ရောက်တိုက်မိမှုဖြစ်ပွားစဉ်။



စက်တင်ဘာ ၄ ရက် ည ၈ နာရီခန့်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၂၉/၄)အနီးတွင် မန္တလေးမှနေပြည်တော်သို့ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်(၈)ရပ်ကွက်နေ အောင်မျိုးဇော်(၃၉)နှစ် မောင်းနှင်လာသည့် ၉ဂ/----ပါဂျဲရိုးအဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းဘယ်ရီယာတုံးများအား ဝင်ရောက်တိုက်မိပြီး လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိရပ်တန့်မှုဖြစ်ပွားစဉ်။

သီချင်းနားထောင်ခြင်းသည် နှလုံးရောဂါဝေဒနာရှင်များအား အကျိုးပြုနိုင်ဖွယ်ရှိ

မာမာစိုး

နှလုံးရောဂါ ဝေဒနာရှင်များအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သော သီချင်းများကို နားထောင်ပေးခြင်းဖြင့် အကျိုးများနိုင်ဖွယ်ရှိကြောင်း အမ်စတာဒမ်၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် ဥရောပလူ့အဖွဲ့အစည်းဆိုင်ရာ နှလုံးရောဂါဗေဒ ညီလာခံတွင် အဆိုတင်သွင်းခဲ့သည့် လေ့လာချက်အသစ်တစ်ရပ်အရ သိရသည်။

အဆိုပါ လေ့လာမှုတွင် နှလုံးရောဂါဝေဒနာရှင် ၇၄ ဦးအား အဖွဲ့သုံးဖွဲ့ခွဲ၍ လေ့လာခဲ့သည်။ သုံးပတ်အတွင်း ပထမအဖွဲ့အား ကိုယ်လက်လှုပ်ရှားမှုများ လေ့ကျင့်သင်ကြားပေးပြီး ဒုတိယအဖွဲ့အား သီချင်းနားထောင်ခြင်းများကို ပြုလုပ်နေစဉ် တတိယအဖွဲ့ကို ၎င်းတို့ကြိုက်နှစ်သက်ရာ သီချင်းများ နားထောင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုများ လေ့ကျင့်သင်ကြားပေးခဲ့ကြသည်။

တတိယအဖွဲ့မှ ဝေဒနာရှင်တို့သည် လေ့ကျင့်ခန်းလုပ်နိုင်စွမ်း ၃၉ ရာခိုင်နှုန်းတိုးလာပြီး နှလုံးလည်ပတ်မှုသည် သိသာထင်ရှားစွာ ကောင်းမွန်လာခဲ့သည်ကို တွေ့ရှိခဲ့ကြသည်။

ထို့အပြင် ပထမအဖွဲ့ဝင်တို့သည် လေ့ကျင့်ခန်းလုပ်နိုင်စွမ်း ၂၉ ရာခိုင်နှုန်းတိုးတက်မှုရှိကြောင်း ပြသနိုင်ခဲ့ပြီး သီချင်းတစ်မျိုးတည်းကိုသာ နားထောင်သော သူတို့၏ လေ့ကျင့်ခန်း လုပ်နိုင်စွမ်းသည် ၁၉ ရာခိုင်နှုန်းသာ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရသည်။

ကျွန်ုပ်တို့ ကြိုက်နှစ်သက်သော သီချင်းများကို နားထောင်နေချိန်တွင် ဦးနှောက်မှ “endorphins” ဓာတ်ပေါင်းကို ထုတ်လွှတ်သည်။ ယင်းဓာတ်ပေါင်းသည် နှလုံးသွေးပြန်ကြောများကို ပိုမိုတိုးတက်ကောင်းမွန်လာစေသည်ဟု ဆိုသည်။

သတိပေးနှိုးဆော်ချက်

၁။ ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းတွင် ကွန်ကရစ် Box Girder တပ်ဆင်ခြင်းလုပ်ငန်းအား ၇-၉-၂၀၁၃ ရက်နေ့မှ ၁၆-၉-၂၀၁၃ ရက်နေ့အထိ ညစဉ် ၁၀ နာရီမှ နံနက် ၆ နာရီအတွင်း ဆောင်ရွက်ရန် စီမံထားပါသည်။ ထိုသို့ လုပ်ငန်းဆောင်ရွက်ချိန် ညပိုင်းကာလအတွင်း ဘုရင့်နောင်လမ်းဆုံအား ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်များသည် အောက်ဖော်ပြပါလမ်းများအတိုင်း သွားလာကြရမည်ဖြစ်ပါသည်-

(က) ရန်ကုန်မှ အင်းစိန်ဘက်သို့ သွားလာကြမည့် ယာဉ်များအားလုံးသည် ဘုရင့်နောင်လမ်း-ပါရမီလမ်း-ဗဟိုလမ်း-ဆေးဝါးစက်ရုံလမ်း(ကြို့ကုန်း)-ဘုရင့်နောင်လမ်းမှ အင်းစိန်သို့ သွားရန်နှင့် ၎င်းလမ်းကြောင်းအား အသွား/အပြန် အသုံးပြုရန်။

(ခ) ရန်ကုန်မှ လှိုင်သာယာသို့သွားမည့် ယာဉ်များသည် သီရိမွန်အိမ်ရာအတွင်းလမ်း-ဘုရင့်နောင် Under Pass -ဘုရင့်နောင်ပွဲရုံပတ်လမ်း-အင်ကြင်းလမ်းမှ ဘုရင့်နောင် တံတားသို့ သွားရန်။

(ဂ) လှိုင်သာယာမှ ရန်ကုန်သို့သွားမည့် ယာဉ်များသည် ဘုရင့်နောင်တံတား-သီရိမွန်အိမ်ရာပတ်လမ်းမှ တစ်ဆင့် ဘုရင့်နောင်လမ်းသို့သွားရန်။

(ဃ) လှိုင်သာယာမှ သမိုင်းလမ်းဆုံဘက်သို့သွားမည့် ယာဉ်များသည် ဘုရင့်နောင်တံတား-သီရိမွန်အိမ်ရာအတွင်းလမ်း-ဘုရင့်နောင်လမ်း-ပါရမီလမ်း-အင်းစိန်လမ်းမှတစ်ဆင့် သမိုင်းလမ်းဆုံသို့သွားရန်နှင့် ၎င်းလမ်းကြောင်းအား အသွား/အပြန် အသုံးပြုရန်။

(င) အင်းစိန်မှ လှိုင်သာယာသို့သွားမည့် ယာဉ်များသည် လမ်းပိတ်မည့်အချိန်တွင် အောင်ဇေယျမြစ်ကူးတံတားမှတစ်ဆင့် လှိုင်သာယာသို့ သွားရန်။

၂။ သို့ဖြစ်ပါ၍ မော်တော်ယာဉ်များအနေဖြင့် အထက်ဖော်ပြပါလမ်းများအတိုင်း ဖြတ်သန်းမောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မူးလျှင် မမောင်းနှင့်
မောင်းလျှင် မမူးနှင့်

ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး ၉ ရက် ၉ လတွင် လူအားလုံး ဆေးတိုက်ကျွေး

ရန်ကုန် စက်တင်ဘာ ၇

ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်အရ လူအားလုံး ဒီအီးစီ (Diethylcarbamazine Citrate)နှင့် အယ်လ်ဘန်ဒါဇိုး(Albendazole) ဆေးနှစ်မျိုး တိုက်ကျွေးခြင်းလုပ်ငန်းကို မြန်မာတစ်နိုင်ငံလုံးရှိ ဆင်ခြေထောက်ရောဂါအမြစ်တွယ်လွှမ်းခြုံလျက်ရှိသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ ၂၀၄ မြို့နယ်အား စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ လူအားလုံးကို သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ဦးဆောင်မှု၊ကျန်းမာရေးကော်မတီများ၏ ကြီးကြပ်မှု၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ဆေးတိုက်ကျွေးမည်ဖြစ်သည်။

ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျင်းပခဲ့သော အကြိမ်(၅၀)မြောက် မျက်နှာစုံညီအစည်းအဝေး ဆုံးဖြတ်ချက်အမှတ် (၂၉) အရ အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိသော နိုင်ငံပေါင်း ၈၀ ကျော်ရှိပြီး ကမ္ဘာ့လူဦးရေ သန်း ၁၂၀ ကျော်သည် ရောဂါကူးစက်ခံရနိုင်သော နေရာဒေသများတွင် နေထိုင်ကြကြောင်း၊ လူဦးရေ သန်း ၄၀ ကျော်သည် ရောဂါလက္ခဏာတစ်ခုခုခံစားနေရပြီးလူဦးရေသန်း ၇၀ ကျော်မှာ ရောဂါလက္ခဏာမပြဘဲ ရောဂါငုပ်နေကြောင်း၊ အရှေ့အာရှနိုင်ငံရှိ မြန်မာနိုင်ငံ အပါအဝင်ကိုးနိုင်ငံမှာ ဆင်ခြေထောက်ရောဂါအမြစ်တွယ်ကပ်မှုတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၂၀၀ ကျော် ရောဂါအမြစ်တွယ်ကူးစက်ပျံ့နှံ့မှုရှိကြောင်း သိရသည်။

အဆိုပါ ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်နှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ဆရာဝန်ကြီး ဒေါက်တာဖြိုးဖြိုးကျော်အား စာရေးသူ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးမှု အကြိမ်အရေအတွက်ကိုသိပါရစေ။

ဖြေ။ ။ယခုဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးမယ့် ဆေးနှစ်မျိုးကတော့ ဒီအီးစီနဲ့ အယ်လ်ဘန်ဒါဇိုးတို့ဖြစ်ပါတယ်။ ဆေးတိုက်ကျွေးမှုနဲ့ပတ်သက်ပြီး နေပြည်တော်မှာ (၅) ကြိမ်မြောက်၊စစ်ကိုင်းတိုင်းဒေသကြီးမှာ (၉)ကြိမ်မြောက်၊ မကွေးတိုင်းဒေသကြီးမှာ (၁၀)ကြိမ်မြောက်၊ မန္တလေးတိုင်းဒေသကြီးမှာ (၅)ကြိမ်မြောက် ၊ ချင်းပြည်နယ်မှာ (၇)ကြိမ်မြောက်၊ ကရင်ပြည်နယ်မှာ ပထမအကြိမ်၊ ပဲခူးတိုင်းဒေသကြီးမှာ ပထမအကြိမ်၊

တိုက်ကျွေးမည့် ဒီအီးစီနှင့် အယ်လ်ဘန်ဒါဇိုး။

မွန်ပြည်နယ်မှာ ပထမအကြိမ်၊ တနင်္သာရီတိုင်းဒေသကြီးမှာ ပထမအကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးမှာ ပထမအကြိမ်နဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ ယခုနှစ်မှစပြီး ပထမအကြိမ်တိုက်ကျွေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆင်ခြေထောက်ရောဂါ အမြစ်တွယ်လွှမ်းခြုံနေတဲ့ လူဦးရေစုစုပေါင်းကတော့ ၃၅ ဒသမ ၅ သန်းခန့်ရှိပါတယ်။

မေး။ ။ဆင်ခြေထောက်ရောဂါလက္ခဏာ ဘယ်လိုပြလဲ ဆရာမ။

ဖြေ။ ။ရောဂါလက္ခဏာအနေနဲ့ကတော့ ချမ်းတုံဖျားခြင်း၊ ယားယံပြီး အင်ပျဉ်ထွက်ခြင်း၊ အကျိတ်များရောင်ခြင်း၊ ဝှေးစေ့များရောင်၍ နာခြင်း၊ အောင့်ခြင်း၊ ခြေလက်တစ်ဖက်တည်း(သို့) နှစ်ဖက် နီ၊ ရဲ ပူလောင်၊ ရောင်ရမ်းပြီး နာကျင်ခြင်း၊ အောင့်ခြင်း၊ ကပ်ပယ်အိတ်(မုတ္တ)ကြီးခြင်း၊ ဆန်ဆေးရည်ကဲ့သို့ အဖြူရောင် ဆီးပျစ်ပျစ်သွားခြင်း၊ ဆီးထဲမှာ သွေးပါခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့ ချောင်းဆိုးရင်ကျပ်ခြင်းတို့ဖြစ်ပါတယ်။

အရေး၊ အမေး-အေးကို(သတင်းစဉ်)

ဒေါက်တာဖြိုးဖြိုးကျော်
ကူးစက်ဆရာဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီး
ကျန်းမာရေးဦးစီးဌာန

မေး။ ။ဆင်ခြေထောက်ရောဂါပိုးအကြောင်းရှင်းပြပေးပါ။

ဖြေ။ ။ဆင်ခြေထောက်ရောဂါပိုးကတော့ သန်ကောင်အမျိုးအစား ကပ်ပါးပိုးတစ်မျိုးပါ။ ဒီရောဂါက ခြင်းကိုက်ခြင်းကြောင့်ဖြစ်တာပါ။ ရောဂါပိုး သယ်ဆောင်လာတဲ့ ခြင်အမျိုးအစားကတော့ ကျူးလက်(စ်)လို့ခေါ်တဲ့ ခြင်ကြောင့် ဖြစ်ပါတယ်၊ ဒီခြင်က ရေပုပ်ရေသိုးမြောင်းများနဲ့ မလုံခြုံတဲ့ အိမ်သာကျင်းတွေမှာ ပေါက်ပွားလေ့ရှိပါတယ်။

မေး။ ။ဆေးတိုက်ကျွေးပုံအဆင့်ဆင့်ကိုရှင်းပြပေးပါ။

ဖြေ။ ။ဆေးကတော့ ဒီအီးစီ (၂၀၀ မီလီဂရမ်) နဲ့ အယ်လ်ဘန်ဒါဇိုး ဆေးနှစ်မျိုးကို အသက်အရွယ်အလိုက် (၂)နှစ်မှ (၅)နှစ်အထိ ဒီအီးစီတစ်ခြမ်း၊ အယ်လ်ဘန်ဒါဇိုးတစ်လုံး၊ (၆)နှစ်မှ (၁၄)နှစ်အထိ ဒီအီးစီတစ်ပြား၊ အယ်လ်ဘန်ဒါဇိုး တစ်လုံး၊ (၁၄)နှစ်အထက်ကို ဒီအီးစီ တစ်ပြား တစ်ခြမ်းနဲ့ အယ်လ်ဘန်ဒါဇိုး တစ်လုံးတိုက်ကျွေးပါတယ်။ ဆေးတိုက်အဖွဲ့ရှေ့မှာ ဆေးသောက်ရမှာဖြစ်ပါတယ်။ အသက်(၂)နှစ်အောက် ကလေး၊ ကိုယ်ဝန်ဆောင်နဲ့ ရောဂါတစ်ခုခုကြောင့် အိပ်ရာထဲ လဲနေသူတွေကို မတိုက်ပါဘူး။ အထူးသဖြင့် နို့တိုက်မိခင်တွေကို ဆေးတိုက်ကျွေးမယ်ဆိုရင် ဆေးတိုက်အဖွဲ့က မတိုက်ကျွေးဘဲ ဆရာဝန်နဲ့ တိုင်ပင်ပြီး တိုက်ကျွေးရပါမယ်။

မေး။ ။ဒီဆေးသောက်ခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်ပါသလဲ။

ဖြေ။ ။ဒီဆေးနှစ်မျိုးသောက်ခြင်းအားဖြင့် ရရှိမယ့်အကျိုးကျေးဇူးကတော့ ဆင်ခြေထောက်ရောဂါပိုးတွေ့သူများ၊ ရောဂါလက္ခဏာမပြဘဲ ငုပ်နေတဲ့သူများအတွက်ရောဂါကုသပြီးရာရောက်ပါတယ်။ ရောဂါပိုးမရှိဘဲ သောက်သူများအတွက်တော့ ဆေးအာနိသင်ကြောင့် ရောဂါကာကွယ်ပြီးသားဖြစ်သလို နောင်သားစဉ်မြေးဆက် ဒီရောဂါကူးစက်မှု မရှိတော့ပါဘူး။

မေး။ ။ကျန်းမာရေးအဖွဲ့တွေအနေနဲ့ ဒီဆေးတိုက်ကျွေးဖို့ ဘယ်လိုကြိုတင်ပြင်ဆင်ဆောင်ရွက်ရပါသလဲ။

ဖြေ။ ။ပထမဆုံးတိုင်းဒေသကြီး၊ ပြည်နယ်များမှာရှိတဲ့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတွေကို သတ်မှတ်ကာလမှာ ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်မှုအနေနဲ့ အသိပညာပေးရှင်းလင်းခြင်း၊ ဆေးတိုက်အဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ သင်တန်းပေးခြင်း၊ ဆေးဝါးနဲ့ ကျန်းမာရေးပစ္စည်းများ ထုတ်ယူခြင်း၊ ဖြန့်ဝေခြင်း၊ ဆေးတိုက်အဖွဲ့ကို တာဝန်ပေးခြင်း၊ လုပ်ငန်းများကြီးကြပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုသတင်းပို့ခြင်း၊ လွှမ်းခြုံမှုများဆန်းစစ်ခြင်းကို ဆောင်ရွက်ရပါတယ်။

ဒါမှလည်း အနာဂတ်မျိုးဆက်သစ်တွေ ဆင်ခြေထောက်ရောဂါကင်းဝေးပြီး အသက်ရှည်ကျန်းမာစွာနဲ့ နေထိုင်နိုင်မှာဖြစ်ပါတယ်။ ။

စောင်းတန်းနှင့်မုခ်ဦးဆောက်လုပ်ရန် ကျပ်သိန်း ၃၀၀ လှူဒါန်း

မန္တလေး စက်တင်ဘာ ၇

မန္တလေးတောင် ရွှေသိမ်တော်ဘုရားအဆင်းစောင်းတန်းနှင့် မုခ်ဦးဆောက်လုပ်ရန် အလှူငွေကျပ် သိန်း ၃၀၀ လှူဒါန်းပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ရွှေသိမ်တော်ဘုရားရင်ပြင်၌ ကျင်းပသည်။

လှူဒါန်းပွဲအခမ်းအနားသို့ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် သက်တော်ရှည်ဝါဆိုဆရာတော် ကြွရောက်တော်မူပြီး တောင်တော်နှင့်ပတ်သက်သော ဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌက လျှောက်ထားတင်ပြသည်။ ဆက်လက်ပြီး ရွှေသိဒ္ဓိရှင်ကျောက်မျက်သတ္တုကုမ္ပဏီပိုင်ရှင်ဦးထွန်းထွန်းလွင်-ဒေါ်နန်းသန်းစိန် မိသားစုက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားပြီး အလှူငွေ ကျပ်သိန်း ၃၀၀ ကိုလှူဒါန်းရာ ဂေါပကအဖွဲ့မှ လက်ခံရယူပြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော်က ရေစက်ချတရားချီးမြှင့်ခဲ့ကြောင်းသိရသည်။**(အေးမြ-မန္တလေး)**

ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲတွင်ပါဝင် ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် တင်းနစ်အသင်း ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၇

၂၀၁၃ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ အာရပ်စော်ဘွားများပြည်ထောင်စု(UAE)ဒူဘိုင်းမြို့၌ ကျင်းပမည့် 2013 Davis Cup By BNP Paribas Asia/Oceania Zone Group (IV) တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်တင်းနစ်အသင်းသည် စက်တင်ဘာ ၇ ရက်က လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် တင်းနစ်အသင်းတွင် မင်းမင်း(အသင်းခေါင်းဆောင်/အားကစား)၊ ဇော်ဇော်လတ်၊ ငယ်နှောင်းနှင့် အောင်ကျော်နိုင်တို့ပါဝင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ အီရတ်၊ ဂျော်ဒန်၊ KYRGHYZSTAN၊ မြန်မာ၊ QATAR၊ ဆော်ဒီအာရေးဗျ၊ စင်ကာပူနှင့် TURKMENISTAN ၁၀ သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်း ၁၀ သင်းကို A-အုပ်စု၊ B-အုပ်စု ခွဲကာ ငါးသင်းစီဖြင့် အုပ်စုတွင်းပတ်လည်ပြိုင်ပွဲများကို စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဆက်လက်၍ အုပ်စုနှစ်စုမှ အနိုင်ရရှိသော နှစ်သင်းနှင့် Runner Up နှစ်သင်းတို့ကို ထပ်မံယှဉ်ပြိုင်စေပြီး အနိုင်ရသောနှစ်သင်းကို ၂၀၁၄ ခုနှစ် Asia/Oceania Zone Group (III) သို့ တိုးမြှင့်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ယခု ပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)က ကမကထပြုကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

မြဝတီရုပ်မြင်သံကြား
အစီအစဉ်အကျဉ်း

၈-၉-၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၂၅	ဓမ္မပူဇာတေး
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၃၅	မြန်မာစာမြန်မာစကား (အပိုင်း-၇)
၄း၂၅	လျှပ်တစ်ပြက်
၄း၃၅	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၂၀	ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၃၅	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချိုမြိန်သောဘဝ” (အပိုင်း-၄၅)





အမည်ဖြည့်စွက်ခြင်း

အမှတ်(၃) မူလတန်းလွန်ကျောင်း ဗဟန်းမြို့နယ် ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်ကျော်(ဘ) ဦးအောင်ကျော်ကျော်၏ အမည်မှန်မှာ မောင်ကောင်းခန့်ကျော်(ခ) Steven ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄- ပိန္နဲကုန်း၊ မြေကွက်အမှတ်- ၂/က၂+၂/က၁+၂/က၇၊ မြေကွက်တည်နေရာအမှတ် (၁၇/က)၊ သီရိလမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (ဒေါ်လှလှမြင့်)အမည်ပေါက်မြေပိုင်မြေ၊ အိမ်ရာမြေရပြီးမြေအား အမည်ပေါက်ဒေါ်လှလှမြင့်[၁၂/အစန(နိုင်)၁၆၁၈၁၉]က (၂၀၁၀)အပိုင်ပေးမြေပုံပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပုဂ္ဂလိက ရှပ်ပြေးနှစ်ထပ်ရေယာဉ်များ သဘော်ခလျှော့ချ

ရန်ကုန် စက်တင်ဘာ ၇

ပုဂ္ဂလိက ရှပ်ပြေးနှစ်ထပ်ရေယာဉ်များ သဘော်ခ ယခင် ကျပ် ၂၅၀၀ နှုန်းမှ ယခုအခါ ကျပ် ၁၅၀၀ နှုန်းသို့ ရေယာဉ်လိုင်းတစ်လိုင်းမှ လေးဆယ်ရာခိုင်နှုန်းလျှော့ချသကဲ့သို့ ပုဂ္ဂလိက လူစီး-ကုန်တင် နှစ်ထပ်ရေယာဉ်များ၊ သုံးထပ်ရေယာဉ်(ပြည်တွင်းရေကြောင်းမှ ပုဂ္ဂလိကသို့ ငှားရမ်းပြေးဆွဲခွင့်ပေးထားသော ရေယာဉ်) များ သဘော်ခသည်လည်း ယခင် ကျပ် ၂၀၀၀ မှ ယခုအခါ ကျပ် ၁၅၀၀ နှုန်းသို့ လျှော့ချပြေးဆွဲလာကြောင်း စက်တင်ဘာ ၇ ရက် နံနက်ပိုင်း ဆိပ်ကမ်းနယ်မြေရှိ မော်ကျွန်းသွား သဘော်နှင့် ပြည်တွင်းရေကြောင်း သဘော်ဆိုက်ကပ်ရာ ဆိပ်ခံဖောတံတားများတွင် ဗီနိုင်းများဖြင့် ချိတ်ဆွဲထားကြောင်း ခရီးသွားများက ဆိုသည်။

လူစီး-ကုန်တင် ပုဂ္ဂလိကနှစ်ထပ်ရေယာဉ်တစ်စီးမှ ခရီးသည်တစ်ဦးလျှင် ကျပ် ၁၀၀၀ ဟု ဖော်ပြထားသော်လည်း ယင်း ကျပ် ၁၀၀၀ ဖြင့် သဘော်အောက်ထပ်တွင်သာ စီးနင်းခွင့်ရပြီး အပေါ်ထပ်မှာ ကျပ် ၁၅၀၀ ဖြစ်ကြောင်း လက်မှတ်ဝယ်သူတစ်ဦးက ဆိုသည်။

ပြည်တွင်းရေကြောင်းသဘော်ခများ နှစ်နှစ်ဝန်းကျင်အတွင်း သုံးကြိမ်ပြောင်းလဲပြီး ယခင် ကျပ် ၅၀၀ မှ ကျပ် ၂၀၀၀ သို့ ပြောင်းလဲပြီးနောက် ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်သည့် ယခုအခါတွင် အခြားပုဂ္ဂလိကရေယာဉ်များကဲ့သို့ ကျပ် ၂၀၀၀ မှ ၁၅၀၀ နှုန်းသို့ လျှော့ချခြင်းမှာ ထူးခြားမှုဖြစ်သည်ဟု မော်ကျွန်းမြို့သားတစ်ဦးက ဆိုသည်။

ရန်ကုန်-မော်ကျွန်းသွား ရေယာဉ်များအားလုံး ရှပ်ပြေးလူစီးသီးသန့်မှ လွဲ၍ သဘော်ခများ ဈေးလျှော့ပြေးဆွဲခြင်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်တို့၏ အားပြိုင်မှုတစ်ရပ်ဖြစ်ပြီး ယခင်ရှိနေကျ အကျိုးအမြတ်ထက် များစွာလျှော့နည်းမှုဖြင့် ပြေးဆွဲခြင်းဖြစ်ကြောင်း သဘော်ခများဈေးကြီးမြင့်လာရခြင်းသည် အပြိုင်အဆိုင်မရှိပြေးဆွဲခြင်း၏ ရလဒ်သာဖြစ်ကြောင်း၊ ရန်ကုန်မှမော်ကျွန်းသို့ သဘော်များဖြင့် ကုန်တင်ကုန်ပို့ရာတွင် ကုန်ပို့ခမှာလည်း ဈေးလျှော့ချမှုများဖြင့် စည်းရုံးမှုရှိသည်ဟု ကုန်ပို့သူတစ်ဦးက ဆိုသည်။

ရန်ကုန်မှ မြစ်ဝကျွန်းပေါ်ဒေသသို့ ပြေးဆွဲသော ရေလမ်းခရီးစဉ်များတွင် ရန်ကုန်-မော်ကျွန်း ခရီးစဉ်သည် သဘော်အရေအတွက် အများဆုံး ပြေးဆွဲနေရပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ အပြိုင်အဆိုင် ဝင်ရောက်လုပ်ကိုင်နေကြကြောင်း၊ ဆန်တင်ပို့မှုများသောလများတွင် သဘော်များ တန်ချိန်အရ အိတ်ရေ ၂၀၀၀ မှ ၇၀၀၀ ထိ တင်ပို့နေရာ ဆန်အိတ်တင်ပို့ခဖြင့် ကုန်ကျစရိတ် ပိုမိုရရှိကြောင်း၊ ရန်ကုန်ဆိပ်ကမ်းတွင် နှစ်ညအိပ်သဖြင့် ကုန်သည်များ ရန်ကုန်တွင် သုံးရက်စောင့်ဆိုင်း၍ သဘော်ပေါ်တွင် ဆန်အိတ်များထားပြီး ရောင်းချနိုင်ခွင့်ရှိသဖြင့် ပုဂ္ဂလိက လူစီးကုန်သဘော်များဖြင့် ဆန်တင်ပို့မှုများသည်ဟု ဆန်သမားတစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

မြန်မာ-ဂျပန်အသင်းဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

မြန်မာ-ဂျပန်အသင်း (Myanmar-Japan Association) ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား ရှည်လျားသည့် သမိုင်းကြောင်းများရှိခဲ့ပြီး ချစ်ကြည်ရင်းနှီးသည့် မိတ်ဆွေရင်းနိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးတည်ထောင်ခဲ့မှုသည်လည်း လာမည့်နှစ်တွင် နှစ်(၆၀) ပြည့်မြောက်တော့မည်ဖြစ်ကာ ဂျပန်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် (၃၆) နှစ်ကာလအတွင်း မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် တရားဝင်အလည်အပတ်ခရီးအဖြစ် ပြီးခဲ့သောမေလက လာရောက်ခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်သည် နှစ်နိုင်ငံဆက်ဆံမှု၏ ထူးခြားသည့်နှစ်ပင်ဖြစ်ကြောင်း၊ ဂျပန်ဝန်ကြီးချုပ်ခရီးစဉ်၌ လိုက်ပါလာသည့် စီးပွားရေးကုမ္ပဏီ ၄၀ ကျော်မှ တာဝန်ရှိသူများသည် UMFCCI ၌ စီးပွားရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း၊ ခရီးစဉ်အပြီးထုတ်ပြန်ခဲ့သည့် နှစ်နိုင်ငံပူးတွဲကြေညာချက်တွင်လည်း နှစ်နိုင်ငံပြည်သူအချင်းချင်း ဆက်ဆံရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကြား တည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ကဏ္ဍအားလုံးတွင် ဆက်လက်တိုးမြှင့်ဆက်ဆံသွားမည်ဟု ဖော်ပြပါရှိခဲ့ကြောင်း၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ကဏ္ဍစုံတိုးမြှင့်ဆက်ဆံရေးတွင် ဝိုင်းဝန်းကူညီအထောက်အကူပြုနိုင်ရန် မြန်မာ - ဂျပန်အသင်း (MJA) အား အစိုးရအဖွဲ့အစည်းမဟုတ်သော အသင်းအဖွဲ့ (NGO) အဖြစ် ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ရာ နှစ်နိုင်ငံပြည်သူအချင်းချင်း ကဏ္ဍစုံဆက်ဆံမှုတွင် များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Mikio NUMATA က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာ-ဂျပန်အသင်း (MJA) နာယကများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလှူရှင်များက အသင်းအတွက် ငွေကျပ် ၉၉၂ သိန်းနှင့် အမေရိကန်ဒေါ်လာ ၅၃၀၀ တို့ကို ပေးအပ်လှူဒါန်းရာ နာယက ဦးဌေးဦးနှင့် မြန်မာ-ဂျပန် အသင်းဥက္ကဋ္ဌ ဦးစောလှမင်းတို့က လက်ခံခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

နည်းပညာ

တို့ထိမျက်နှာပြင်တွေ ဘယ်လိုအလုပ်လုပ်နေသနည်း

ALEZ& TIKILA

ယနေ့ကာလ ကမ္ဘာပေါ်ရှိ လူသားအတော်များများ လက်ထဲတွင် ရှိနေသော အဆင့်မြင့်မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများဖြစ်ကြသည့် Smart Phone, Tablet Computer All in one Computer အစရှိသည့် တို့ထိမျက်နှာပြင် ပါဝင်သောပစ္စည်းများတွင် ထည့်သွင်းထုတ်လုပ်ထားသော အဓိကကျသည့် အစိတ်အပိုင်းတစ်ခု အကြောင်းကို အဘက်ဘက်မှ လေ့လာ၊ မိုငြမ်း၊ စုစည်းပြီး ဖော်ပြလိုက်ရပါသည်။

အဆိုပါ အစိတ်အပိုင်းမှာ တို့ထိမျက်နှာပြင် Touch Screen ခေါ် Touch Surface ပင်ဖြစ်ပါသည်။ အဆင့်မြင့်မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများအတွက် အဓိကကျသော စာရင်းတွင်ပါဝင်နေပြီး အထိအခိုက်၊ အကြမ်းဒဏ်ခံနိုင်ရည်များစွာမရှိချေ။ ထို့ကြောင့် အဆိုပါ အစိတ်အပိုင်းကို အလွှာများအထပ်ထပ်ဖုံးအုပ်ထားပြီး မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများတွင် ထည့်သွင်းတပ်ဆင်ပေးထားပါသည်။ အကောင်းစားအာရုံခံစနစ်ဟု ခေါ်ဆိုနိုင်သော Premium Sensor ကို အထူးဖန်တီးတည်ဆောက်ထားပြီး ယင်းအာရုံခံစနစ်အနည်းအများအပေါ်မူတည်၍ တို့ထိမျက်နှာပြင်သည်လည်း နှေးကွေးခြင်း၊ မြန်ဆန်ခြင်းတို့ ဖြစ်ပေါ်စေပါသည်။

အဆိုပါ အာရုံခံစနစ်သည် လျှပ်စစ်ဓာတ်ကူးမှုအပေါ် အခြေခံထားပြီး လျှပ်စစ်ဓာတ်ကူးစက်နိုင်သော အရာများ ဥပမာလူ၏ အရေပြားအစရှိသည့် လျှပ်စစ်ဓာတ်ကူးနိုင်သည့် အရာများတွင်သာ တို့ထိ၍ အလုပ်လုပ်စေနိုင်ပါသည်။ အကြမ်းစားထိခိုက်မှုများကို အဆိုပါ မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများတွင်ဖြစ်ပေါ်စေပါက ယင်းတို့ထိအာရုံခံစနစ်များတစ်ခုနှင့်တစ်ခု အဆက်အသွယ်ပြတ်တောက်သွားနိုင်သဖြင့် ယင်းကဲ့သို့ ထိခိုက်မိပါက မျက်နှာပြင်အလုပ်လုပ်ကိုင်မှု နှေးကွေးနိုင်ခြင်း၊ တို့ထိစေခိုင်းမှုပြု၍ မရနိုင်တော့ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါ တို့ထိအာရုံခံစနစ်များ တစ်ခုနှင့်တစ်ခုဆက်သွယ်ပေးထားသော ဆက်ကြောင်းလေးများသည် လွန်စွာသေးငယ်သောကြောင့် ထိခိုက်ဒဏ်ကြီးမားမှုကို မခံနိုင်ဘဲ အဆက်အသွယ်ပြတ်တောက်သွားနိုင်သဖြင့် ၎င်းအာရုံခံစနစ်များပါရှိသော တို့ထိမျက်နှာပြင်၏ အပေါ်ဘက်တွင် အကာအကွယ်များကို အလွှာများ အမျိုးမျိုးခြားကာထည့်သွင်းပေးထားပါသည်။

အဆိုပါအဆင့်မြင့်အာရုံခံစနစ်သည် လူ့ခန္ဓာကိုယ်တွင်ပါဝင်သော ထိတွေ့မှုအာရုံခံဆဲလ်များကဲ့သို့ အခြေခံထားပြီး တို့ထိလိုက်သည့်နေရာကို ချက်ချင်းအလုပ်လုပ်စေနိုင်ရန် တစ်ခုနှင့်တစ်ခုဆက်သွယ်မှုပြုလုပ်စေခိုင်း စေပါသည်။ အဆိုပါ စေခိုင်းနိုင်ရန်အတွက် လူ့ခန္ဓာကိုယ်တွင်ပါဝင်သော ဦးနှောက်ကဲ့သို့တို့ထိလိုက်သော နေရာကို လျင်မြန်စွာတုံ့ပြန်စေခိုင်းနိုင်ရန်အတွက် ယင်းအာရုံခံစနစ်ငယ်များစွာ ပါဝင်ပေါင်းစပ်ထားသော တို့ထိမျက်နှာပြင်ကို ဖန်တီးတည်ဆောက်ပေးခြင်းဖြစ်ပါသည်။

ယနေ့ကာလတွင် ကမ္ဘာ့နိုင်ငံအနှံ့အပြားမှ အဆင့်မြင့်မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများကို ထုတ်လုပ်ရောင်းချလျက်ရှိရာ အဆိုပါအာရုံခံစနစ်ထည့်သွင်းပေးထားသော မိုဘိုင်းနှင့်ဆက်စပ်ပစ္စည်းများသည်လည်း တစ်နေ့တခြား နည်းပညာမြင့်မားလာသည်နှင့်အမျှ ထိခိုက်အကြမ်းဒဏ်ခံနိုင်မှုမှာလည်း ပိုမိုတိုးတက်လာပြီဖြစ်ပါသည်။ ဟိုယခင်က တို့ထိမျက်နှာပြင် စတင်ထုတ်လုပ်ချိန်ကမူ အဆိုပါ တို့ထိမျက်နှာပြင်ကို လေ၊ နေ၊ ဖုန်မှုန့်ဒဏ်တို့မှ ကာကွယ်နိုင်စေရန် လုံခြုံစွာထည့်သွင်းထားရခြင်းကိုလည်း သိရှိခဲ့ရပါသည်။ ယနေ့အချိန်တွင် အဆိုပါ တို့ထိမျက်နှာပြင်သုံး အီလက်ထရွန်နစ်ပစ္စည်းများကို အဆင့်မြင့် ဖုန်း၊ သင်ပုန်းကွန်ပျူတာများတွင် သာမက



နေအိမ်သုံးလျှပ်စစ်တံခါးခလုတ်များ၊ မော်တော်ယာဉ်ထိန်းချုပ်ရေးခလုတ်များနှင့် ဒစ်ဂျစ်တယ်လမ်းကြောင်းပြစက် GPS များတွင်ပါ ထည့်သွင်းအသုံးပြုနေနိုင်မှုများကို အလွယ်တကူတွေ့ရှိနိုင်ပါကြောင်း ဗဟုသုတတစ်ရပ်သဖွယ် ဖော်ပြလိုက်ရပါသည်။



Miss Supranational Myanmar 2013 ပြိုင်ပွဲတွင် ဆုလေးဆုဆွတ်ခူးနိုင်ခဲ့သူ ခင်ဝင့်ဝါ ရန်ကုန်လေဆိပ်သို့ (ယနေ့) ပြန်လည်ရောက်ရှိမည်

ဖြိုး စန္ဒာ မြင့်

Miss Supranational Myanmar 2013 ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါ ပြိုင်ပွဲ၏ ဆုလေးဆုကို ဆွတ်ခူးရရှိခဲ့သူ ခင်ဝင့်ဝါသည် စက်တင်ဘာ ၇ ရက် ဘီလာရုစ်စံတော်ချိန် ၂ နာရီခွဲတွင် Minsk မြို့တော်မှ ပြန်လည်ထွက်ခွာလာခဲ့ပြီး စက်တင်ဘာ ၈ ရက်တွင် အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ခင်ဝင့်ဝါသည် Miss Supranational Myanmar 2013 နိုင်ငံတကာအလှမယ်ပြိုင်ပွဲကြီးတွင် ဆန်ခါတင် လက်ရွေးစင် Finalist အယောက် ၂၀ စာရင်းတွင် ပါဝင်နိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးအလှမယ်ဖြစ်လာခဲ့သည့် အပြင် Miss Internet, Most Beautiful Girl in the World, People Choice Award နှင့် Face of Miss Supranational ဆုလေးဆုတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

ဆက်လက်ပြီး ခင်ဝင့်ဝါက ယခုကဲ့သို့ ဆုရရှိခြင်းအတွက် ဝမ်းသာပျော်ရွှင်မိပါကြောင်းနှင့် ယင်းဆုများသည် ပရိသတ်များမှ ပေးသည့်ဆုများဖြစ်ပါကြောင်း၊ ရရှိသည့်ဆုငွေအားလုံးကို ပရဟိတအလှူဒါနများ ပြုလုပ်သွားမည်ဖြစ်ပြီး အနာဂတ်တွင်လည်း Miss Supranational Myanmar Organization နှင့် လက်တွဲပြီး အနုပညာလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်းနှင့် ယင်းလုပ်ငန်းများမှ ရရှိလာသည့် ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကိုလည်း ပရဟိတလုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ၎င်း၏လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြထားသည်။

ပျောက်ဆုံး

ကျွန်မ ဗယ်လင်တိုင်း တင်မောင်အယ်လ်ဖွန်ဆို၏ Passport No. M 678794 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၂၀၀၅၃၂၉၈

အသည်းအစားထိုးကုသမှုအကြောင်းဆွေးနွေးဟောပြောပွဲ

အိန္ဒိယနိုင်ငံ၊ ကိုးလ်ကတ္တားမြို့ရှိ Apollo Gleneagles Hospitals မှ အသည်းအထူးကုဆရာဝန်ကြီး Dr.Mahesh Kumar Goenka သည် အသည်းအစားထိုးကုသမှု (Liver Transplant at Apollo Gleneagles Hospital)နှင့် ပတ်သက်၍ ဆွေးနွေးဟောပြောပွဲ ပြုလုပ်မည် ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့စွဲ	- ၉-၉-၂၀၁၃ရက်(တနင်္လာနေ့)
အချိန်	- မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ
နေရာ	- **Traders Hotel** (ကုန်းဘောင်ခန်းမ)

သီတာအေးမြဝန်ဆောင်မှုကုမ္ပဏီလီမိတက် ဖုန်း-၀၁-၃၉၄၈၈၉၊
ဒေါ်သီတာ(မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး) ဖုန်း-၀၉၅၀၆၅၈၇၁၊
၀၉၄၂၂၄၈၇၉၅၁



တစ်ချက်တည်းကျင်းဝင်

ဦးကျော်ကျော်ဦး သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း မြကန်သာတွင်း၌ ၁-၉-၂၀၁၃ ရက် ၁း၁၂ နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၂)၌ (၁၂၀) ကိုက်အကွာမှ Taylor- made 5 ဘောလုံးကို Callaway 10 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးညီညီထွန်း၊ ဦးအောင်သူရ၊ ဦးဇော်ကိုကိုလတ်၊ ဦးကျားလုံ တို့အတူ ကစားလျက်ရှိပါသည်။

ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့်ကြက်/ငါးမွေးမြူရေး အထူးဇုန်(ညောင်နှစ်ပင်)၊ ဇုန်(၂)စီ ၁၉လမ်း၊ ခြံအမှတ်(၄၉၊ ၅၀၊ ၅၁၊ ၅၄) နှင့် စီ ၁၈ လမ်း၊ ခြံအမှတ် (၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆) ပိုင်ရှင်ဖြစ်သူ ဒေါ်စန္ဒာဝင်း (ဘ) ဦးသိန်းဝင်း [၁၂/လသန(နိုင်)၀၀၆၈၄၅] ကိုင်ဆောင်သူမှ သတ်မှတ်ထားသည့် ဖွံ့ဖြိုးရေးရန်ပုံငွေများ ပေးသွင်းပြီးဖြစ်ပါ၍ လုပ်ငန်းလုပ်ကိုင်ခွင့်ကတ်ပြား လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသည့် သူများ အနေဖြင့် ခိုင်လုံသည့်သက်သေခံစာချုပ်၊ စာရွက်စာတမ်း၊ အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံးသို့ ခိုင်လုံသည့် အထောက်အထားများဖြင့် လုပ်ကိုင်ခွင့်ကတ် လျှောက်ထားသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်စန္ဒာဝင်း
[၁၂/လသန(နိုင်)၀၀၆၈၄၅]
W-66 သီရိမွန်အိမ်ရာ အဆင့်(၁) ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅-ဒီ)၊ မြေကွက်အမှတ်(၃၈-အေ ၁)၊ မြေကွက်တည်နေရာအမှတ်(၈၄ ဂျီ)၊ ဆရာစံလမ်းသွယ်လမ်း၊ ဗဟန်းမြို့နယ် ဦးအောင်ဇံဝေ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက်(အဘိုး)ဦးအောင်ဇံဝေ၊(အဘွား)ဒေါ်စံသာနု၊(ဖခင်)ဦးသာကျော်၊(မိခင်) ဒေါ်မြသိန်းတို့ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၆၄၁/၁၇-၇-၂၀၁၃) ဖြင့် ဦးသိန်းထွန်းအောင်[၁၂/ရကန(နိုင်)၀၅၇၀၆၉]၊ ဒေါ်ခင်ခင်စု[၁၂/ဗဟန(နိုင်)၀၅၁၃၁၆]၊ ဦးစံသိန်း[၁၂/ဗဟန(နိုင်)၀၇၈၀၂၉]၊ ဦးမြင့်သိန်း [၁၂/ဗဟန(နိုင်)၀၉၀၉၀၉]တို့မှ ပိုင်ဆိုင်လာပြီး ဦးသိန်းထွန်းအောင်+၁ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၇၀၈/၃၀-၄-၂၀၁၃)၊ ဦးစံသိန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၁၈၃/၇-၅-၂၀၁၃)၊ ဦးမြင့်သိန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၀၄၅/၄-၇-၂၀၁၃) ရသူ ဒေါ်မြတ်မြတ်ခိုင် [၁၂/ခရန(နိုင်)၀၉၉၆၅၁]မှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲအတွက် မြန်မာအသင်းလူရွေးချယ်

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အပြီးသတ်ကစားသမား ၂၀ကို ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ- ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်- ကူမာဒါ (ဂျပန်)၊ လက်ထောက်နည်းပြ- ဒေါ်သက်သက်ဝင်း၊ ဂိုးနည်းပြ-ဦးကိုကိုအောင်၊ ဂိုးသမား-မေခင်ယမင်း၊ မြဖူးငုံ၊ နောက်တန်း- ဝေဝေအောင်၊ ဇာခြည်ဦး၊ သီတာဦး၊ ရွှေစင်အောင်၊ ဇင်မာဝင်း၊ ဖူးပွင့်ခိုင်၊ ခင်သန်းဝေ၊ မြင့်မြင့်အေး၊ မိုးမိုးဝါ၊ စန်းစန်းမော်၊ အလယ်တန်း-သန်းသန်းထွေး၊ ခင်မိုးဝေ၊ နီလာမြင့်၊ နန်းကြေးငုံ၊ ရှေ့တန်း-ခင်မာလာထွန်း၊ ရီရီဦး၊ မာဂရက်မေရီနှင့် နော်အားလိုဝါးဖောတို့ ပါဝင်ကြသည်။ ပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(က)တွင် ဩစတြေးလျ ယူ-၁၉၊ ဗီယက်နမ်၊ ထိုင်း၊ ဂျော်ဒန်၊ မလေးရှား၊ အုပ်စု(ခ)တွင် ဂျပန်ယူ-၂၃၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် လာအိုတို့ပါဝင်ကြသည်။

ပွဲဦးထွက်ပွဲစဉ်အဖြစ် စက်တင်ဘာ ၉ ရက်တွင် ထိုင်းနှင့် လက်ရှိချန်ပီယံ ဗီယက်နမ်၊ မလေးရှားနှင့် ဂျော်ဒန်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာအသင်းမှာ လာအိုအသင်းနှင့် စက်တင်ဘာ ၁၀ ရက်တွင် ကစားရမည်ဖြစ်သည်။

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း။

အင်္ဂလန်လေးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အဝေးကွင်းမှာ စပိန်အောင်ပွဲခံနိုင်ခဲ့သည့် ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲများ

ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဥရောပဇုန်ခြေစစ်ပွဲများကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားရသည့် အင်္ဂလန်အသင်း လေးဂိုးပြတ်ဖြင့် မော်ဒိုဗာအသင်းကို အနိုင်ရရှိခဲ့သည့်အပြင် အဝေးကွင်းသို့ သွားရောက်ကစားရသော စပိန်အသင်းသည်လည်း အောင်ပွဲခံနိုင်ကြောင်း သိရသည်။ ယင်းဥရောပဇုန်ခြေစစ်ပွဲစဉ်များအနက်မှ ပွဲစဉ်အချို့ကို ထုတ်နုတ်တင်ပြပေးလိုက်ရပါသည်။

မက်ဆီဒိုးနီးယား ၂-၁ ဝေလ။ ။မက်ဆီဒိုးနီးယားသည် ယခုပွဲမကစားမီက ခြောက်ပွဲတွင် တစ်ပွဲအနိုင်ဖြင့် အုပ်စု (A)၏ အောက်ဆုံးသို့ ရောက်ရှိနေသော်လည်း ခုနစ်ပွဲမြောက်တွင် ဧည့်သည်ဝေလအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူကာ အုပ်စုစတုတ္ထနေရာသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ဝေလအသင်းမှာ အုပ်စုပဉ္စမနေရာသို့ ဆင်းပေးခဲ့ရသည်။

ဆာဘီးယား ၁-၁ ခရိုအေးရှား။ ။အုပ်စုဒုတိယနေရာမှ ရပ်တည်လျက်ရှိသော ခရိုအေးရှားသည် ကမ္ဘာ့ဖလားပြိုင်ပွဲဆီသို့ လျှောက်လှမ်းနိုင်ရေးနှင့် အုပ်စုဒုတိယနေရာ တည်မြဲစေရန် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော်လည်း အုပ်စုဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ယင်းပွဲစဉ်တွင် ခရိုအေးရှားအသင်း၌ မန်ဇူကစ်၊ မိုဒရစ်၊ အိုလစ်စ်တို့ ပါဝင်ခဲ့သော်လည်း ကစားပုံကြမ်းတမ်းခဲ့မှုများကြောင့် တစ်ဖက်လျှင် ကစားသမားတစ်ဦးစီ ထုတ်ပယ်ခံရကာ သရေပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။

အီတလီ ၁-၀ ဘူလ်ဂေးရီးယား။ ။အုပ်စု (B)၏ ထိပ်ဆုံးနှစ်သင်းတွေ့ဆုံသည့်ပွဲစဉ်ဖြစ်၍ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သော်လည်း ကစားသမားစုဖွဲ့မှုကောင်းသည့် အီတလီကို ဘူလ်ဂေးရီးယားတို့ မကျော်နိုင်ခဲ့ဘဲ ဂီလာဒီနို၏ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိကာ အီတလီအသင်း အုပ်စုကို ၁၇ မှတ်ဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဘူလ်ဂေးရီးယားအသင်းမှာမူ ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုဒုတိယနေရာကို ရရှိထားသည်။

ဂျာမနီ ၃-၀ ဩစတြီးယား။ ။အုပ်စု (C)တွင် ရှုံးပွဲမရှိစံချိန်ဖြင့် အုပ်စုပထမနေရာမှ ဦးဆောင်နေသော ဂျာမနီသည် မူလာ၊ တိုနီခရုစ်၊ ကလိုဆေးတို့၏ သွင်းဂိုးများနှင့်အတူ အလိုင်းရန့်အရီနာတွင် ဩစတြီးယားကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဩစတြီးယားမှာ ဂျာမနီကို ရှုံးနိမ့်ခဲ့၍ အုပ်စုတတိယနေရာသို့ ဆင်းပေးလိုက်ရသည်။

အိုင်ယာလန် ၁-၂ ဆွီဒင်။ ။ရော်ဘီကိန်းနှင့် ရှိန်းလောင်းတို့၏ တိုက်စစ်အတွဲဖြင့် အိမ်ကွင်းတွင် နိုင်ပွဲယူကာ အုပ်စု (C)၏ ဒုတိယနေရာသို့ တက်လှမ်းနိုင်ရေးကြိုးပမ်းခဲ့သော်လည်း အီဘရာဟီမိုဗစ်ချ်နှင့် အီလ်မန်ဒါတို့ကို တိုက်စစ်အတွက် ပွဲထုတ်ထားသည့် ဆွီဒင်အသင်းကို တွန်းလှန်နိုင်ခဲ့ခြင်း မရှိဘဲ အိမ်ကွင်းရှုံးပွဲကြုံခဲ့၍ အိုင်ယာလန်တို့ အုပ်စုစတုတ္ထနေရာသို့ ဆင်းပေးလိုက်ရပြီး ဆွီဒင်မှာမူ အုပ်စုဒုတိယနေရာသို့ ရောက်ရှိလာခဲ့သည်။

အက်စ်တိုးနီးယား ၂-၂ နယ်သာလန်။ ။အုပ်စု(D)ကို ရမှတ် ၁၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသော နယ်သာလန်အသင်းသည် ယခုပွဲတွင် ရော်ဘင်၊ ဗန်ပါစီ၊ ရှနိုက်ဒါ၊ ဒါးကွတ် စသည့်ကစားသမားများကို အဓိကပွဲထွက်ကစားစေခဲ့ပြီး ရော်ဘင်၏ သွင်းဂိုးနှင့် ဗန်ပါစီ၏ ပင်နယ်တီသွင်းဂိုးတို့ဖြင့် သရေပွဲဖြစ်ခဲ့သည်။ ယင်းပွဲစဉ်တွင် နယ်သာလန်အသင်း ပင်နယ်တီမရခဲ့ပါက အဝေးကွင်းတွင် ရှုံးပွဲကြုံနိုင်ပြီး မိနစ် ၉၀ တွင် ရရှိလာသည့် ပင်နယ်တီပြစ်ဒဏ်ကြောင့်သာ အုပ်စုကို ဆက်လက်ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန် ၄-၄ အိုက်စ်လန်။ ။အိမ်ကွင်းယှဉ်ပြိုင်ရသည့် ဆွစ်ဇာလန်အသင်း ပထမပိုင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည့်အပြင် ၅၄ မိနစ်တွင် ရရှိလာသည့် ပင်နယ်တီသွင်းဂိုးပါ ထပ်မံရရှိခဲ့သော်လည်း နောက်ပိုင်းတွင် သုံးဂိုးဆက်တိုက်ပြန်ပေးလိုက်ရပြီး ပွဲပြီးချိန်တွင် တစ်ဖက်လေးဂိုးစီသရေရလဒ် ထွက်ပေါ်ကာ ရမှတ် ၁၅ မှတ်ဖြင့် အုပ်စု(E)ပထမနေရာတွင် ရပ်တည်လျက်ရှိသည်။

ရုရှား ၄-၁ လူဇင်ဘတ်။ ။အုပ်စု(F)တွင် ခုနစ်ပွဲကစားပြီး တစ်ပွဲမျှ နိုင်ပွဲမရသေးသည့် လူဇင်ဘတ်ကို ဧည့်ခံကစားရသည့် ရုရှားအသင်းသည် အုပ်စုပထမနေရာအတွက် ခြေကုန်ထုတ်ကစားခဲ့ရာ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သော်လည်း အုပ်စုဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး လူဇင်ဘတ်မှာမူ အုပ်စုအောက်ဆုံးတွင် ဆက်လက်တည်ရှိနေသည်။

မြောက်အိုင်ယာလန် ၂-၄ ပေါ်တူဂီ။ ။ပေါ်တူဂီအသင်းသည် အဝေးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ပြိုင်ဆိုင်မှုပြင်းထန်လှသည့် ယခုပွဲတွင် အနီကတ်ပြစ်ဒဏ်များကြောင့် မြောက်အိုင်ယာလန်က နှစ်ယောက်လျော့၊ ပေါ်တူဂီက တစ်ယောက်လျော့ဖြင့် ကစားခဲ့ရပြီး ပေါ်တူဂီအသင်းမှာ စီရိုနယ်လ်ဒို၏ ဟက်ထရစ်ဂိုးအပါအဝင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အုပ်စုပထမနေရာကို ဆက်လက်သိမ်းပိုက်ထားသည်။

လီချန်စတိန်း ၀-၁ ဂရိ။ ။အဝေးကွင်းတွင် တစ်ဖက်တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသော်လည်း မီထရိုဂလူး၏ တစ်လုံးတည်းသောဂိုးဖြင့် အိမ်ရှင်အသင်းကို အနိုင်ယူကာ အုပ်စု(G)၏ ဒုတိယနေရာကို ရပ်တည်နိုင်ခဲ့ပြီး လီချိန်စတိန်းမှာမူ ခုနစ်ပွဲကစားပြီးချိန်တွင် နိုင်ပွဲပျောက်ဆုံးနေပြီး အုပ်စုအောက်ဆုံးသို့ ရောက်ရှိနေသည်။

အင်္ဂလန် ၄-၀ မော်ဒိုဗာ။ ။ဝဲလ်ဘက်၊ ဂျာရတ်၊ ဝဲလ်ကော့၊ ရစ်ကီလမ်းဘာ့ စသည့်ကစားသမားများကို အဓိကအားပြုပွဲထွက်ခဲ့သော အင်္ဂလန်သည် အုပ်စုပဉ္စမနေရာမှ မော်ဒိုဗာကို ဝင်ဘလေ၌ ဝဲလ်ဘက်၊ ဂျာရတ်နှင့် လမ်းဘာ့တို့၏ သွင်းဂိုးများဖြင့် လေးဂိုးပြတ်အနိုင်ရရှိကာ ရမှတ်တူဂိုးကွာခြားချက်ဖြင့် အုပ်စု(H)ကို ဦးဆောင်နိုင်ခဲ့သော်လည်း မွန်တီနီဂရိုးမှာမူ ပိုလန်ကို သရေပွဲဖြစ်ခဲ့၍ ဂိုးကွာခြားချက်ကြောင့် အုပ်စုပထမနေရာမှ ဆင်းပေးခဲ့ရသည်။

ဖင်လန် ၀-၂ စပိန်။ ။အုပ်စု(I)တွင် ထိပ်ဆုံးမှ ဦးဆောင်နေသော စပိန်သည် ဖင်လန်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ကစားကာ အုပ်စုကို ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ပြင်သစ်မှာမူ ဂျော်ဂျီယာအိမ်ကွင်းတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့ခြင်းကြောင့် အုပ်စုဒုတိယနေရာတွင် ဆက်ရှိနေသည်။ ဖင်လန်နှင့် ပွဲတွင် စပိန်အတွက် သွင်းဂိုးနှစ်ဂိုးကို ဂျော်ဒီအယ်လ်ဘာနှင့် နီဂရီဒိုတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ငွေကြယ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျောက်ဖြူအထူးစီးပွားရေးဇုန်
တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (Bid Evaluation and Awarding Committee)
အတိုင်ပင်ခံကုမ္ပဏီများမှ "စိတ်ဝင်စားမှုဖော်ပြလွှာများ" (Expression of Interest)
တင်သွင်းရန် ဖိတ်ခေါ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် စီးပွားရေးဆိုင်ရာ အလားအလာများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဲ့သို့ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်အား အကောင်အထည်ဖော်ခြင်းကို အဓိကလုပ်ငန်းစဉ်တစ်ခုအဖြစ် ပါဝင်ထည့်သွင်းထားပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ရန် မဟာဗျူဟာနည်းလမ်းများရေးဆွဲခြင်း၊ ရင်းနှီးတည်ဆောက်သူ(developers)များအား နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူခြင်း၊ ရင်းနှီးတည်ဆောက်သူများကို စိစစ်ရွေးချယ်ရာတွင် ငွေကြေးနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များတွင် ဤကော်မတီအား အကြံပေးခြင်း၊ ရင်းနှီးတည်ဆောက်သူများရွေးချယ်ပြီးနောက် အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်နေစဉ်ကာလအတွင်း အရည်အသွေးစောင့်ကြည့်ထိန်းချုပ်ခြင်း(monitoring and quality control)အစရှိသည့် ဝန်ဆောင်မှုများပေးနိုင်မည့် ပြည်တွင်း၊ ပြည်ပအတိုင်ပင်ခံကုမ္ပဏီများထံမှ "စိတ်ဝင်စားမှုဖော်ပြလွှာ"များအား ဤကော်မတီမှ ဖိတ်ခေါ်ပါသည်။

"စိတ်ဝင်စားမှုဖော်ပြလွှာ"၏ မူရင်းနှင့်မိတ္တူများကို တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီရုံး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၉၊ နေပြည်တော်သို့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ ၁၄း၀၀ နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်။

စိတ်ဝင်စားသော အတိုင်ပင်ခံကုမ္ပဏီများသည် အသေးစိတ်အချက်အလက်များအား ဤကော်မတီရုံးတွင်လည်းကောင်း၊ ဝက်ဘ်ဆိုက် www.kpsez.org မှလည်းကောင်း ရယူနိုင်ပြီး၊ စုံစမ်းမေးမြန်းလိုပါက အီးမေးလ်လိပ်စာ beac@kpsez.org သို့လည်းကောင်း၊ ဖုန်းအမှတ်- ၀၉-၄၃၁၇၁၀၂၄ နှင့် ၀၉-၅၅၀၅၃၅၁ သို့လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြု ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ပစ္စည်းများကို (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမည်	အရေအတွက်
၁။	သံချောင်းရွယ်စုံ	၉. ၅၈ တန်
၂။	မြစ်သဲ	၁၃၁၉ ကျင်း
၃။	မြစ်ကျောက်စရစ်	၁၆၇ ကျင်း
၄။	ဂဝံကျောက်	၇၉၄၀ ကျင်း
၅။	မန္တလေးထုံးဘို (Chipping)	၁၃၀၄ကျင်း
၆။	နှမ်းကျောက် (Chipping)	၄၁၆၀ကျင်း
၇။	ခွဲကျောက်မျိုးစုံ (တောင်ကျောက်)	၁၃၁၉၆ ကျင်း
၈။	ခွဲကျောက်မျိုးစုံ (နှမ်းကျောက်)	၂၄၃၂၄ ကျင်း
၉။	ဘိလပ်မြေ	၂၄၁၄ အိတ်

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၄-၉-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - မွန်းလွဲ ၂း၀၀ နာရီ

(၂) တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြောင်းမြခရိုင်ရုံးတွင် ၉-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၂-၇၀၁၅၃

ကျေးဇူးဆပ်ပါမည်

မောင်ဇော်လင်းစိုး [၁၂/တတန(နိုင်)၀၇၆၈၆၈]ပိုင်ဆိုင်သော ကားအမှတ် (5F-6473) ၏ Import Permit [NO.CISP-IDVY 8 13-14 1957 03.05.13] ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၂၃၇၅၈၊ ၀၉-၄၉၂၉၂၈၅၀

မြိတ်မြို့ နောက်လယ်ရပ် (၆)လမ်းတံတားအောက် ဘုရားကိုင်ချောင်းအတွင်း ဘီအေ (၆၃)မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်တွေ့ရှိ

မြိတ် စက်တင်ဘာ ၇

မြိတ်မြို့ နောက်လယ်ရပ်ကွက် နောက်လယ်(၆)လမ်းတံတားအောက် ဘုရားကိုင်ချောင်းအတွင်း ရေကျနေစဉ် မြိတ်တောင်ရပ်ကွက် မြို့သစ်(၁)ရပ် ရွှေနှင်းဆီလမ်း နေ ဦးဝယ်သား၏သား စိုးနိုင်(၁၆) နှစ်သည် ယနေ့နံနက် ၆ နာရီခွဲတွင် ပလတ်စတစ်အဟောင်းများ လိုက်လံရှာဖွေနေစဉ် ပလတ်စတစ်အိတ်အဟောင်းဖြင့် ပတ်ထားသော အထုပ်တစ်ထုပ်အား တွေ့ရှိကောက်ယူစဉ် ကျည်ဘောက်နှင့် သေနတ်အပိုင်းအစများကို တွေ့ရှိခဲ့ရာ မြိတ်တောင်ရပ်ကွက် ရေနံမြေရပ်ရာအိမ်မှူး ဦးမျိုးဆွေထံ သတင်းပို့ခဲ့သည်။

ယင်းနောက် ရေနံမြေရပ် ရာအိမ်မှူးက နောက်လယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားခဲ့ရာ အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းသိန်းက ဒေသအာဏာပိုင်များထံ ဆက်လက်သတင်းပို့ အကြောင်းကြားခဲ့သဖြင့် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရှာဖွေတွေ့ရှိရာ နေရာသို့ သွားရောက်စစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးခဲ့ရာ ပလတ်စတစ်အိတ်ဖြင့် ပတ်ထားသော ဘီအေ (၆၃) မောင်းပြန်ရိုင်ဖယ် G3 ဒင်မပါ ကိုယ်ထည်တစ်ခု (မောင်းတုံးစပရင်ပါ)၊ ကျည်ဘောက် ခြောက်ခု၊ ကျည် ၂၈ တောင့်၊ ကာဘိုင်ကျည်ဘောက် တစ်ခု၊ G3 သေနတ်လက်ကိုင်တစ်ခု၊ သေနတ်ဒင်ပိတ်တစ်ခု၊ ပလတ်စတစ်အိတ်အဟောင်းဖြင့် သီးခြားထုပ်ထားသော (၉မမ) ကျည်အတောင့် ၂၀ တို့ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

(နိုင်ထူး)

မော်လမြိုင်နှင့် ကျိုက်မရောမြို့နယ်တို့တွင် WY ဆေးပြား ၇၄ ပြား ဖမ်းမိ

မော်လမြိုင် စက်တင်ဘာ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း လူငယ်တချို့ WY ဆေးပြားသုံးစွဲနေကြောင်းနှင့် သုံးစွဲသူများအား ထိရောက်စွာ ဖမ်းဆီးရမိရေးအတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် စည်သူကျော်၊ ဒု ရဲအုပ် မျိုးကိုကို၊ တပ်ကြပ်ကြီး တင်လင်းထွန်း၊ တပ်ကြပ် မျိုးဇော်လင်း၊ အောင်မျိုးဌေးတို့ ဦးဆောင်သောအဖွဲ့နှင့် နယ်မြေခံပြည်သူများ၏ အကူအညီဖြင့် ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီခန့်က မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် ဇာနည်ဘွာအနီး ဆိုင်ကယ်အမှတ် ၁၃/--မောင်းနှင်လာသူ မကွေးတိုင်းဒေသကြီးနေ ဇော်နိုင်ဝင်း (၂၆)နှစ်အား စစ်ဆေးရာ WY ဆေးပြား ၂၂ ပြား (တန်ဖိုးငွေကျပ် ၁၃၂၀၀၀) ကို ဖမ်းဆီးရမိ၍ မြို့မရဲတပ်ဖွဲ့စခန်းက မူယစ်ဆေးဝါး ဥပဒေဖြင့် အမှုဖွင့်အရေးယူထားသည်။

အလားတူ စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ကျိုက်မရောမြို့နယ် ကွန်းရွာကျေးရွာ ပေါ်တော်မူရပ်ကွက်နေ ဒေါ်ခင်ဝင်း(၄၂)နှစ် နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ မြို့နယ်ရဲ တပ်ဖွဲ့ဝင်များနှင့် မုဒုံမြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းရှာဖွေရာ အဆိုပါအိမ်၏ မီးဖိုချောင်အခန်း နံရံအုတ်ပေါင်ပေါ်ရှိ ပလတ်စတစ်ဘူးအဖြူအတွင်းမှ WY ဆေးပြား ၅၂ ပြား (တန်ဖိုး ငွေကျပ် ငါးသိန်းကျော်)ခန့် ဖမ်းဆီးရမိကြောင်း သိရသည်။ **(၁၀၇)**

မွန်ပြည်နယ် မြို့နယ်များအတွင်း တစ်ဖက်နိုင်ငံမှ တရားမဝင် ခိုးသွင်းလာသည့် ဇိမ်ခံကားမျိုးစုံ ၁၉၄ စီးဖမ်းဆီးရမိ

မော်လမြိုင် စက်တင်ဘာ ၇

တစ်ဖက်နိုင်ငံမှ တရားမဝင် အကောက်ခွန်မဲ့ ခိုးသွင်းလာသည့် ဇိမ်ခံကားများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ ညွှန်ကြားချက်အရ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ အကောက်ခွန်မဲ့ ဇိမ်ခံကားများကို ဖမ်းဆီးအရေးယူလျက်ရှိသည်။ **(ယာပုံ)**

မြို့နယ်အသီးသီးရှိ တပ်ဖွဲ့ဝင်များသည် တစ်ဖက်နိုင်ငံမှ မွန်ပြည်နယ်အတွင်းသို့ နည်းမျိုးစုံဖြင့် ခိုးသွင်းလာသော ဇိမ်ခံကားများကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ စက်တင်ဘာ ၅ ရက်အတွင်း ကားအစီးရေ ၁၉၄ စီး၊ အမှု ၁၉၄ မှု၊ တရားခံ ၉၇ ဦး၊ ကာလတန်ဖိုးငွေကျပ် သိန်းလေးထောင်ကျော် တန်ဖိုးရှိ ကားများကို သိမ်းဆည်းပြီး မြို့နယ်အသီးသီးတွင် ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ (၈) အရ အမှုဖွင့်အရေးယူထားသည်။

ဇိမ်ခံကားများသည် မော်လမြိုင်မြို့နယ်နှင့် အခြားမြို့နယ်အတွင်း မောင်းနှင်သွားလာရာတွင်နေ့နံပါတ်တစ်မျိုး၊ ညနံပါတ်တစ်မျိုးဖြင့် မောင်းနှင်လျက်ရှိပြီး ယာဉ်တိုက်မှုများဖြစ်ခြင်း၊ လိုင်စင်ရှိသကဲ့သို့ မောင်းနှင်နေခြင်းများအပေါ် သက်ဆိုင်ရာက အချိန်မီအရေးယူဖမ်းဆီးခြင်းဖြစ်သည်ဟု သိရ သည်။

ဆက်လက်၍ တစ်ဖက်နိုင်ငံမှ နည်းအမျိုးမျိုးဖြင့် တင်သွင်းလာသည့် ဇိမ်ခံကားများကို နေ့စဉ် အဝင်/ အထွက် လမ်းဆုံများ၌ မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ဖမ်းဆီးအရေးယူသွားမည်ဟု သိရသည်။

ကျော်သန်း (မော်လမြိုင်)

မွေးနေ့မှာ ပျော်ရွှင်ပါစေ---မေမေ ဒေါ်ဝင်းဝင်းလှ

မေမေ့ရဲ့ အချိန်တိုင်း၊ စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်း
နေ့တွေ၊ နှစ်တွေ၊ လတွေကို သားနဲ့သမီး လုံခြုံစေဖို့
ပျော်ရွှင်စေဖို့၊ ကျန်းမာစေဖို့ကိုပဲ အလေးထားပြီး
အကြင်နာ၊ မေတ္တာ၊ ဂရုစိုက်မှုတွေနဲ့ ပြုစုစောင့်ရှောက် သွန်သင်ဆုံးမပေးတဲ့ မေကြီး ဒေါ်ဝင်းဝင်းလှ၏ ၈-၉-၂၀၁၃ ရက်တွင် ကျရောက်သော (၅၂) ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ။

သား-သူရသိန်းမောင်
သမီး-ခိုင်ဇာသိန်းမောင်







ကျေးဇူးဆပ်ပါမည်

မမိတ်ဆုန်[၁၃/ကခန(နိုင်)၀၀၀၃၅၀]၏ မှတ်ပုံတင်မှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပို့ပါရန်။ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၁၀၃၀၅၉၊ ၀၉-၂၀၃၇၈၅၈၊ ၀၉-၄၉၂၇၇၁၉၉၊
၀၉-၇၃၂၄၀၉၆၉၊ ၀၁-၂၀၀၇၄၇(လိုင်းခွဲ-၃၉၉၉)၊
၂၉၇၆၀၀ (လိုင်းခွဲ-၃၉၉၉)

လက်ဝယ်ရရှိထားသူများ ဆက်သွယ်အကြောင်းကြားပေးပါရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ မြေတိုင်းရပ်ကွက် (၁၃၀)၊ ခြံအမှတ် (၁၀၁၄) ပါမစ်မြေကွက်ကို ဦးသန့်ဇင်ထံမှ ၂၁-၈-၂၀၁၃ ရက်တွင် ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ၎င်းပါမစ်မူရင်းမြေကွက်မှာ ၂၃-၈-၂၀၁၃ ရက်တွင် ဒဂုံမြို့သစ်အရှေ့ပိုင်း ၇-၈ လမ်းဆုံတွင် ပျောက်ဆုံးသွားပါသဖြင့် လက်ဝယ်ရရှိထားသူများ ပြန်လည်ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အရောင်းအဝယ်ပြုလုပ်ပါက တရားဥပဒေအတိုင်း ဆောင်ရွက်သွားပါမည်။

ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန် ဖုန်း-၀၉ ၇၃၁၈၄၀၅၂၊ ၀၉-၇၃၁၉၃၉၉၆

စိုက်ပျိုးရေးအတွက် များစွာအထောက်အကူပြုမည့် ရမည်းသင်းမြို့ သင်းကြိုင်သံကူကွန်ကရစ်ရေလွှဲဆည်

ရမည်းသင်း စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသစိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးအတွက် မန္တလေးတိုင်းဒေသကြီး စံပြမြင်းနားအုပ်စု မြင်းနားရွာအနောက်ဘက် ရွှေမြင်တင်တောင်တောင်ဘက် လဲဖြူချောင်းပေါ်တွင်ရှိသော သင်းကြိုင် သံကူကွန်ကရစ် ရေလွှဲဆည်ကို လူအားနှင့် စက်ယန္တရားကြီးများအသုံးပြု၍ တည်ဆောက်နေသည်ကို တွေ့ရသည်။

ယင်းရေလွှဲဆည်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မိတ္ထီလာမြို့ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး)နှင့် ရမည်းသင်းမြို့ ဆည်မြောင်းဦးစီးဌာနတို့မှ ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

သင်းကြိုင်ရေလွှဲဆည်ကို အလျား ၁၀၈ ပေ၊ အကျယ်ပေ ၈၀၊ အမြင့် ခုနစ်ပေရှိ သံကူကွန်ကရစ် ရေလွှဲဆည်တည်ဆောက်ကာ မြေကာနံရံ နှစ်ဖက်ကို တစ်ဖက်အမြင့်ပေ ၂၀ စီပြုလုပ်မည်ဖြစ်သည်။ ရေယိုဖိတ်မှုမှ ကာကွယ်တားဆီးနိုင်ရန် မြေအောက်ထဲတွင် ရေစိမ့်ကာသံပြားများ ရိုက်ထည့်ခြင်းလုပ်ငန်းများကိုလည်း

ဆောင်ရွက်ပြီးဖြစ်သည်။

ဆည်မြောင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးအတွက် ဆည်မြောင်းဝန်ထမ်းများ လုပ်ငန်းခွင်တွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မြေတူးစက်၊ မြေသယ်ယာဉ် စက်ယန္တရားများ အသုံးပြု၍ ကွန်ကရစ်လောင်းခြင်း၊ သံချည်သံကွေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေတူး၊ ကျောက်စီခြင်း အစရှိသောလုပ်ငန်းများကို လုပ်သား ၁၀၀ကျော်ဖြင့်နေ့၊ ညဆောင်ရွက်လျက်ရှိသည်။

ဒေသပြည်သူများမှာ ယခင်က ရေလွှဲဆည်ဆောက်မည်ကို မမျှော်လင့်ခဲ့သော်လည်းယခုကဲ့သို့ သံကူကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် များစွာအကျိုးသက်ရောက်မည်ဖြစ်၍ ဝမ်းမြောက်ကြကြောင်း သိရသည်။ သင်းကြိုင်ရေလွှဲဆည် တည်ဆောက်ပြီးစီးပါက ရမည်းသင်းမြို့နယ်အတွင်းရှိ စံပြသိမ်ကုန်းကျေးရွာနှင့် ကြက်လျှာကျေးရွာ ပတ်ဝန်းကျင်ရှိ လယ်ယာမြေဧက ၈၅၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ယခုနှစ်တွင် တိုင်းဒေသကြီးအစိုးရက ရမည်းသင်းမြို့နယ်အတွင်း ဆည်၊ ကန်၃၁ကန် ပြန်လည်ပြုပြင်တူးဖော် တည်ဆောက်ရန်အတွက် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

(လှိုင်သန်းတင့်-ရမည်းသင်း)

အချိန်ဖြုန်းနေကြတာလား

လွန်ခဲ့သောနှစ်ရက်လောက်က ဖြစ်သည်။ ရေတာရှည်ကိုအလုပ်ကိစ္စလေးရှိလို့ ထွက်လာခဲ့ရာမှာ မိုးရွာလာလို့ ရွာလမ်းဆုံဈေးဆိုင်ထဲမှာ မိုးခိုခဲ့ရပါသည်။ မိုးကပိုလို့ပိုလို့များလာတဲ့အတွက် ဆက်ထိုင်ရင်းလမ်းတစ်ဖက်ဈေးဆိုင်အတွင်းမှာ ဘိလိယက်ထိုးနေကြသူ ၁၀ ဦးခန့်ကိုမြင်တွေ့ရပါသည်။ ထိုသူများမှာ အနီးအနားရှိ ကျေးရွာများမှဖြစ်ကြပြီး နံနက်စောစောကတည်းက ညနေမိုးချုပ်မှောင်တဲ့အထိ ကစားကြသည်ဟု ဆိုပါသည်။ ရွာနေသောမိုးက သိပ်မစဲချင်သေး၊ ထိုအချိန်မှာပင်အမျိုးသမီးလေးတစ်ဦး ထီးဆောင်းကာ စိတ်ဆိုးမာန်ဆိုးဖြင့် ရောက်လာသည်ကိုတွေ့ရသည်။ ဟိုဘက်ဒီဘက်လမ်းကလေးသာခြား၍လည်း ပြောသံဆိုသံကို အတိုင်းသား ကြားနေရသည်။ "နင်ဒါပဲလုပ်စားတော့မှာလား၊ နွားတွေကငတ်နေပြီ၊ ထမင်းဟင်းချက်ရတာကတစ်မျိုး၊ ကလေးကနေမကောင်းရတဲ့အထဲ" အမျိုးသမီးက သူ့ယောကျ်ားကိုလာခေါ်နေပုံရပါသည်။ ယောကျ်ားကလည်း ယမကာလေးမှီဝဲလိုက်၊ ဘိလိယက်လေးထိုးလိုက် ဟန်ကျနေတုန်း မိန်းမရောက်လာလို့ ဒေါပွသွားပုံရသည်။ " ငါ့ကိုလာပြီးအရစ်တက်မနေနဲ့၊ နွားကိုကောက်ရိုးကျွေးထားလိုက်၊ပြန်တော့"၊ "အေးရတယ်၊ နင်ဒီနေ့ညစာငတ်ပြီမှတ်" အမျိုးသမီးက စိတ်ဆိုးမာန်ဆိုးဖြင့်ခြေလှမ်းကို ခပ်သွက်သွက်လှမ်းကာ ပြန်ထွက်ခွာသွားလေသည်။ မိုးကလည်း ခပ်ဖွဲဖွဲသာရှိတော့သည်။"ညစာငတ်ပြီသာမှတ်" ဟုခပ်ဆတ်ဆတ်ပြောသွားသော မိန်းမစကားကြောင့်လားမသိ၊သကောင့်သားပုဆိုးခြုံပြီး ခပ်သွက်သွက်ထွက်သွားသည်ကို တွေ့လိုက်ရသည်။ ယခုလိုမိုးရာသီကာလမှာ ကျေးလက်ဒေသနေတောသူတောင်သားတို့အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများက အလွန်ပင်အရေးကြီးသလို ထွန်၊ ထယ်အငှားလိုက်၊ ပျိုးနုတ်နေ့စားအငှားလိုက်လျှင်ပင် တစ်နေ့တာဝင်ငွေမှာ ကျပ် ၅၀၀၀ အထက်ရရှိကြပါသည်။ လုံ့လဝီရိယစိုက်ထုတ်လျှင်စိုက်ထုတ်သလောက်ရနိုင်သောကြောင့် မိမိ မိသားစုအကျိုးစီးပွားတိုးတက်အောင် အရက်သေစာသောက်စားခြင်းနှင့် အချိန်ဖြုန်းသည့်အလုပ်များကို ရှောင်ရှားကြရန် တိုက်တွန်းအပ်ပါသည်။

(ကိုလွင်-ဆွာ)

ငါးများနေသူ ရထားပွတ်တိုက်၍ ဒဏ်ရာရ

ညောင်လေးပင် စက်တင်ဘာ ၇

ညောင်လေးပင်မြို့ ညောင်လေးပင်ဘူတာအနီး ရန်ကုန်-မန္တလေး မီးရထားလမ်း ကြေးနန်းမိုင်တိုင်အမှတ်(၉၃/၇၈) ကြက်တူရွေးချောင်း တံတားထိပ်တွင် စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ငါးများနေသူအား ရထားပွတ်တိုက်သွား၍ ဒဏ်ရာရမှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ တင်အောင်ငြိမ်း (၂၆)နှစ် စက်ရုံလမ်း မြို့မ(၁)ရပ်ကွက် ညောင်လေးပင်မြို့နေသူသည် တံတားထိပ်တွင်ငါးမျှားနေစဉ် အမှတ်(၃၂) မန္တလေး-ရန်ကုန်အစုန်ရထားဖြင့် ပွတ်တိုက်မိခဲ့ပြီး ဝဲချိုစောင်းပေါက်ပြဲ၊ ဝဲပါးပေါက်ပြဲ၊ ဝဲနားထင်ပေါက်ပြဲ ဒဏ်ရာများ(စိုးရိမ်ရ)ရရှိခဲ့၍ ညောင်လေးပင်မြို့နယ် ဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

(၅၇၈)

အစိုးရကြော်ငြာ

စက်မှုဝန်ကြီးဌာန၏ ဝယ်ယူရေးလုပ်ငန်းများတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပစ္စည်းပေးသွင်းသူများ လိုက်နာဆောင်ရွက်နိုင်ရန် အသိပေးကြေညာချက်

စက်မှုဝန်ကြီးဌာန၏ ထုတ်လုပ်မှုအတွက်လိုအပ်သော ကုန်ကြမ်းနှင့်သွယ်ဝိုက်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ရုံးသုံးဆိုင်ရာပစ္စည်းများ၊ အဆင့်မြှင့်တင်ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများနှင့် e-Government ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးတင်ဒါပေးသွင်းရာတွင် အဆင့်ဆင့်ဈေးနှုန်းစိစစ်မှုကိုခံနိုင်ရန် ပဏာမတင်သွင်းလွှာတွင် အဆိုပြုဈေးနှုန်းများကို ပိုမိုတွက်ချက်၍ တင်သွင်းနေကြောင်း တွေ့ရှိရပါသည်။

သို့ပါ၍ နောင်တွင် ယင်းကဲ့သို့ အဆိုပြုဈေးနှုန်းများကို ဖောင်းပွတင်ပြခြင်း မပြုလုပ်ဘဲ အမှန်တကယ် ရောင်းချနိုင်မည့် အနည်းဆုံးဈေးနှုန်းဖြင့်သာ အဆိုပြုတင်သွင်းကြရန်နှင့် ဝန်ကြီးဌာန စိစစ်ရေးကော်မတီများအနေဖြင့် အဆိုပြုတင်ပြလာသော အနည်းဆုံးဈေးနှုန်းအပေါ် အခြေခံ၍ စိစစ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သော အောက်ပါ စက်၊ ယာဉ်၊ ယန္တရားများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလျက် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	JAC HFC 1314K Heavy Flat Truck (27)Tons	(၄)စီး
(ခ)	JAC HFC 4253 Transporter With Trailer (50)Tons	(၄)စီး
(ဂ)	SKAT YC 4105 QBZL Dumper	(၁၅၀)စီး
(ဃ)	JAC-SLS 5040 GYYJ Water Bowzer (1200 gals)	(၂၀)စီး
(င)	JAC HFC 1061K (3 Ton)Truck Crane	(၁၀)စီး
(စ)	Backhoe Loader (Case 580 Super N/JCB 3DX Super)	(၆)စီး

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၉-၂၀၁၃ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၂၀-၉-၂၀၁၃ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊
တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ဒု-အင်ဂျင်နီယာချုပ်(စက်မှု)၊ စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
ရုံးအမှတ်(၁၁)ဝင်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၅၁၄၇၁၂၉၊ ၀၉-၈၆၃၆၁၈၅

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်- ၁)	ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့်- ၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၅။	အရှေ့တိုင်းအစားအစာ ထုတ်လုပ်ရေးသင်တန်း (အဆင့်-၁)	ဤသင်တန်းဌာနမှ အခြေခံ (အဆင့်-၁)အစားအစာထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်။
၆။	ဟိုတယ်ဆိုင်ရာ ကြီးကြပ်ရေးသင်တန်း (အဆင့်- ၂) (စီမံ/ဘဏ္ဍာ)	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။
	(အခန်းဌာန) (အစားအစာနှင့်အဖျော်ယမကာဌာန)	- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့)တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူ ဖြစ်ရပါမည်။

သင်တန်းကာလ ။ ၁၆-၉-၂၀၁၃ မှ ၈-၁၁-၂၀၁၃ ထိ

သင်တန်းဆိုင်ရာ အချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၄၈၃၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထုံခါ-လမ်းခွဲ-သဲဖြူလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၆၈/၃-၆၈/၄ အတွင်းရှိ ချောင်းနှစ်ပေါက် သံကူကွန်ကရစ် တံတားလုပ်ငန်းများ ဆောင်ရွက်လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	မြစ်ကျောက်စရစ်	၄၀၀ ကျင်း
(၂)	မြစ်သဲ	၂၀၀ ကျင်း
(၃)	တောသစ်	၉၀ တန်
(၄)	ဘိလပ်မြေ	၃၅၀ တန်
(၅)	သံချောင်းလုံး(ရွယ်စုံ)	၁၂၀ တန်

၂။ တင်ဒါတင်သွင်းရမည့်နေ့ရက် - ၉-၉-၂၀၁၃ ရက်မှ ၁၉-၉-၂၀၁၃ ရက်အထိ

တင်ဒါစိစစ်ရွေးချယ်ရမည့် နေ့ရက်နှင့်အချိန် - ၂၀-၉-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၆)မွန်ပြည်နယ်၊ မော်လမြိုင်မြို့

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၆)မော်လမြိုင်မြို့ ဖုန်း-၀၅၇၂၄၈၂၀ တွင် ၆-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်သည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ရွှေပြည်သာမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉-၇၃၉၀၂၆၉၆၊ ၀၉-၈၆၃၃၄၈၂

Seven စံ

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။ ပွဲခပေးရန် မလိုပါ။

အိမ်အရောက်ငွေပေးချေသည်။

ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၇၃၁၁၉၀၉၉
၀၉-၃၁၇၁၅၂၄၇

ပြည်မြို့အဝေးပြေးကားဝင်း စာပေရေချမ်းစင်၌ နေ့စဉ်စာဖတ်သူများနှင့် စည်ကားလျက်ရှိ

ပြည် စက်တင်ဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ပြည်သူ့စာကြည့်တိုက်၊စာပေရေချမ်းစင်၊ Mini Book Corner များဖြင့် နိုင်ငံတစ်ဝန်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြည်ခရိုင်ပြန်/ဆက် ဦးစီးဌာနမှ ပြည်မြို့အဝေးပြေးကားဝင်း၌ ဖွင့်လှစ်ထားရှိသည့် စာပေရေချမ်းစင်တွင် နေ့စဉ်စာဖတ်သူ ၅၀ ခန့်ဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ရေချမ်းစင်နှင့်ပတ်သက်၍ တာဝန်ခံဝန်ထမ်းအား တွေ့ဆုံမေးမြန်းခဲ့ရာ "စာဖတ်သူတွေက နေ့စဉ်ထုတ် သတင်းစာနဲ့ ဂျာနယ်အသစ်တွေကို ကြိုက်ကြတယ်။ မှုခင်းဂျာနယ်စာစောင်တွေကိုပါ တင်ဖို့အကြံပြုကြတယ်ဗျ။ စာဖတ်သူတွေက တစ်ပြိုင်နက်တည်း အစုလိုက်၊ အပြုံလိုက်လာဖတ်ကြတာမဟုတ်ဘူး။ သုံးလေးဦးတစ်ခါလာဖတ်လိုက်၊ အလုပ်ရှိတော့ ပြန်သွားလိုက်၊ နောက်သုံးလေးဦး လာဖတ်လိုက်နဲ့ တစ်နေ့တစ်နေ့ကို စာဖတ်သူ ၄၅၊ ၅၀ လောက်ရှိတယ်ဗျ။ ဆိုင်ကယ်ကယ်ရီသမားတွေ၊ သုံးဘီးကယ်ရီသမားတွေ၊ ဂိတ်ဝန်ထမ်းတွေ၊ လက်မှတ်ရောင်းကိုယ်စားလှယ်တွေက နေ့စဉ်နေ့တိုင်းလာဖတ်ကြတယ်။ ခရီးသွားပြည်သူတွေကတော့ ကားစောင့်ရင်း၊ လက်ဖက်ရည်သောက်ရင်းနဲ့ ဖတ်ကြတယ်။ ကျွန်တော်တို့ စာပေရေချမ်းစင်က လက်ဖက်ရည်ဆိုင်နားမှာဆိုတော့ စာဖတ်သူပြတ်တယ်ရယ်လို့ကို မရှိပါဘူး"ဟု တာဝန်ခံဝန်ထမ်း ဦးကျော်လေးက ရှင်းပြသည်။

အဆိုပါ စာပေရေချမ်းစင်တွင် နေ့စဉ်ထုတ်သတင်းစာများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာစသည့် ဂျာနယ်အသစ်များနှင့် သုတ၊ ရသစာအုပ်များ၊ ရုပ်ပြ၊ ကာတွန်းစာအုပ်များ စုံလင်စွာထားရှိပေးထားပြီး စာလာဖတ်ကြသည့် ပြည်ဟိန်း၊ မြဇင်ယော်အစရှိသည့် ခရီးသွားလုပ်ငန်းကားဂိတ် ဝန်ထမ်းများကလည်း သုတရသ စာအုပ်စာစောင်များကို လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မြိတ်မြို့၌ တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

မြိတ် စက်တင်ဘာ ၇



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းနယ်မြေ အထက်ရေပုန်းရပ်ကွက် စပါးရွှေဝါလမ်း အမှတ်(၃၁)တွင် ဖွင့်လှစ်ထားရှိသော ထားဝယ် ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှ အသုံးပြုလျက်ရှိသည့် မော်တော်ယာဉ်များသည် တရားမဝင်လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း သတင်းအရ မြိတ်မြို့မရဲစခန်းမှ ဒုရဲမှူးနေလင်း ဦးစီးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ စာရေး(၁) ဦးသူရိန်စိုး၊ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် အဆိုပါ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီ ခြံဝင်းအတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ရာ ၄၀/--- နံပါတ်ပြား တပ်ဆင်ထားသော Honda Fit အမျိုးအစား (အပြာရောင်) တစ်စီး၊၂၈/---နံပါတ်ပြားတပ်ဆင်ထားသော Caldial အမျိုးအစား (အနက်ရောင်) တစ်စီးနှင့် ၅၀/---- နံပါတ်ပြား တပ်ဆင်ထားသည့် Tiges Double Cap အမျိုးအစား(မီးခိုးရောင်) တစ်စီး စုစုပေါင်း သုံးစီးတွေ့ရှိသဖြင့် ကုမ္ပဏီယာယီတာဝန်ခံ မပေဖာအောင် အား မေးမြန်းခဲ့ရာ ယင်းမော်တော်ယာဉ်များနှင့် ပတ်သက်၍ စာရွက်စာတမ်းတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး ကုမ္ပဏီယာဉ်မောင်း ဝင်းလှိုင်(၂၇) နှစ်အား မော်တော်ယာဉ်များနှင့်အတူ ရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေး၍ စက်တင်ဘာ ၃ ရက်တွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မိုးဟိန်း-မြိတ်)

ဆင်ပေါင်ဝဲမြို့နယ်တွင် ကျပ် ၁၅၀၀ တန် GSM ဆင်းကတ်များ ဒုတိယအကြိမ် ရပ်ကွက်/ကျေးရွာပြည်သူများအား မဲစနစ်ဖြင့် ရောင်းချ

ဆင်ပေါင်ဝဲ စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် ပြည်သူများ လိုလား တောင့်တလျက်ရှိသော တန်ဖိုးနည်း ၁၅၀၀ တန် ဆင်းကတ်များကို ဒုတိယအကြိမ်အဖြစ် ဩဂုတ် ၃၀ ရက်က ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မဲစနစ်ဖြင့် ရောင်းချရာ ပြည်သူ ၆၅၀ တို့ ဆင်းကတ် ဝယ်ယူခွင့်ရရှိကြသည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် ယခုဒုတိယအကြိမ်အဖြစ် ပြည်သူများအတွက် အလုံး ၆၅၀၊ ဌာနဆိုင်ရာများအတွက် အလုံး ၃၀၀၊ တပ်ရင်းတပ်ဖွဲ့အတွက် အလုံး ၅၀ ခွဲဝေချထားရာ တစ်မြို့နယ်လုံးအနေဖြင့် GSM ဆင်းကတ် စုစုပေါင်း အလုံး ၁၀၀၀ ကို မဲစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

တိုးမြှင့်ပင်စင် ခွင့်ပြုမိန့်မရရှိသေးသော အငြိမ်းစားဝန်ထမ်းများအား ပင်စင်အမြန်ဆုံးထုတ်ယူနိုင်ရေးဆောင်ရွက်

အောင်လံ စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး ပင်စင်ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်မာချိုနှင့်အဖွဲ့သည် ဩဂုတ် ၂၁ ရက်တွင် အောင်လံမြို့နယ်သို့ ရောက်ရှိပြီး ဇူလိုင် ၁ ရက်က တိုးမြှင့်ပင်စင် ခွင့်ပြုမိန့်မရရှိသေးသော အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေ အမြန်ဆုံးထုတ်ပေးနိုင်ရေးအတွက် One Stop Service ဖြင့် အောင်လံမြို့နယ် မြန်မာ့စီးပွားရေးဘဏ်နှင့် ချိတ်ဆက်၍ မြန်မာ့စီးပွားရေးဘဏ် ရုံးတွင် အငြိမ်းစားဝန်ထမ်း ၁၀၉ ဦးတို့အား နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အစိုးရ/စီးပွားရေးကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၅)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ခရိုင် ပန်းတောင်းမြို့နယ်၊ ပြင်သာစက်ပြင်အလုပ်ရုံ (40'x80')တစ်ထပ် သံထည်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(1)	14" x 7" (41.4 Kg/m) I.Section	= 6.9 Tons
(2)	5" x 2 ½"(9.36 Kg/m) C.Channel	= 5.65 Tons
(3)	Colour Metal Roofing Sheet (0.4 mm) Thk	= 5418.Rft

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မြို့နယ်လက်ထောက် အင်ဂျင်နီယာရုံး၊ ပန်းတောင်းမြို့၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၅၃-၈၆၃၃၁၉၁၊ ၀၉-၈၅၃၃၀၈၉၊ ၀၉-၇၃၂၀၇၇၂၈

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ **ဦးလှိုင်ဦး**(New Cruz Offshore Marine, Singapore) ၏ စက်တင်ဘာလအတွင်း ကျရောက်သော (၅၉)နှစ်ပြည့်မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင် နေ့ရက်တိုင်းကို ချစ်သော ဇနီး၊ သားသမီး၊ မြေး၊ မြစ်များနှင့်အတူ ကျန်းမာပျော်ရွှင်ပြည့်စုံစွာဖြင့် ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ပို့သလျက်-

ချစ်ဇနီး - ဒေါ်ငွေငွေဝင်း
သမီး - ကိုအောင်နိုင်လွင်(C/O Arian Marine Services Co.,Ltd)-ဒေါက်တာချောနန္ဒီ(ကျန်းမာရေးဦးစီးဌာန)
သား - ဗိုလ်ကြီးသက်ထွန်းနိုင်-မနီနီထွေး







ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးရင် မဖြစ်ချင်တာတွေဘဲ ဖြစ်နေတယ်ဆိုရင် အဆင်မြင့်ယတြာများ ဆောင်ရွက်ပေးပါသည်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။
ဖုန်း-၀၉-၅၀၇၅၈၂၂

အယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်- ၄၁၊ နည်းဥပဒေ- ၁၄)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၂၀၁၃ ခုနှစ်၊ တရားမအယူခံမှု - ၁၆၄

ဦးအောင်စိုး(ပါ-၂) နှင့် ဒေါ်မြမြအောင်(ပါ-၈)
အယူခံတရားလိုများ **အယူခံတရားပြိုင်များ**

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက်နေ့စွဲပါ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားမပထမအယူခံမှုအမှတ်-၅၅/၂၀၁၂၏ ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ (၁) ဒေါ်မြမြအောင်၊ အမှတ်(၇၀) နတ်မောက်လမ်းသွယ်(၁) ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၃) ဦးနေလင်း၊ (၈)ဦးတာ၊ မြောက်စောင်းတန်းလမ်း၊ ရွာရုံ ဆံတော်ရပ်ကွက်၊ ပြည်မြို့(ယခင် လိပ်စာ၊ ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင်များသိစေရမည်။ ဤအမှုတွင် တိုင်းဒေသကြီးတရားလွှတ်တော်၏ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးတင်ညီကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ရက် နံနက် ၁၀နာရီတွင် ဤရုံးသို့ ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။ **အမိန့်အရ-**
(အေးအေးသန်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒလ အိမ်ခြံမြေအရောင်းအဝယ်ပြန်အေး

ဒလ စက်တင်ဘာ ၇

ယခုလအတွင်း ဒလမြို့နယ်ရှိ အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းများ ပြန်အေးလျက်ရှိကြောင်း အိမ်ခြံမြေအကျိုးဆောင်အသင်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဒလမြို့နယ်သည် ပြီးခဲ့သည့်လများအတွင်း နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ရန်လျာထားသည့် တံတားစီမံကိန်းကြောင့် ယင်းမြို့နယ်ရှိ မြေဈေးနှုန်းများသည် သိန်းထောင်ဂဏန်းကျော်အထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။

လက်ရှိတွင် ယင်းတံတားစီမံကိန်းသည် စတင်ဆောင်ရွက်မှု မရှိသေးခြင်းနှင့် တံတားစီမံကိန်းရပ်တန့်သည့်သတင်းများကြောင့် မြေကွက်ဈေးနှုန်းများသည် ရာဂဏန်းအထိ ဈေးပြန်ကျသွားပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။

"စီးပွားရေးသမားတွေက ငါးပွက်ရာငါးစာလိုက်ချနေတာပါ၊ စီမံကိန်းတစ်ခုလုပ်တော့မယ်ကြားတာနဲ့ အဲဒီနေရာကို ဝိုင်းအုံတော့တာပဲ။ ဒလဘက်ကလည်း တံတားစီမံကိန်းကြောင့် မြေဈေးတွေအဆမတန်မြင့်တက်သွားတယ်။ အခုတော့ ပြန်ပြီးအေးနေပါတယ်"ဟု အိမ်ခြံမြေအကျိုးဆောင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒလမြို့နယ်ဘက်၌ အိမ်ခြံမြေအရောင်းအဝယ် အေးနေသော်လည်း ရန်ကုန်မြို့လယ်၌ တိုက်ခန်းနှင့်ကွန်ဒိုများအရောင်းအဝယ်၊ အငှားလုပ်ငန်းများ ပုံမှန်ထက်ကောင်းမွန်လျက်ရှိပြီး တာမွေ၊ ကျောက်မြောင်း၊ ကမာရွတ်၊ လှိုင်မြို့နယ်များရှိ သိန်း၂၀၀ကျော်တိုက်ခန်းများဝယ်/ရောင်းနှင့် ငှားရမ်းမှုများရှိလာကြောင်း သိရသည်။

(ကေသိန်းဆွေ)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုလုပ်ငန်းများ ဖျာပုံခရိုင်အတွင်း ဆောင်ရွက်

ဖျာပုံ စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခရိုင်နှင့်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီတို့မှ ပူးပေါင်းကာ ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိစေရေး၊ ဒေသတွင်း ဝက်မျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေရေးအတွက် (DYL)ဝက်မျိုးကောင်း မျိုးသန့်များ ပေးအပ်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ဖျာပုံမြို့နယ် ဂျိုဝါကြံခင်းကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။ ယင်းအခမ်းအနားတွင် ဖျာပုံခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဒေါ်ကြည်ကြည်သိန်းက ဒေသခံဝက်မွေးမြူရေး အစုအဖွဲ့များထံသို့ ဝက်ကောင်ရေ ၁၀၀ ပေးအပ်၍ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကိုလည်း အခမဲ့ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါ ခရိုင်နှင့်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဖော်ပြပါ ဆောင်ရွက်မှုများအပြင် နွားနို့တိုက်ကျွေးခြင်း၊ သင်တန်းပို့ချခြင်းနှင့် မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းခြင်းစသည့် ဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သပြေထွန်း)

ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၇

ဩဂုတ် ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမှတ်(၁) လမ်းမကြီး အင်းတိုင်သစ်နှင့် သစ်တောထွက်ပစ္စည်း စစ်ဆေးရေးစခန်း၌ တရားမဝင် မီးသွေးများ(တိုင်းတာစစ်ဆေးဆဲ) တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့်အတူ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှစ်ဦး၊ တရားမဝင် မီးသွေး ၅၇ ဒသမ ၆ တန် တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့်အတူ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် နှစ်ဦး၊ တရားမဝင် ကျွန်းခွဲသား ၃ ဒသမ ၇၉၈၈ တန် တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့်အတူ တရားခံသုံးဦး၊

ဩဂုတ် ၃၀ ရက်တွင် ဆိပ်ကမ်းမြို့နယ် မော်တင်ဆိပ်ကမ်းတွင် တရားမဝင် မီးသွေး ၄၂ ဒသမ ၂၄ တန် သယ်ဆောင်လာသည့်ယာဉ်တစ်စီးနှင့် မီးသွေးပိုင်ရှင်၊ ယာဉ်မောင်း၊ စက်တင်ဘာ ၁ ရက်တွင် တရားမဝင်ကျွန်းခွဲသား သုည ဒသမ ၈၂၀၈ တန် တင်ဆောင်လာသည့် ကားတစ်စီး၊ တရားမဝင် ကျွန်းခွဲသား သုည ဒသမ ၈၄၉ တန် တင်ဆောင်လာသည့် ယာဉ်တစ်စီး၊ လှည်းကူးမြို့နယ် အမှတ်(၂) လမ်းမကြီး မိုင်တိုင်အမှတ် (၂၉/၄) ၌ တရားမဝင်ကျွန်းခွဲသား သုည ဒသမ ၇၃၁ တန် တင်ဆောင်လာသည့် ယာဉ်တစ်စီးနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက် နှစ်ဦး၊ ဩဂုတ် ၄ ရက်တွင် ကယားပြည်နယ် မယ်စဲ့မြို့နယ် နမ့်မန်းကြိုးပြင်ကာကွယ်တောအတွင်းမှ တရားမဝင်ကျွန်း ၁၀ ဒသမ ၇၀၆ တန်၊ ပျဉ်းကတိုး ၊ သစ်ရာ ၃၉၅ ဒသမ ၁၈ တန် စုစုပေါင်း ၂၀၅ ဒသမ ၈၈၆ တန်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဩဂုတ်လအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသော ယာဉ်စီးရေ ၉၀၇ စီးအား အရေးယူဆောင်ရွက်

ကျောက်ဆည် စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဥပဒေပုဒ်မ ၉၁ ဖြင့် တရားစွဲဆို တင်ပို့ချက်အရ ကျောက်ဆည်မြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော ယာဉ်များအား စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ရာ ဩဂုတ်လအတွင်း ယာဉ်အစီးရေ ၉၀၇ စီးအား ဥပဒေနှင့်အညီ တရားစွဲဆိုခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့တွင် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းကြီးကြပ်မှုအဖွဲ့ကို အမှတ် (၅၈) ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ကညန၊ ပို့ဆောင်ဆက်သွယ်ရေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများဖြင့်ဖွဲ့စည်းပြီး လမ်းဆုံများ၊ မီးပွိုင့်များ၊ မြို့အဝင်၊ အထွက်များနှင့် မြို့တွင်းတို့တွင် သွားလာနေသောယာဉ်များမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသော ယာဉ်များအား စစ်ဆေးရာ ဆိုင်ကယ် ၈၈၅ စီး၊ သုံးဘီးဆိုင်ကယ် ကိုးစီး၊ ထော်လာဂျီ ၁၃ စီး စုစုပေါင်း၉၀၇ စီးကို ဩဂုတ်လအတွင်း အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **(ထွန်းထွန်းနိုင်)**

ပြည်သူ့ဆန္ဒဝန်ဆောင်မှုပေးရေးအဖွဲ့ များဖွဲ့ စည်းကာ ကူညီဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် သက်ဆိုင်ရာ မြို့မ/နယ်မြေရဲစခန်းများသို့ အမှုလာရောက်တိုင်တန်းသူ ပြည်သူများအပေါ် တာဝန်ကျရဲတပ်ဖွဲ့ဝင်များက မချေမငံပြောဆိုမှုများ၊ လာရောက်တိုင်တန်းသည့်အမှုများနှင့် ပတ်သက်၍ဥပဒေအကြောင်းခြင်းရာအရ ရဲအရေးပိုင်သည့်အမှု၊ မပိုင်သည့်အမှုစသည်ဖြင့် ရှင်းလင်းစွာပြောဆိုရှင်းပြမှုမရှိခြင်းများ မဖြစ်စေရေးနှင့် အကူအညီပေးနိုင်ရေးတို့အတွက် ရည်ရွယ်၍ ပြည်သူများအား အသွင်သစ်ဖြင့် ဆက်ဆံနိုင်ရေးကို ဇူလိုင် ၁ ရက်မှစတင်ပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ မြို့မ/နယ်မြေရဲစခန်းများတွင် ပြည်သူ့ဆန္ဒဝန်ဆောင်မှုပေးရေးအဖွဲ့များ ဖွဲ့စည်းကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

(စိုးဝင်း-MLA)



သွင်းကုန်ပါမစ်ပျောက်ဆုံး

ကျွန်တော် ဦးထွန်းထွန်းနိုင် [၁၂/မရက(နိုင်)၁၃၆၂၄၆]၏ သွင်းကုန်ပါမစ် (ISP IDV8 12-13(27573)31-12-2012နှင့် ကျွန်မ ဒေါ်ကေသီပို [၁၂/သကတ(နိုင်)၀၁၁၇၅၀]၏ သွင်းကုန်ပါမစ် ISP IDV8 12-13(21910)20-11-2012သည် ပန်းဘဲတန်းမြို့နယ်အတွင်း သွားလာနေစဉ် ၃-၉-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၂၀၃၃၁၀

ကွန်ဒိုရောင်း/ငှားမည်

ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ ၂၅၀၀ sqft, 2MBR, 1.BR, 3-AC, WH, Ph အဆင့်မြင့်ပြင်ဆင်ပြီး။

ဖုန်း-၀၉-၅၀၂၇၂၇၆

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမ္မာန်တော်ကြီး၌ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်မှ (၂၂)ရက်အထိ (၇) ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနစရိယ ဆရာတော်ဦးမုနိန္ဒ(ကျိုက်ဝိုင်း)အရှင်သူမြတ်က သမထဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ စက်တင်ဘာလ(၁၄)ရက်(စနေနေ့)ညနေ ၅နာရီအရောက် မှတ်ပုံတင် ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇ သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

ဖခင်အမည်မှန်

မုဒုံမြို့ အထက (၁) ဒသမတန်း (D) မှ မဇင်မာဦး၏ဖခင်အမည် မှန်မှာ ဦးထွန်းသန်း ဖြစ်ပါကြောင်း။

ဦးထွန်းသန်း

ဖခင်အမည်မှန်

မုဒုံမြို့အထက(၁)ဒသမတန်း (G)မှ မချမ်း၏ ဖခင်အမည်မှန်မှာ ဦးရှင်သိန်း[၁၀/မဒန(နိုင်)၁၂၉၄၁၆] ဖြစ်ပါကြောင်း။

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ဖိတ်ကြားလွှာ

၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ မိဘဆရာအသင်းနှစ်ပတ်လည်ညီလာခံနှင့် ပညာရည်ချွန်ဆုနှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ၂၀၁၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ပြီး ကျောင်းဂုဏ်ဆောင်ခဲ့ကြသော သမီးကျောင်းသူများ ၆-ဘာသာဂုဏ်ထူးရှင်ခုနစ်ဦး၊ ၅-ဘာသာဂုဏ်ထူးရှင် (၂၆)ဦး၊ ၄-ဘာသာဂုဏ်ထူးရှင် (၂၁)ဦး၊ ၃-ဘာသာဂုဏ်ထူးရှင် (၄၄)ဦး၊ ၂-ဘာသာဂုဏ်ထူးရှင်(၂၈)ဦး၊ ၁-ဘာသာဂုဏ်ထူးရှင်(၃၁)ဦးအား ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ မပျက်မကွက်တက်ရောက်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၅-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉နာရီ
နေရာ - အထက(၂)စမ်းချောင်း၊ စံပယ်ခန်းမ

မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့
အထက(၂)၊ စမ်းချောင်း

စင်ထရယ် အထက(၁)လသာ ကျောင်းသားဟောင်းများက မြတ်ဆရာများအားပူဇော်ကန်တော့မည်

၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ စင်ထရယ်အထက(၁)လသာကျောင်းသားဟောင်းများသည် နှစ်စဉ် စဉ်ဆက်မပြတ် ပူဇော်မြဲ ဆရာကြီး၊ ဆရာမကြီးများအား ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၉ရက်(သီတင်းကျွတ်လပြည့်နေ့)(စနေနေ့)နံနက် ၈နာရီတွင် အထက(၁)လသာ (ဗဟိုစံပြ ခန်းမဆောင်)၌ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအတွက် ကျင်းပရေးကော်မတီမှ အမှုဆောင်အဖွဲ့ဝင်များကိုယ်တိုင်လာရောက် အလှူခံမည်ဖြစ်ပါ၍ ပြည်တွင်းပြည်ပ ကျောင်းသားဟောင်းများက စိတ်အားထက်သန်စွာ ပါဝင်လှူဒါန်းကြပါရန်နှင့် အောက်ပါ ဖုန်းနံပါတ်များသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးခင်မောင်စိန် ဖုန်း-၅၀၀၄၀၅၂
ဗိုလ်မှူးချစ်ညွန့်(ငြိမ်း) ဖုန်း-၀၉-၅၀၀၁၃၇၈
ဦးထွန်းအောင်လှိုင် ဖုန်း-၀၉-၅၀၆၄၇၄၁
ဗိုလ်မှူးခင်ညို(ငြိမ်း) ဖုန်း-၀၉-၃၁၂၇၃၀၀၁
ဦးခင်မောင်ဘို ဖုန်း-၀၉-၄၃၀၅၁၁၈၁
ဦးထင်ကျော် ဖုန်း-၀၉-၅၁၈၆၀၂၁
ဦးခင်အောင် ဖုန်း-၀၉-၇၃၀၂၉၃၅၃
ဦးအမင်း ဖုန်း-၀၉-၇၃၀၄၈၅၀၃
ဦးနိုင်ငွေးဝင်း ဖုန်း-၀၉-၅၁၈၇၂၁၂
ဦးတင်အေး ဖုန်း-၀၉-၇၃၃၇၇၉၉၇
ဦးခင်မောင်ကြီး ဖုန်း-၀၉-၄၉၂၉၅၀၂၀
ဦးအောင်စိုးဦး ဖုန်း-၀၁-၂၂၅၃၉၉
ဦးအေးထွန်း ဖုန်း-၀၉-၅၁၅၉၂၇၂
ဦးအောင်လှ(ရဲကျော်စွာ) ဖုန်း-၀၉-၅၅၅၃၃၅၅
ဦးစိုးတင့်(၂) ဖုန်း-၀၉-၅၀၃၁၃၆၁
ဦးတင်မောင်မြင့် ဖုန်း-၀၉-၅၀၄၃၄၂၉
ဦးစိန်ထွေး ဖုန်း-၀၉-၃၁၀၆၆၀၆၄
ဦးဝင်းမြင့်(Press) ဖုန်း-၀၉-၅၁၂၈၈၂၀

အမည်မှန်

အထက ကျောက်တံတားကျောင်း Grade (1A)၌ ပညာသင်ကြားနေသော မညွန့်တင်အား မမေညွန့်တင် ဟုပြောင်းလဲခေါ်ဆိုပါရန်။ အဖအမည်မှန်မှာလည်း ဦးသိန်း[၁၃/ဖခန(နိုင်)၀၁၈၄၄၄]ဖြစ်ပါကြောင်း။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၇၈၀)၊ အကျယ်အဝန်း(၄၀ ပေ×၆၀ ပေ)ရှိပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပေါ်ဦးလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ အမှတ်(၇၈၀)ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် ဒေါ်မြင့်စိန်(ISN-၃၁၄၆၈၂)အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ပါမစ်မြေကွက်အားလက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရွှေနု[၁၂/ရကန(နိုင်)၀၆၅၉၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသောအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းမော်(စဉ်-၈၈၂၆)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဒီ)၊ (၃၆)လမ်း၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉ ၅၅၀၀၃၁၂၉၂

အမည်ပြောင်းလဲခေါ်ပါရန်

အဖဦးသိန်းဇံ၏သား အဌမတန်း(င) အလက(၁၀)မှ မောင်နိုင်နိုင်အား မောင်ရဲမွန်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲမွန်အောင်

ကန့်ကွက်ချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၁)၊ လူနေရပ်ကွက်အမှတ်-ဂ၊ မြေကွက်အမှတ်- ၇၃(ခ)၊ အလျား ၂၉'/၄၄'. ၆''၊ အနံ ၄၂' / ၄၆'၊ နှစ်(၆၀)ဂရန်မြေနှင့်ပတ်သက်၍ ၂၂-၈-၂၀၁၃ နေ့ထုတ် ကြေးမုံသတင်းစာ၌ ကျွန်ုပ်၏အမှုသည် များဖြစ်သော ဦးကျော်ကျော်လွင်[၁၂/ကမရ(နိုင်)၀၀၂၃၉၆]နှင့် မသန္တာလွင်လွင်အောင်[၁၂/ကမရ(နိုင်)၀၆၄၂၈၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မှ ကန့်ကွက်ခဲ့ပါသည်။ ယခုအခါ ဦးကျော်ကျော်လွင်၊ မသန္တာလွင်လွင်အောင်တို့နှင့် မွေးစားဖခင် ဦးထွန်းလှိုင်[၁၂/ကမရ(နိုင်)၀၄၂၁၂၀]တို့သည် ၄-၉-၂၀၁၃ရက်စွဲပါ အမွေပေးကမ်းလက်ခံခြင်းကတိစာချုပ်အရ မိသားစုဝင်များအကြား ပြေလည်မှုရရှိခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အချင်းဖြစ်မြေနှင့်ပတ်သက်၍ ကန့်ကွက်ခဲ့သည်ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးညွန့်(LL.B., D.B.L)
တရားလွှတ်တော်ရှေ့နေ (၅၁၄၂)
အမှတ်(၁၀/၁၂)၊ ပထမထပ်(အေ- ၅)၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၇၁၅၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ လူနေရပ်ကွက်အမှတ်(၃၀)၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ်(၇)၊ အခန်း(၁၀)အား ဦးငွေးမော်[၁၂/ကမရ(နိုင်)၀၀၈၇၃၄]ထံမှအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမြင့်ဦး[၁၂/ဗတထ(နိုင်)၀၂၀၂၈၉]က တိုက်ခန်း အမည်ပေါက်နှင့် နေထိုင်ခွင့်စာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇-D ၊ မြေကွက်အမှတ် ၅-အိုင်/ဘီ၊ မြေကွက်တည်နေရာအမှတ်(၃)၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ် ဒေါ်ခင်သန်းဝင်း၊ ဒေါ်ခင်ခင်လေး အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ထံမှအရောင်းအဝယ်စာချုပ်အမှတ် (၁၁၀၄/၂၀၀၁) ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်ကျော်မြင့်(လူပျိုကြီး)ဘဝဖြင့် ကွယ်လွန်သဖြင့် ဦးသောင်းဆွေ[၁၂/ကမတ(နိုင်)၀၃၆၂၅၄]နှင့် ဦးဇော်ထူး[၁၂/စခန(နိုင်)၀၁၇၆၆၁]တို့က မွေးချင်းညီအစ်ကိုများ တော်စပ်ကြောင်း ကျမ်းကျိမ်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ် စာပေ လူ့မိတ်ဆွေ

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၇ (ကမာရွတ်)၊ မြေကွက်အမှတ်- (၂-L/၁. က)၊ ဧရိယာ (၀. ၁၀၉)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မြကန်သာ(၂)လမ်း၊ အမှတ်(၆၈၃/A-1)ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်ကျော်(ခ) ဦးကျော်ကျော်လှိုင်[၁၂/စခန(နိုင်)၀၂၃၁၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၃၀၇)
တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၆၀၆၀၇

ပျောက်ဆုံး

ကျွန်တော်မောင်အေးမင်းထွန်း[၁၀/မဒန(နိုင်)၂၁၀၈၁၈]၏ P.PNOA-367309 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း -၀၉-၇၃၀၅၉၇၂၅

ကျေးဇူးဆပ်ပါမည်

ဦးစံလင်း[၁၂/ကမတ(နိုင်)၀၁၂၅၂၀]၏ ပါမစ် No.ISP IDV8 12-13 19922 (07-11-2012)IMPORT DECLARATION NO.8025 ကားပါမစ်နှင့် ID စာရွက်စာတမ်းများပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၃၀၀၇၄

ရွှေပုပ္ပါးဆေးခန်းမျက်နှာစာ (၁၀-၁၂) တွင် ဆေးခန်းနှင့် ဆက်စပ်သောလုပ်ငန်း(သို့) မျက်မှန်လုပ်ငန်းနေရာငှားရန်ရှိသည်။

ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်းစင်တာဘေး၊ဆရာစံလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၃၃၂၃၆

အမည်ပြောင်းခြင်း

ဦးသန့်ဇင်၏သမီး ဗိုလ်တထောင်၊ အထက(၄)Grade-8(A)မှ မချိုစစ်ဟန်အား ယနေ့မှစ၍ မဆုသဒ္ဒါဟု ပြောင်းလဲခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်နေဗလ (အဖ) ဦးတင်မြင့်၏သား မနလအမှတ် (၃၇၉၀၇) Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၃၇၆၉၂၊၀၉-၄၂၁၇၄၅၆၂၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၂၉ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ်(၈၁)၊ အခန်း(၂) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ဦးသိန်းဝင်း(ကွယ်လွန်)သူ၏တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော ဇနီးဖြစ်သူ ဒေါ်ခင်ဆင့်(LKW-050197)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူများသည် တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇင်သင်းအောင်(စဉ်-၁၀၇၁၁)	**ဒေါ်ယမင်းလတ် (စဉ်-၈၅၆၄)**
(LL.B)	**LL.B.,D.B.L,WIPO Switzerland**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ်-၂၇၈/၁၊ ကျောင်းလမ်း၊ ၂၅ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၁၂၁၀၊ ၀၉-၇၃၂၅၆၈၃၆၊ ၀၁-၅၆၃၉၄၅

ကျေးဇူးဆပ်ပါမည်

ဦးမြင့်သိန်း ပဲ့နင်းမျှူးလက်မှတ်အမှတ် REV-၁၂၁၇/၀၈(၃-၇-၀၈) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၀၆၂၃၁၀

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ တာဝရေတံခါးကျေးရွာ၊ ဒသမတန်း(A) မှ မဝင်းထက်ထက်အောင်၏ ဖခင် အမည်မှန်မှာ ဦးအောင်မျိုးဝင်းဖြစ်ပါသည်။

ဖခင်အမည်မှန်

အထက(၁)၊ လှိုင်သာယာ၊ ဒသမတန်း ECO (S)မှ မောင်ဖိုးချစ်၏ ဖခင်အမည် အမှန်မှာ ဦးသိန်းဇော် [၈/မသန(နိုင်)၀၆၄၆၇၂] ဖြစ်ပါ သည်။

ဦးသိန်းဇော်

အမည်မှန်

နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် [၁/မကန(နိုင်)၀၂၀၃၀၆]ကိုင်ဆောင်သော ဦးဂျိန်ဖောက်တန်ဂွန်း၏ အမည်မှန်သည် “ဦးတန်ဂွန်း” ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

အင်းစိန်မြို့နယ်၊ ဈေးကုန်းအရှေ့ရပ်ကွက်၊ ရထားရဲစခန်းဝင်းနေ(ဘ)ဦးစိုးလင်း၊ အမိဒေါ်မာမာဝေတို့၏သား မောင်ဝင်းမြတ်ပိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၅-၉၅ဖြစ်ပါသည်။

မောင်ဝင်းမြတ်ပိုင်

ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၃) ဒသမတန်း၊ အခန်း(F)မှ မအိမြမော်နှင့် အခန်း(G)မှ မအိမြသော် အမြွှာညီအစ်မ၏ ဖခင်မှာ ဦးစိုးဝင်းဖြစ်ပါသည်။

ဦးစိုးဝင်း
ရတနာမာရ်အောင်ရပ်၊
မိတ္ထီလာမြို့

အမည်ပြောင်း

ပဲခူးမြို့၊ အထက(၃)၊ ဒသမတန်း(F)မှ အဖ ဦးသန်းဦး၏သား မောင်ထက်မြတ်အား မောင်ထက်ဖုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

သင့်သွေးဖြင့်အသက်ကယ်ပါ

သက်ဆိုင်ပါက ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၊ မြေကွက်အမှတ်(၂၅၆)၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)၊ ဧရိယာ(၀.၀၅၅) ဧက၊ မြေငှားစာချုပ်တွင် ဒေါ်ခင်ခင်အေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ ဘုရင့်နောင်လမ်း၊ အမှတ်-၂၅၆ ဟုခေါ်တွင်သော အဆောက်အအုံ (ယင်းအဆောက်အအုံတွင် တပ်ဆင်အသုံးပြုနေသော ရေစက်၊ ဖုန်းအမှတ်-၆၁၀၉၂၁ အပါအဝင်) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်နေထိုင် စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ခင်အေး[၇/ရတရ(နိုင်)၀၇၁၀၆၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေအတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ပြုလုပ်ရန် ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ထွန်းကို (LL.B)	**အောင်လံ-ဦးသန်းအေး**
အထက်တန်းရှေ့နေ(စဉ်-၃၀၆၈၀)	**LL.B, M.A(Business Law)**
	တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၈၂)

အမှတ်-၅၆၅၊ M.A.C Tower၊ ပထမထပ်၊ အခန်း(၁၀၃-စီ)၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၇၄၂၆

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးချစ်ဟန်၏စက်ခန်းအုပ် အထူးမွမ်းမံသင်တန်းလက်မှတ် အပတ်စဉ်-၂/ ၂၀၁၂ ရက်စွဲ ၆-၈-၂၀၁၂၏ သင်တန်းလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၉၂၇၀၁၂၅**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ထွန်းထွန်းအောင် ကိုင်ဆောင်သော ပတ်စပို့ No.A.159252 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၄၂၁၀၅၃၉၇၈

အမည်ပြောင်း

ပဲခူးမြို့၊ အထက(၃)၊ သူငယ်တန်း(A)မှ အဖ ဦးသန့်ဇော်လင်း၏သမီး မစုဝါဝါထွန်းအား မသီရိလင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၇-၂၀၁၃ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)ပါကန့်ကွက်နိုင်ကြောင်းကြော်ငြာ လှိုင်မြို့နယ် ဒေါ်လင်းလင်းအောင်+၁၏ပိုင်ဆိုင်မြေပုံကူးတွင် ၂၀၀၈ ခုနှစ် အရောင်းမြေပုံ ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

အရွယ်မရောက်သေးသောသူငယ်ကိုအုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁။)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈၅

ဒေါ်ခင်မာဦး
(က)ရပ်ကွက်၊ ယ-၂/၆၁၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ လျှောက်သူ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ယ-၂/၆၁ နေ အရွယ်မရောက်သေးသူကလေး ဝင့်ဒါလီကျော်နှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း။

ဒေါ်ခင်မာဦး မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (က)ရပ်ကွက်၊ ယ-၂/၆၁ နေ ဒေါ်ခင်မာဦးက အပေါ်က အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသူကလေး ဝင့်ဒါလီကျော်၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် ဆိုင်ဆိုရန် ချိန်းချက်မူသည်။

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့၊ (၈)ခန်းတွဲ၊(၄)ထပ်လူနေဆိုင်ခန်း အမှတ်(၃၀၄)ကို အမည်ပေါက် ဦးထွန်းလင်းဦး[၁၂/ဗဟန(နိုင်)၀၀၄၁၈၂]ထံမှ စာချုပ်စာတမ်းများဖြင့် တရားဝင်ဝယ်ယူထားသူ ဦးရဲလင်းထွန်း[၇/ပခန(ပြ)၀၀၂၂၁၀]အမည်ပြောင်း၍ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် (A/O) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲတွင် ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်(၈၆၇/က)၊ မြေကွက်တည်နေရာအမှတ်(၈၆၇/က)၊ ကျော်သူလမ်း(၂၀)၊(၉)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊(ဦးထွန်းဖေ)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းဖေနှင့်ဇနီး ဒေါ်စောကွယ်လွန်သဖြင့် ဦးသောင်းလှိုင်[၁၂/ဒဂန(နိုင်)၀၀၅၅၀၀]၊ ဒေါ်ခင်မြင့်[၁၂/ဥကတ(နိုင်)၀၂၄၉၂၈]၊ ဒေါ်ထွေးရီ[၁၂/ဥကတ(နိုင်)၀၃၀၃၆၉]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်အမှတ်(၃၉၅)၊ ကန်ဦးလမ်းနေ ဦးစန်းမောင်-ဒေါ်နှင်းရွှေတို့၏သမီးဖြစ်သူ ဒေါ်သန်းသန်းဦး[၁၂/သဃက(နိုင်)၀၉၃၅၇၁]သည် မိသားစု၏ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်-ဦးစန်းမောင်
[၁၂/သဃက(နိုင်)၀၉၅၂၇၁]
မိခင်-ဒေါ်နှင်းရွှေ
[၁၂/သဃက(နိုင်)၀၉၄၃၅၈]

အထူးကျေးဇူးတင်ရှိခြင်း

ဦးအောင်လွင် အသက်(၇၇)နှစ်

ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) (ကြည်း - ၈၇၉၆)

အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းနာယက

၂၇-၈-၂၀၁၃ ရက်တွင် ကွယ်လွန်သွားခဲ့သည့် ဖခင်ကြီး ဦးအောင်လွင်၏ နာရေးကိစ္စအား ဝမ်းနည်းကြောင်း လူကိုယ်တိုင်နှင့် တယ်လီဖုန်း၊ ကြေးနန်းတို့ဖြင့် နှစ်သိမ့်အားပေးပြီး လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများနှင့် သတင်းမီဒီယာများမှ ဝမ်းနည်းကြောင်း ထည့်သွင်းပေးပို့ခဲ့ကြသည့် စစ်ဘက်၊ နယ်ဘက်၊ အဖွဲ့အစည်းအသီးသီးမှ ရဲဘော်၊ ရဲဘက်၊ လုပ်ဖော်ကိုင်ဖက်များ၊ ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများ၊ အထူးသဖြင့် ဖခင်ကြီး၏နာရေးကိစ္စအဝဝအား အစစအရာရာ လိုလေးသေး မရှိအောင် ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသော ဖခင်ကြီးသက်ရှိထင်ရှားရှိစဉ်က ဖခင်ကြီးနှင့်အတူ တက်ကြွစွာလက်တွဲ ဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ အမှုဆောင်များနှင့်ဝန်ထမ်းများ၊ ညီနောင် အသင်းအဖွဲ့အသီးသီးမှ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများအားလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအားလည်းကောင်း၊ ဖခင်ကြီးအားရည်စူး၍ လှူဖွယ်ဝတ္ထုအစုစုတို့ပေးပို့ကြသူများအားလည်းကောင်း၊ အခြားကျေးဇူး တင်ထိုက်သူများအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိုးမြင့်
အသက်(၆၇)နှစ်
(နေလင်းထိုက်၊ဘောင်းတော်လုပ်ငန်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇၇၉)၊ မာဃ(၈)လမ်း၊ (၁၂) ရပ်ကွက်နေ (ဦးဖိုးလှ-ဒေါ်အုန်း)တို့၏ သား၊ (ဦးမောင်တင်-ဒေါ်အေးရင်)တို့၏ သားသမက်၊ ဒေါ်စိန်စိန်၏ ခင်ပွန်း၊ ဦးထွန်းဆိုင်-ဒေါ်နွဲ့တို့၏ညီ၊ ဦးဇော်မြင့်-ဒေါ်မြင့်မြင့်စန်း(ပြည့်စုံဘောင်းတော် လုပ်ငန်း)၊ (ဦးကျော်ဝေ)-ဒေါ်စန်းစန်းဝေ (Asia Workd Indu)၊ ဦးတေဇာမျိုး (ခင်မောင်ညွန့်ထရေးဒင်း)-ဒေါ်လှလှဝေ၊ ဦးမျိုးညွန့်အောင်(လက်ထောက်အထွေထွေမန်နေဂျာ၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ဇင်မာလွင်၊ ဦးစိုးမင်းထိုက်(ငွေဇင်ယော် စတိုး)-ဒေါ်နယ်လီဝင်းဇော်၊ ကိုနေလင်းစိုးတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၆-၉-၂၀၁၃ (သောကြာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊
တောင်ပြင်ထီးလင်းတိုက် တိုက်အုပ်ဆရာတော်

ဘဒ္ဒန္တဇောတိကာဘိဝံသ
သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

(ပါဠိပါရဂူ၊သိရီပဝရဓမ္မာစရိယ၊သကျသီဟဓမ္မာစရိယ၊သက္ကတ၊ပါကဋ၊ပါဠိ၊ဟိန္ဒီ၊အင်္ဂလိပ် ဥတ္တရမဇ္ဈိမ ဆန်းဆကရစ်ယူနီဗာစီတီ ဗာရာဏသီအိန္ဒိယ)

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ တောင်ပြင်ထီးလင်းတိုက်၏ ပဓာနနာယက တိုက်အုပ်ဆရာတော်၊ ချမ်းမြသာစည်မြို့နယ် သြဝါဒါစရိယ၊ ပရိယတ္တိသာသနဟိတအသင်းကြီး၏ သြဝါဒါ စရိယ မဟာမုနိဂေါပက သြဝါဒါစရိယ၊ မန္တလေး သာသနာ့တက္ကသိုလ်ပါမောက္ခချုပ် (ဟောင်း)ဖြစ်တော်မူသော ဘဒ္ဒန္တဇောတိကာဘိဝံသ မဟာထေရ်မြတ်သည် (၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ရက်) ၄-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်) ၁၀-၉-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် တောင်အင်း-မြောက်အင်းသို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပန ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအပ်ပါသည်။

အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်အေးနုတင် (၉၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၄)၊ (၄၉)လမ်းနေ ကျောင်းအုပ်ဆရာကြီး (ဦးသာရင်-ဒေါ်ဖွားရင်)တို့၏သမီးကြီး၊ [ဦးကျော်မြင့် (လူဝင်မှုကြီးကြပ်ရေးဝန်ထောက်-ငြိမ်း)]-ဒေါ်ခင်သန်းမြင့် (USA)၊ ဒေါ်လှမေ-(ဗိုလ်မှူးယော) (တပ်မတော်ရေ-ငြိမ်း)တို့၏အစ်မ၊ Keith (USA)၊ Melody(USA)၊ Byoon (USA)တို့၏ ကြီးတော်၊ ဦးသောင်းတင်၏ဇနီး ဒေါ်အေးနုတင် (USA)သည် ၅-၉-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် Fort Worth မြို့၊ Texas, USA ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်သန်းဝင်း (၆၃)နှစ်

တာမွေမြို့နယ်၊ အမှတ်(၁)၊ အောင်သုခလမ်းနေ (ဦးအုန်းကြိုင်-ဒေါ်တင်ကြည်)တို့၏ သမီးကြီး၊ (ဦးဘာဘူ-ဒေါ်စိန်)တို့၏ သမီးချွေးမ၊ ဦးကျော်မြင့် (ခေတ္တ-U.S.A)၏ ချစ်လှစွာသောဇနီး၊ ဦးသူမင်းထိုက် (မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာ၊ ဆွစ်ဇာလန်နိုင်ငံ)-ဒေါ်မေခင်သွယ်၊ ဦးကျော်ရာဇာ(SM Shipping Co., Ltd.)-ဒေါ်သက်ထားဆွေ၊ ဗိုလ်ကြီးမင်းမင်းလတ်-မစုသက်ကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဒေါ်ခင်သန်းဌေး၊ ဒေါ်အေးအေးမူ၊ (ဦးအေးမင်း)၊ ဦးတင်ဇော်၊ ဒေါ်သင်းသင်း၊ ဒေါ်ရီရီထွန်း၊ ဦးစိုးပိုင်တို့၏ ချစ်လှစွာသောအစ်မကြီး၊ မအိမေဖူးမောင်၊ မောင်သူရမင်းမောင်၊ မရွှေဘုံစံ၊ မောင်ဟန်သုတတို့၏အဘွား၊ (၂၁၂)၊ ရွှေဂုံတိုင်တာဝါ၊ အမှတ် (၆၀၃)၊ ငါးလွှာ၊ တိုက်(A)နေ ဒေါ်ခင်သန်းဝင်းသည် ၅-၉-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၄း၂၄ နာရီတွင် ရွှေဂုံတိုင် (SSC) ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါ ရွှေဂုံတိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

Mr. S.K. Ghosh
အသက်(၉၄)နှစ်

ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဥပဒေပညာရှင်၊ ရှေ့နေချုပ်ရုံး

Mrs. Ira Ghosh ၏ ခင်ပွန်း Mr. S.K. Ghosh သည် ၁-၉-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်နှင့်
တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ

အထူးဝမ်းနည်းကြေကွဲခြင်း

Pyi Phyo Tun Int'L Co.,Ltd & Aung Myat Phyo Int'L Co.,Ltd. တို့၏မိခင်ကြီး ဒေါ်တင်နာ၏ခင်ပွန်း၊ Dr.အောင်လွင်-ဒေါ်သက်စန္ဒာ၊ ဦးလှသန်း-ဒေါ်ခင်သန်းရီတို့၏ဖခင် ဦးရွှေကျင်(မြိတ်) အသက်(၉၅)နှစ်သည် ၄-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

SIN SOON HOCK SDN BHD
2-7-26 Harbour Trade Centre,
Gat lebuh Macallum, 10300 Penang, Malaysia

အထူးဝမ်းနည်းကြေကွဲခြင်း

မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌဦးလှသန်း၏ ဖခင် ဦးရွှေကျင်(၉၅)နှစ်သည် ၄-၉-၂၀၁၃ရက်၊ မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ နတ်လမ်း ဒါယကာကြီး

ဦးချုံငါး(ခ)ဦးခင်မောင်လွင်(ခ)မော်စီဟုတ်
အသက်(၆၉)နှစ်

တပင်ရွှေထီးဆန်စက်၊ ကျောက်တန်း
ကျောက်တန်းမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ
ကျောက်တန်းမြို့နယ် ကျန်းတိတ်ဘုံကျောင်းအသင်းဥက္ကဋ္ဌ

ကျောက်တန်းမြို့၊ မင်းကျောင်းလမ်း၊ အမှတ်(၁၇)နေ ဒေါ်ခင်ခင်အေး၏ ခင်ပွန်း ဦးချုံငါး(ခ)ဦးခင်မောင်လွင်(ခ)မော်စီဟုတ်သည် ၄-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့
ရန်ကုန်တိုင်းဒေသကြီးဆန်စက်လုပ်ငန်းရှင်များအသင်း

အထူးကျေးဇူးတင်ရှိခြင်း

ဒေါ်ခင်ခင်(ရေနံချောင်း)
အသက်(၈၄)နှစ်

၄-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်(ရေနံချောင်း) အား မကျန်းမာစဉ်မှစ၍ မေတ္တာဖြင့်ကုသစောင့်ရှောက်ပေးခဲ့သော ဦးနှောက်နှင့်အာရုံကြော အထူးကုသမားတော်ကြီး တွဲဖက်ပါမောက္ခ ဦးသန့်ဇင်စိုး၊ ခိုင်ဆေးကုခန်းမှ ဒေါက်တာ ဒေါ်ခင်ခင်သက်၊ အောင်သပြေဆေးကုခန်းမှ ဒေါက်တာဦးသိန်းဝင်း၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ် ဆရာဝန်ကြီး ဒေါက်တာဦးကျော်စိုးကျော်နှင့်တကွ သုခကမ္ဘာဆေးရုံမှတာဝန်ရှိ ဆရာဝန်ကြီးများ ဆရာ/ဆရာမများနှင့် သူနာပြုဆရာမများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ဝိတိုရိယဆေးရုံမှ တာဝန်ရှိ ဆရာဝန်ကြီးများ၊ ဆရာ/ဆရာမများနှင့် သူနာပြု ဆရာမများ၊ ဝန်ထမ်းများအား လည်းကောင်း၊ နာမကျန်းဖြစ်နေစဉ်တွင် လာရောက်ကြည့်ရှုအားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ နာရေးကိစ္စအဝဝတို့အား အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းကူညီ ပေးကြသော စီးပွားရေးတက္ကသိုလ်မှ ငယ်သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်မိရပ်ဖ များအားလည်းကောင်း၊ နှစ်သိမ့်အားပေးကြသော ပြည်တွင်းပြည်ပမှ သူငယ်ချင်းများ၊ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်းနှင့် မေတ္တာပို့သအလှူဒါနပြုပေးခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ခင်ကြီး (၈၅)နှစ်

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်မြို့
၈-၉-၂၀၁၀ - ၈-၉-၂၀၁၃

ဇနီး/ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်ကြီးသည် AUSTRALLA နိုင်ငံ SYDNEY မြို့တွင် ကွယ်လွန်ခဲ့သည်မှာ ၈-၉-၂၀၁၃ ရက်တွင် (၃)နှစ်ပြည့်မြောက်ပြီးဖြစ်သော်လည်း မိသားစုအားလုံးမှာ နေ့စဉ်သတိရလွမ်းဆွတ်လျက်ပါ။ ဇနီး/မိခင်ကြီးအားရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် လှူဒါန်းခဲ့သော ဒါန၊ သီလ၊ ဘာဝနာနှင့် ဝိပဿနာကုသိုလ်အစုစုကို စဉ်ဆက်မပြတ် လှူဒါန်းအမျှပေးဝေလျက်ရှိပါသည်။ မေမေရရှိခံစားနိုင်ပါစေ။

၈-၉-၂၀၁၃ ရက်တွင်လည်း မုံရွာမြို့နယ်၊ မုံရွေးရှိ ဆွေမျိုးအကြီးအကဲ၊ ရွှေတိုက်ဝန်မင်းတည်ထားကိုးကွယ်သည့် ရွှေကျောင်းကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဦးသူရိယနှင့် ရတနာမာရ်အောင် ကျောင်းတိုက်ဆရာတော် ဦးဉာဏ္ဍောဘာသတို့အား နဝကမ္မဝတ္ထုငွေများ ကပ်လှူခြင်း၊ ၈-၉-၂၀၁၃ ရက်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တကုန်းတော်လုံး ညလုံးပေါက် လျှပ်စစ်မီးပူဇော်ခြင်း၊ ရန်ကုန်မြို့ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် ဘိုးဘွားရိပ်သာတို့တွင် ထာဝရဘက်စုံငွေပဒေသာပင်များ လှူဒါန်းခြင်း၊ ၂၉-၈-၂၀၁၃ ရက်တွင် ကျင်းပသည့် ရွှေတိုက်ဝန်မင်းတည်ထားကိုးကွယ်သည့် စည်းခုံကြီးဘုရားပွဲတော်အတွက်လည်း လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုအစုစုကို ပြုလုပ်လျက် ရေစက်သွန်းချအမျှပေးဝေပါတယ်။

ဇနီး/မိခင်ကြီး သက်ရှိထင်ရှားရှိစဉ်ကတည်းက လှူဒါန်းထားခဲ့တဲ့ သာသနာကောင်းကျိုးနှင့် တပည့်သားမြေးများအပေါ် တတ်စွမ်းသရွေ့ စောင့်ရှောက်ခဲ့သော ပရဟိတကုသိုလ်အားလုံးနှင့် ယခုလှူဒါန်းခဲ့သည့် ကောင်းမှုကုသိုလ်အစုစုတို့ကို မိခင်ကြီး၏မိဘများဖြစ်ကြသည့် ဘဘဘိုးရုံ၊ မေမေကြီးဒေါ်သိန်းစံနှင့်တကွ ဘဘဘိုးရုံ၏ ညီနောင်များဖြစ်ကြသည့် ဦးဘကျား(ကထိက-ရန်ကုန်တက္ကသိုလ်)၊ ဦးဆင် (လွှတ်တော်အမတ်-ညောင်ဦး)၊ ဦးဂျီ(ရောဝတီရုံး)၊ ဦးတက်ထွန်း(Landon)၊ ဦးတက်ခေါင်(ယစ်မျိုးဝန်ထောက်)၊ စည်သူဦးစိုးတင့်(ICS-စစ်ကိုင်းတိုင်းမင်းကြီး)၊ ဦးညိုမြ-အိုးဝေ (MA- Chicago-USA) (ICS)တို့အားလည်းကောင်း လှူဒါန်းခဲ့သည့် ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။ မြင့်မြတ်အေးချမ်းသောဘုံဘဝမှ ကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး ဝမ်းမြောက်ရွှင်လန်းစွာဖြင့် သာဓုအနုမောဒနာ ခေါ်ဆို၍ ယခုရောက်ရှိနေသောဘုံဘဝမှ ဆင်းရဲဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ဘုံနန်းသို့ ရောက်သည့်တိုင်အောင် အဆင့်ဆင့်မြင့်သထက်မြင့်စွာ တက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအမျှဝေအပ်ပါသည်။

ကျန်ရစ်သူမိသားစု
SYDNEY မြို့နေ ခင်ပွန်း ဦးစိန်မောင်နှင့်သားသမီးများ
ကိုဝင်းမောင်မောင်၊ ကိုစောမင်းမောင်၊ ကိုရန်မျိုးမောင်၊
ကိုမြတ်သူရစိန်မောင်၊ မခင်ချမ်းမြစိန်နှင့်
ဒေါ်ခင်သန်းသန်းအေး(နေပြည်တော်)
ဦးခင်မောင်ဌေး-ဒေါ်ခင်မြမြစိန်(ခေတ္တ SYDNEY)

ဘုရား၊ကျောင်း၊ဇရပ်ဒါယကာကြီး

ဦးကျွဲ (၈၇)နှစ်
(ဝဲလောင်ရွာ-တောင်သာ)

မန္တလေးမြို့၊ (၆၄)လမ်း၊ (၃၀×၃၁) လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်နေ ဦးကျော်ဆန်းဝင်း (ခရိုင်ဥပဒေအရာရှိ၊ ကသာမြို့)-ဒေါ်ချိုချို (လဝကမှူး-ငြိမ်း)၊ တောင်သာမြို့နေ ဦးခင်မောင်လင်း-ဒေါ်သန်းဆွေ(ကုန်စုံဆိုင်)၊ ဝဲလောင်ရွာနေ ဦးဝင်းတင့် - ဒေါ်ခင်ဌေးမြင့် (အလပြ-ငြိမ်း)၊ ဒေါ်ခင်အေးမြင့်၊ ဒေါ်ခင်လေးတင့်၊ ရွှေတောင်မြို့နေ ဦးဝင်းဇော်(မန်/ဂျာ၊ ရွှေတောင်အထည်စက်ရုံ)-ဒေါ်ဆွေဆွေ တို့၏မွေးသဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်တင်မွေး)၏ခင်ပွန်း ဦးကျွဲသည် ၃-၉-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ဝဲလောင်ရွာသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးရွှေကျင်(မြိတ်)
အသက်(၉၅)နှစ်

မြိတ်မြို့၊ တပ်ပြင်ရပ်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် (၁၄၁)နေ (ဦးရှောက်ခေါ်-ဒေါ် ဖွားကာ)တို့၏ သား၊ ဒေါ်တင်နာ၏ ခင်ပွန်းသည် ၄-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် သပြေပင် ကလွင်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဒေါ်ခင်စောအေး (၆၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း (၁)လမ်းနေ (ဦးစံထွန်းကျော်-ဒေါ်ကြာဖုံဦး)တို့၏ သမီး၊ (ဦးကျော်လှဦး-ဒေါ်နု့သာဖြူ)တို့၏ သမီးချွေးမ၊ ဒေါ်ခင်မေကြည်၊ (ဦးခင်သိန်း)တို့၏ညီမ၊ (ဦးမောင်ရွှေ)၊ ဒေါ်ကျော်ကျော်တို့၏ အစ်မ၊ ဦးထွန်းငြိမ်း၏ချစ်လှစွာသောဇနီး၊ မောင်ကျော်လင်းထွန်း၊ မောင်အေးကိုထွန်း၊ မောင်ဝင်းကိုထွန်း၊ မောင်မျိုးထွန်း၊ (မောင်လှိုင်ထွန်း)၊ မခိုင်သဇင်ဦးတို့၏မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်ခင်စောအေးသည် ၅-၉-၂၀၁၃ရက် နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၉-၂၀၁၃ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဆရာမကြီးဒေါ်မေမေခင်
အသက်(၈၈)နှစ်

အလက(၁) မင်္ဂလာတောင်ညွန့်
ဖို့မြေကျောင်း

အမှတ်(၄၆)၊(၁၃၇)လမ်း၊မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ [ဒါဝတ်မန်း(မ်)ဆာ-ဒေါ်ပုစိန်] တို့၏သမီးကြီး၊ [ဗိုလ်ကြီးဘသန်း (တပ်မတော်-ရေ)- ဒေါ်ရီရီသန်း]တို့၏ညီမ၊(ဒေါ်ကြည်ကြည်ခင်)-ဦးညို(လက်ထောက် ငွေစာရင်းမင်းကြီး)၊ [အရာခံဗိုလ်လှဖေ (တပ်မတော်-ရေ)]-ဒေါ်တင်အေး၊ ဒေါ်ခင်စန်းရီ၊ ဦးမျိုးမြင့်(ကျောင်းသားရေးရာ-ငြိမ်း)၊ ဒေါ်ခင်ခင်ထွေး-ဦးအောင်မြင့် (စာရင်းစစ်မှူး-ငြိမ်း)တို့၏အစ်မ၊ တူ/တူမ ၁၅ယောက်တို့၏အဒေါ်၊ မြေး ၂၃ ယောက်တို့၏အဘွား ဒေါ်မေမေခင်(ခ) ဆရာမဟာဖစ်ဘီသည် ၄-၉-၂၀၁၃ရက် ည ၉း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၉-၂၀၁၃ရက် ဇိုဟိုရ်အပြီး ရေဝေးစွန္နီဥယျာဉ်ကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးဒေါ်တင်တင်စန်း၏ မိခင် ဒေါ်စန်းမြင့် ကွယ်လွန်သွားကြောင်း သိရ၍မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရောဂါဗေဒအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

အထူးကျေးဇူးတင်ရှိခြင်း

၃-၉-၂၀၁၃ ရက် (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားသော ဒေါ်တင်တင်ဝင်း၏ နာမကျန်းဖြစ်စဉ်က မိသားစုသဖွယ် စေတနာမေတ္တာဖြင့် ဂရုတစိုက် ဆေးကုသပေးသည့် အထွေထွေနှင့် အသည်း၊ အစာအိမ်၊ အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါ်သန်းသန်းအေး နှင့် အောင်ရတနာဆေးရုံမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ နာရေးကိစ္စကို ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေ သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ ဖုန်းနှင့်တစ်မျိုး၊ လူကိုယ်တိုင်လာရောက် အားပေးကြသူများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိ ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလင်းသောင်း (၆၃)နှစ်
M.D,L.T. Resources Co., Ltd.

ဗိုလ်မှူးကြီးအောင်ကျော်ဇော်(ငြိမ်း)-ဒေါ်သူဇာမြင့်တို့၏ညီ ဦးလင်းသောင်း အသက်(၆၃)နှစ်သည် ၃၁-၈-၂၀၁၃ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရွှေနေချုပ်ရုံး)

အထူးဝမ်းနည်းကြေကွဲခြင်း

International Business Promotion Centre မှ အဖွဲ့ဝင်ဖြစ်သော ဒေါက်တာအောင်လွင်၏ဖခင် ဦးရွှေကျင်(မြိတ်) အသက်(၉၅)နှစ်သည် ၄-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအိုက်ထွန်း(ဥက္ကဋ္ဌ)
နှင့် အဖွဲ့ဝင်များ
International Business
Promotion Centre

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးရွှေကျင်(မြိတ်)
အသက် (၉၅)နှစ်

Dr. အောင်လွင် (M.D ပြည့်ဖြိုးထွန်းကုမ္ပဏီ)-ဒေါ်သက်စန္ဒာ၊ ဦးလှသန်း (Director ပြည့်ဖြိုးထွန်းကုမ္ပဏီ)-ဒေါ်ခင်သန်းရီတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်တင်နု၏ ချစ်လှစွာသောခင်ပွန်း ဦးရွှေကျင် အသက်(၉၅)နှစ်သည် ၄-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်နိုင်-ဒေါ်ကြည်ကြည်ဆွေမိသားစု
မြန်မာသူကြီးကုမ္ပဏီ၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးလှသိန်း (၈၁)နှစ်
လက်ထောက်အင်ဂျင်နီယာချုပ်(ငြိမ်း)
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင် သက်ကြီးကန်တော့ခံပုဂ္ဂိုလ် ဦးလှသိန်း (လက်ထောက်အင်ဂျင်နီယာချုပ်-ငြိမ်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း) သည် ၄-၉-၂၀၁၃(ဗုဒ္ဓဟူးနေ့) ည ၁၀း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်

မြန်မာ့လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသရေးနှိုးဆော်ချက်

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော အေးဒီးစ်(ခေါ်) ခြင်ကျား (ခြင်ပုန်း) အကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားသော ရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါ သည် အသက်အရွယ်မရွေး၊ ကလေး လူကြီးအားလုံးတွင် ဖြစ်ပွားနိုင်ပါသည်။ အသက်(၁၅)နှစ်အောက် ကလေးများတွင် ပိုမိုဖြစ်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် စောစီးစွာမကုသပါက အသက်သေဆုံးနိုင်သဖြင့် အချိန်မီကာကွယ်ကုသရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်၍ ခြင်ကျား(ခေါ်)ခြင်ပုန်း မပေါက်ပွားစေရန်နှင့် မိမိတို့ ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

၁။ ကလေးများအား အကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ပေးပါ။
၂။ ကလေးများ အိပ်သည့်အခါတိုင်း နေ့/ည မရွေး ခြင်ထောင်ဖြင့် အိပ်ပါ။
၃။ လေကောင်း၊ လေသန့်နှင့် အလင်းရောင်ရရှိစေရန် ပြတင်းပေါက်များ ဖွင့်ထားပါ။
၄။ အိမ်တွင်း၊ အိမ်ပြင် ပတ်ဝန်းကျင်သန့်ရှင်းစွာထားပါ။
၅။ အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော ချိုင့်ခွက်များတွင် ပိုးလောက်လမ်း မပေါက်ပွားနိုင်အောင် မြေဖို့ပါ။
၆။ ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများ၊ ရေလှောင်ကန်များတွင်ပိုးလောက်လမ်း မပေါက်ပွားစေရန်လုံခြုံစွာဖုံးအုပ် ထားပါ။
၇။ ဘုရားစင်၊ နတ်စင်များမှ ပန်းအိုးများနှင့် အလှုပန်းအိုးများ၊ ရေအိုးများကို ပိုးလောက်လမ်းများ ကင်းစင်စေရန် နေ့စဉ် တိုက်ချွတ်၍ ရေလဲလှယ်ပေးပါ။
၈။ ဘူးခွံ၊ ပုံးခွံ၊ တာယာဟောင်းများ၊ အိုးခြမ်းပဲ့၊ ပလတ်စတစ်အိတ်၊အုန်းမှုတ်ခွက်စသည့် မိုးရေတင်ကျန်နိုင်သော နေရာများတွင် ပိုးလောက်လမ်းများ ပေါက်ပွားနိုင်၍ မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းပြုလုပ်၍ ရှင်းလင်းပါ။
၉။ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။
၁၀။ ရပ်ကွက်/ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် (ဖုံး၊ သွန်၊ လဲ၊ စစ်) လုပ်ငန်းများကို ပြည်သူလူထုမှ နေ့စဉ်၊ အပတ်စဉ် ပူးပေါင်းဆောင်ရွက်ပါ။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကိုဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီ ပို့ဆောင်ဆေးကု သမှု ခံယူရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



ဘုရားရဟန်းကျောင်းဒါယိကာမကြီး
ဒေါ်ကျင်လှမ် (၉၆)နှစ်
(ရွှေကျင်)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ (၈)လမ်းအနောက်၊ အမှတ်(၉၅၇)နေ (ဦးအင်အင်း-ဒေါ်ရွှေတင့်)တို့၏ သမီး၊ (ဒေါ်ကျင်လှ)၊ (ဦးကျင်မောင်)၊ (ဦးကျင်ပြည့်)၊ (ဒေါ်ကျင်မြိုင်)တို့၏ ညီမ/အစ်မ၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်ခင်ဝင်း၊ ဦးခင်မောင်စီ၊ ဦးခင်မောင်ရီ၊ ဒေါက်တာဒေါ်ကျင်ရီ၊ ဒေါ်ရန်ကင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်အဒေါ်၊ ဦးမောင်မောင်လွင်၊ ဦးညီညီလွင်၊ ဦးအောင်အောင်လွင်-ဒေါ်လှိုင်မေစီလွင်တို့၏အဘွား၊ ဦးအောင်ကျော်၏ဇနီးသည် ၆-၉-၂၀၁၃(သောကြာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၉-၂၀၁၃(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်စန်းကြည်
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၁၂)နေ (ဦးဘကျင်-ဒေါ်ညွန့်)တို့၏ သမီး၊ (ဦးကိုကိုကြီး)၏ ဇနီး၊ ဦးစိုးမြင့်သိန်း-ဒေါ်ခင်ခင်ညို၊ ဦးခင်ညွန့်-ဒေါ်အေးအေးမြင့်၊ ဦးသန့်ဇင်၊ ဦးတင်မြင့်-ဒေါ်ခင်ခင်ကြီးတို့၏ ချစ်လှစွာသော မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၆-၉-၂၀၁၃ (သောကြာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ရီ (၈၃)နှစ်
၂၇ လမ်း (လယ်)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၃) ပ-ထပ်(ယာ)နေ ဦးစံတင်၏ဇနီး၊ ဦးရဲမြင့်-ဒေါ်သန်းအေး၊ ဦးတင်ဦး-ဒေါ်သိန်းသိန်းအေး၊ ဦးကြည်ထွန်း-ဒေါ်ခင်အေးမူ၊ ဦးတင်မောင်လတ်-ဒေါ်ခင်စန်းသွင်၊ ဒေါ်ရီရီစံ၊ ဒေါ်သီသီစံတို့၏မွေးသမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၆-၉-၂၀၁၃ (သောကြာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

နတ်တလင်းအသင်း
ဦးလှသိန်း
အသက်(၈၁)နှစ်
အသင်းနာယက သက်ကြီးပူဇော်ခံ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (D-6)၊ ဟံသာရိပ်မွန်လုံးချင်းအိမ်ရာနေ (ဒေါ်ခင်ရွှေ)၏ ခင်ပွန်း၊ အသင်း၏နာယက၊ သက်ကြီးပူဇော်ခံ ဦးလှသိန်းသည် ၄-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍ ၆-၉-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးစံမြင့်
အသက် (၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဆွာမြို့နေ (ဦးရှိန်လေး-ဒေါ်ကြင်)တို့၏သားလတ်၊ မတင်တင်တိုး၏ခင်ပွန်း၊ သော်ဇင်ထက်၊ နှင်းအိမ့်ရတနာတို့၏ဖခင်၊ ဦးစံတင့်-(ဒေါ်စန်းနု)၊ ဦးဝင်းကြည်-ဒေါ်ငြိမ်းတင်တို့၏ညီ/မောင်၊ ဦးမော်ကြီး-(ဒေါ်ငြိမ်းခင်)တို့၏ အစ်ကိုသည် ၆-၉-၂၀၁၃ (သောကြာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအုန်းမြင့်
အသက်(၆၇)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်တွင်းအခွန်များဦးစီးဌာန

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၄)ရပ်ကွက်၊ (၆၂)လမ်း၊ (၉-၅/၇၃+၇၄)နေ (ဦးဘယား-ဒေါ်သိန်းညွန့်)တို့၏ သား၊ (ဦးဟန်ပို)-ဒေါ်ချစ်လှတို့၏သားသမက်၊ တောင်ကြီးမြို့နေ ဒုတိယဗိုလ်မှူးကြီးကျော်သူရ-ဒေါ်သန္တာမင်း၊ မန္တလေးမြို့နေ ဦးစည်သူကျော်-ဒေါ်သီတာဝင်း၊ ဦးမင်းသူရိန်-ဒေါ်ဝင်းမြတ်သူ၊ ဒေါက်တာနိုင်မင်းထွေးတို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုး၊ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး(ဒေါ်တင်မြင့်)၏ ချစ်လှစွာသောခင်ပွန်း ဦးအုန်းမြင့်သည် ၇-၉-၂၀၁၃(စနေနေ့) ညနေ ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မြို့သစ်အမှတ်(၄)ရပ်ကွက်၊ (၆၂)လမ်း၊ (၉-၅/၇၃+၇၄)နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်လံပို့ဆောင်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးအေးမူ (၄၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၃၀)၊ ဝါဝါဝင်းလမ်းနေ ဦးမြင့်သိန်းထွန်း(ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီး)၏ ဇနီး၊ ဗိုလ်ကြီးခိုင်ဇော်လင်း(လေညာ)၊ မောင်သန့်စင်ထွန်းတို့၏မိခင်၊ (ဦးအောင်မြင့်)-ဒေါ်ဖွားမြင့်တို့၏သမီး၊ (ဦးဘရှင်-ဒေါ်သန်း)တို့၏သမီးချွေးမ၊ ဦးဌေးမြင့်-ဒေါ်ငယ်တို့၏ညီမ၊ ဦးရဲထွဋ်-ဒေါ်စောစောမူ၊ ဦးစန်းမြင့်-ဒေါ်ဝါဝါဝင်း၊ ဦးအောင်သန်းနိုင်-ဒေါ်ခင်သီတာမြင့်တို့၏အစ်မ၊ ဦးညွှန့်ဌေး(တွဲဖက်ပါမောက္ခ-ငြိမ်း၊ YTU)-ဒေါ်သန်းသန်းဝေ (အလပြ-ငြိမ်း)၊ ဒေါ်အေးအေးဆွေ(အထပြ-ငြိမ်း)၊ ဒေါ်ခင်လေးတာ (အလပြ-ငြိမ်း)တို့၏ညီမ၊ ဒေါက်တာဆုဝေမွန်၊ မဆုမေမွန်တို့၏အဒေါ်သည် ၄-၉-၂၀၁၃ရက် နံနက် ၇း၁၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်- ၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သံတွဲခရိုင်အသင်း(ရန်ကုန်)
ဒေါ်ငွေတင် (၉၇)နှစ်
(သံတွဲ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၀)ရပ်ကွက်၊ အမှတ်(၈)၊ ဗိုလ်ဇင်ယော်လမ်းနေ (ဦးအရုင်-ဒေါ်ငွေသန့်)တို့၏သမီး၊ (ဦးမောင်ကြွေ)၏ဇနီး၊ ဦးကောင်းရှိန်-ဒေါ်ငွေ (ဦးကောင်းနှံ-ဒေါ်လုံးတုံး)တို့၏အစ်မ၊ (ဦးကျော်တင့်)-ဒေါ်တင်ကြွေ၊ ဒေါက်တာမြင့်ဝေ (MPRL E&P)-ဒေါ်ခင်ညိမ်း၊ (ဒေါ်ခင်ထားဝေ)၊ ဦးအောင်နိုင်ဝေ-ဒေါ်ခင်ဝင်း၊ (ဦးထွန်းနိုင်ဝေ)-ဒေါ်နုနုမာတို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၇-၉-၂၀၁၃ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ သံတွဲခရိုင်အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဖေမောင်မြင့်(မြင်းခြံ)
အသက်(၈၄)နှစ်

မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ လက်ဝဲမြင်းနီကျေးရွာနေ (ဦးဖိုးပြိုင်-ဒေါ်ရွှေခြုံ)တို့၏ သား၊ ညောင်ဦးမြို့နေ ကိုလွင်-မသီတာမြင့်၊ မဝေမာမြင့် (U.F.L၊ ရန်ကုန်တက္ကသိုလ်၊ ဂျာမန်ဌာန၊ လ/ထ ကထိက)တို့၏ ဖခင်ကြီး ဦးဖေမောင်မြင့်သည် ၇-၉-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီတွင် မြင်းခြံမြို့၊ (၅)ရပ်ကွက်၊ အမှတ်(၅/၁၀၃)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ဆူးဖြူကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ခင်စန်းမြင့်(ခ)မငြိမ်းငြိမ်း
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၄)၊ (ပ+ဒု ထပ်)၊ (၄၄)လမ်း၊ ကမ်းနားဘလောက်နေ ဦးမြင့်လွင်-(ဒေါ်ကျင်ရီ)တို့၏သမီးကြီး၊ ဦးတင့်အောင်-ဒေါ်သိန်းသိန်း၊ ဦးမောင်မောင်-ဒေါ်သန်းသန်းနု၊ ဦးအောင်သန်း၊ ဦးသောင်းရွှေ-ဒေါ်သင်းသင်းနိုင်၊ ဦးမင်းသိန်း-ဒေါ်ဝါဝါလွင်၊ ဒေါ်သီသီထွေး၊ ဦးဇေယျာလင်း-ဒေါ်ချိုနီလွင်တို့၏ အစ်မကြီးသည် ၆-၉-၂၀၁၃(သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်နှင့် မင်္ဂလာဈေးတို့မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၉-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး
အရာခံဗိုလ်မောင်စိန်(ငြိမ်း)
တပ်မတော်တပ်ထိန်း(ကြည်း)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက်(B-1)၊ အခန်း(၀၀၁)နေ (ဦးစံမင်း-ဒေါ်လုံးတင်)တို့၏ သား၊ ဒေါ်ရီ၏ ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်ကြူ(SAT-ငြိမ်း၊ အထက-၁၊ ဒဂုံ)၊ ဦးသက်ဦး(ဒုစက်ရုံမှူး၊ အမှတ်-၄၊ ဓာတ်မြေဩဇာစက်ရုံ၊ မြောင်းတကာ)-ဒေါ်ခင်ဖြူဖြူစိန် (ပ-အင်ဂျင်နီယာ၊ အမှတ်-၁၊ ရေနံချက်စက်ရုံ၊ သန်လျင်)၊ ဒေါ်မိမိခိုင်(အထက-၁၊ အလုံ)၊ ဒေါ်သက်သက်ခိုင်တို့၏ ဖခင်၊ ဒေါက်တာနေဝင်းကို (သီရိမင်္ဂလာဆေးခန်း)၊ ကိုနေလင်းညီ (Red Devil Men Fashion)၊ မောင်ဟိန်းထက်ဉာဏ် (Grade-8-A၊ အထက-၂၊ သန်လျင်)တို့၏အဘိုးသည် ၆-၉-၂၀၁၃ (သောကြာနေ့) နံနက် ၇း၀၅ နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၉-၂၀၁၃(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး
ဦးကျော်ညွှန့်(တောင်ငူ)
အသက်(၇၈)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်ကြီး(၁)၊ အပိုင်း(၉)၊ အမှတ်(၆)၊ ဧသီရိစတိုးနေ (ဦးချမ်းငြိမ်း-ဒေါ်အေး)တို့၏သား၊ (ဒေါ်ချိုချို)၏ခင်ပွန်း၊ တောင်ငူမြို့၊ (၁၁)လမ်း၊ အမှတ်(၁၅/၅၇)နေ ဦးကျော်စိန်-ဒေါ်ခင်မာဆွေတို့၏ ညီ၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်ကြီး(၁)၊ အပိုင်း(၉)၊ အမှတ်(၆)၊ ဧသီရိစတိုးနေ ဒေါ်တင်တင်နွယ်၊ ဒေါ်မြင့်မြင့်သွယ်၊ ဥူးကောဝိဒ (ဝိဇ္ဇောဒယ-သဲအင်း၊ ပြည်မြို့၊ ကျောင်းတိုက်)၊ ဥူးဝိမလ (ပြည်လုံးချမ်းသာ ဘောဂဝတီ မန္တရိုသာကျောင်းတိုက်၊ တိုက်ကြီးမြို့)၊ ဗိုလ်မှူးကျော်မြင့်အောင် (ညောင်တုန်း)-ဒေါ်ကြေးမုံညွန့်၊ သီလရှင်ဆရာလေး ဧသီရိ (မဟာပုညကာရီသီလရှင်စာသင်တိုက်၊ လှိုင်ကော်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်အောင်ကောင်းကျော်(အင္ဂမတန်း၊ အလက-၁၊ မ/ဒဂုံ)၊ မရွှန်းလဲ့မွန် (စတုတ္ထတန်း၊ အလက-၁၊ မ/ဒဂုံ)၊ တို့၏ ချစ်လှစွာသောအဘိုးသည် ၇-၉-၂၀၁၃ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁၉၈)၊ တပင်ရွှေထီးလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
ဘဒ္ဒန္တစန္ဒဝံသ(စာချနာယက) ဆွမ်းစားကျောင်းဆရာတော်
သိက္ခာတော်(၃၉)ဝါ၊ သက်တော်(၅၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဒဂုံပရိယတ္တိစာသင်တိုက်၊ စာချနာယက၊ ဆွမ်းစားကျောင်းဆရာတော်၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ သပြေကုန်းအုပ်စု၊ ခုနစ်အိမ်တန်းကျေးရွာနေ (ခမည်းတော် ဦးထွန်းလှိုင်-မယ်တော်ဒေါ်နု)တို့၏ သားတော် ဘဒ္ဒန္တစန္ဒဝံသသည် (၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၂ရက်) ၆-၉-၂၀၁၃(သောကြာနေ့) နံနက် ၁း၃၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ရက်) ၁၀-၉-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံရေခဲတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပန ပူဇော်ကျင်းပမည်ဖြစ်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

ယာယီစျာပနကော်မတီ၊ ဒဂုံပရိယတ္တိစာသင်တိုက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းချစ် (၁၀၃)နှစ်
ပေါက်တန်း၊ စွန်းလွန်းယောဂီ(ကြို့ကုန်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ အမှတ်(၄/က)နေ (ဦးဘိုးဆင်-ဒေါ်ချို)တို့၏သမီး၊ (ဦးဖြူ)၏ဇနီး၊ ဦးသန်းမောင်၏အစ်မ၊ ဦးတင်ရှိန်-ဒေါ်သန်းအေး၏မိခင်၊ ဦးဝင်းသိန်း-ဒေါ်ဖြူဖြူရှိန်၊ ဦးဟန်မိုးရှိန်၊ ဦးဇော်မိုးရှိန်-ဒေါ်အေးအေးထွန်း၊ (မသူသူရှိန်)တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၉-၂၀၁၃ (သောကြာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၉-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၄/က)၊ (၁၂) ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးကြင်းခင် (၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ (ဦးလွယ်-ဒေါ်မြညွန့်)တို့၏ သား၊ (ဒေါ်သန်းသန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်သန်းသန်းအေး၊ ဦးကျော်ဇော-ဒေါ်ဌေးဌေး၊ ဦးထွန်းထွန်း-ဒေါ်သန်းသန်းဝေ၊ ဦးထွန်းဝင်း-ဒေါ်မိမိခိုင်၊ ဦးမြင့်ဌေး-ဒေါ်လွင်လွင်အေး၊ ဦးထွန်းလွင်-ဒေါ်စန်းစန်းလွင်၊ (ဦးညီညီအောင်)-ဒေါ်ယမင်းကျော့တို့၏ ကျေးဇူးရှင်ဖခင်၊ မြေး ၂၂ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး ဦးကြင်းခင်သည် ၇-၉-၂၀၁၃ (စနေနေ့) နံနက် ၂း၄၅ နာရီတွင် အမှတ်(၁၀၂၂)၊ ရွှေယင်းမာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျန်ဆိုင်
အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/နောက်ရပ်ကွက်၊ ဦးဘိုးရွှေလမ်း၊ အမှတ်(၃၀)နေ ဒေါ်သန်းအိ၏ခင်ပွန်း၊ ဒေါ်မြစန်း၊ ဒေါ်မြစီ(အလက-၁၊ သင်္ဃန်းကျွန်း)၊ ဦးတင်စိုး-ဒေါ်မိမိလေး၊ (ဦးနိုင်ဝင်း)-ဒေါ်သန်းသန်းဝင်း၊ (ဦးမျိုးလွင်)၊ ကိုမျိုးမြင့်ဆွေ-မဖြိုးသန္တာခိုင်တို့၏ ကျေးဇူးရှင်ဖခင်၊ ကိုဇာနည်အောင်-မထိုက်ထိုက်ဝင်း၊ မဝေဇင်သဲ(အလက-၃၊ ဒဂုံမြောက်)တို့၏ဘကြီး၊ ကိုသူရဇော်-မနှင်းပွင့်ခိုင်၊ မခင်မြတ်နိုး၊ ကိုဇင်မင်းစိုး-မနှင်းစုခိုင်၊ မောင်ကျော်သက်နိုင်၊ မောင်ရဲဘုန်းမာန်၊ မောင်ကျော်ထက်နိုင်နှင့် မြစ်လေးယောက်တို့၏အဘိုးသည် ၆-၉-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ယဉ်မေ (၈၃)နှစ်

ပေါင်းတည်မြို့နေ (ဦးဟံတင်-ဒေါ်ငွေရီ)၊ (ဒေါ်မြလေး)တို့၏ သမီး၊ ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဒေါ်ခင်ချိုဝင်း၊ ဒေါ်မြင့်မြင့်စံ၊ ဦးခင်မောင်သန်းတို့၏မိခင် ကန်တော့ခံ ရာသက်ပန်အသင်းဝင်(ရာ-၃၄၅)သည် ၅-၉-၂၀၁၃ ရက်တွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

နတ်တလင်းအသင်း
ဒေါ်အေးအေးမြင့်(ဥမ္မာ)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ မင်းနန္ဒာအိမ်ရာ၊ အမှတ် (၂၀/၂၂)နေ အသင်းနာယကကြီး ဦးလှသိန်း-ဒေါ်မြသင်တို့၏ သမီးကြီး အသင်းဝင် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်အေးအေးမြင့်(ဥမ္မာ)သည် ၄-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးဇော်နိုင်
အသက် (၅၁)နှစ်
လှ-မြန်မာ ထမင်းဆိုင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ်(၂၇)၊ (၅)လမ်းနေ (ဦးမောင်မောင်-ဒေါ်အေးသောင်း)တို့၏ သား၊ ဒေါ်လှလှမြင့်၏ မောင်၊ ဒေါ်ခင်လေးနွယ်၊ ဦးသူရအောင် (ခေတ္တ-USA)၊ ဒေါ်လေးလေးမြင့် (ခေတ္တ-USA)၊ ဦးမောင်မောင်ထွေး (I-Golf)-ဒေါ်မာလာ(တြိရတန)၊ (ကိုစိုးမင်း)-မမြမြဦး(ခေတ္တ-စင်ကာပူ)တို့၏ အစ်ကို၊ ကညွတ်ကွင်းမြို့နေ (ဦးဉာဏ်လှ)-ဒေါ်ခင်ကြည် (ဝင်းစန္ဒာဆီစက်) တို့၏သားသမက်၊ ဒေါ်စန္ဒာဝေ၏ခင်ပွန်း၊ မောင်စိုင်းအောင်ဖြိုး (ခေတ္တ-USA)၊ မသူရွှန်းလဲ့နိုင်၊ မောင်သန့်သူရိန်နိုင်တို့၏ ဖခင်၊ မယွန်းသီရိဝေ(ခေတ္တ-စင်ကာပူ)၊ မဟန်ဇာဦး(ခေတ္တ-စင်ကာပူ)၊ မောင်အောင်ထူးထက် (Cola, Grade-II, ISY)၊ မကြည်ပြာအောင်(ခေတ္တ-USA) တို့၏ ဘကြီးသည် ၇-၉-၂၀၁၃ (စနေနေ့) နံနက် ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

တရားဥပဒေစိုးမိုးရေးသည် နိုင်ငံအတွက် အရေးကြီး ထုတ်ပြန်ထားသည့် ဥပဒေများကို လူတိုင်းလိုက်နာရမည်

ရန်ကုန်　　စက်တင်ဘာ　　၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်းရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။**(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တရားဥပဒေစိုးမိုးရေးသည် နိုင်ငံအတွက် အရေးကြီးကြောင်း၊ ထုတ်ပြန်ထားသည့် ဥပဒေများကိုလည်း လူတိုင်းလိုက်နာရမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများသည် တရားမျှတမှုရှိ/မရှိ၊ အများပြည်သူက လိုက်နာနိုင်မှု ရှိ/မရှိ အမြဲလေ့လာသင့်ကြောင်း၊ တရားဥပဒေစိုးမိုးမှုမရှိလျှင် နိုင်ငံတော်လည်း တည်ငြိမ်အေးချမ်းမှုရှိမည်မဟုတ်ကြောင်း၊ အချုပ်အခြာအာဏာကိုလည်း ထိပါးလာနိုင်ကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအား ဝေဖန်အပြစ်ပြောဆိုနေမည့်အစား တရားဥပဒေစိုးမိုးရေးအတွက် အားလုံးဝိုင်းဝန်းပြီး အပြုသဘောဆောင်၍ ဆွေးနွေးတင်ပြအကြံဉာဏ်များပေးကြကာ ဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ဦးတို့က တရားဥပဒေစိုးမိုးရေး၊ တရားရေးမဏ္ဍိုင်၊ ဥပဒေပြုရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရှေ့နေများအသင်း(ရန်ကုန်)မှ တာဝန်ရှိသူများ၊ ဥပဒေပညာရှင်များ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

ရန်ကုန် – ကျိုက်ထို အဲကွန်းရထားစတင်ပြေးဆွဲ ဒေသခံပြည်သူများနှင့် ခရီးသွားများဝမ်းသာ

ကျိုက်ထို　　စက်တင်ဘာ　　၇

မွန်ပြည်နယ် ကျိုက်ထိုမြို့သို့ ရန်ကုန်မှ စက်တင်ဘာ ၇ ရက် နံနက် ၆ နာရီ ၂၅ မိနစ်က ထွက်ခွာလာသော အဲကွန်းရထားသည် နံနက် ၁၁ နာရီတွင် ကျိုက်ထိုဘူတာသို့ ဆိုက်ရောက်လာခဲ့သည်။ အဆိုပါရထား၌ မြန်မာ့မီးရထားရုံးချုပ်မှ အထွေထွေမန်နေဂျာ(သွား/လာ) ဦးမြင့်ဝေ၊ ဒုအထွေထွေမန်နေဂျာ (ခရီးသည်) ဦးအောင်မြင့်လှိုင်နှင့် မီးရထားဝန်ထမ်းများအပြင် ခရီးသွားပြည်သူ ၁၂၀ ဦး နိုင်ငံခြားသားအမျိုးသားတစ်ဦးတို့ လိုက်ပါလာပြီး စက်ခေါင်းမောင်းဦးကျော်နိုင်၊ ရထားတွဲထိန်း ဦးစံသိန်းတို့ မောင်းနှင်လာသည့် စက်ခေါင်း နှစ်လုံး၊ တွဲ သုံးတွဲ အပါအဝင် စုစုပေါင်း လူစီးအတွဲ ငါးတွဲပါရှိကြောင်းသိရသည်။

အဲကွန်းရထားဆိုက်ရောက်လာစဉ် မြန်မာ့မီးရထားတိုင်း(၈)မှ မွန်ပြည်နယ်မန်နေဂျာ (သွား/လာ) ဦးတင့်ဝေနှင့်အဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဒေသခံပြည်သူများ၊ ကျိုက်ထိုဘူတာရုံပိုင်ကြီး ဦးမောင်မောင်ဝင်းနှင့် မီးရထားဝန်ထမ်းများ၊ ဆိပ်ဖူးတောင်ပရဟိတဂေဟာမှ ကရင်ဒုံးယိမ်းအဖွဲ့၊ သိမ်ဇရပ်ကျေးရွာမှ ဒိုးပတ်အဖွဲ့တို့က လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

ရန်ကုန်-ကျိုက်ထို ပြေးဆွဲလျက်ရှိသော အဲကွန်းရထားကို တွေ့ရစဉ်။

ဘာလီရုပ်ရှင်ပွဲတော်၌ မြန်မာရုပ်ရှင်ဇာတ်ကားများ ဝင်ရောက်ယှဉ်ပြိုင်မည်

အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ဒီဇင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် 11th Royal Bali International Film Festival 2013 သို့ မြန်မာရုပ်ရှင်ဇာတ်ကားများ ပါဝင်ယှဉ်ပြိုင်ရန် Swadeshi Bali Foundation မှ ဖိတ်ကြားလာခဲ့ရာ ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ Sarasvati Baliwood Award ပြိုင်ပွဲအတွက်ဇာတ်လမ်းတိုတစ်ကား၊ မှတ်တမ်းရုပ်ရှင်ဆုအတွက် ဇာတ်ကားနှစ်ကား၊ Student Video Competition ဆုအတွက် ဇာတ်ကားနှစ်ကားတို့ဖြင့် ပါဝင်ပြိုင်ပွဲဝင်မည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် မြန်မာ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

မျိုးဆက်သစ်လက်ဝှေ့စိန်ခေါ်ပွဲများ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်

ဇင်လင်းထွန်း (မနဖြူ)

မြန်မာ့ရိုးရာလက်ဝှေ့အားကစား ခါးပြတ်နေမှုကို တားဆီးကာကွယ်နိုင်ရေး ရည်ရွယ်ချက်ဖြင့် အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး(MLA)က ကြီးကြပ်စီစဉ်သည့် မျိုးဆက်သစ် လက်ဝှေ့စိန်ခေါ်ပွဲများကို သိမ်ဖြူအားကစားခန်းမ၌ စက်တင်ဘာ ၈ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပွဲများကို Mec Tel ၏ အဓိကပံ့ပိုးမှုဖြင့် နိုင်မိုးအင်တာတိန်းမန့်က တာဝန်ယူစီစဉ်ပေးခြင်းဖြစ်သည်။

မြန်မာတို့၏ အမျိုးသားရေးလက္ခဏာတစ်ရပ်ဖြစ်ပြီး ယဉ်ကျေးမှုအမွေအနှစ်လည်းဖြစ်သော မြန်မာ့ရိုးရာလက်ဝှေ့သည် မျိုးဆက်သစ်ရိုးရာလက်ဝှေ့သမားရှားပါးလာခြင်း၊ ပွဲကျင်းပနိုင်မှု အားနည်းလာခြင်းတို့ကြောင့် မွေထိုင်းအပါအဝင် တိုင်းတစ်ပါး မာရှယ်အတ်ပြိုင်ပွဲများ၏ ထိုးဖောက်ဝင်ရောက်လွှမ်းမိုးလာမည့်အန္တရာယ်နှင့် **စာမျက်နှာ ၉ ကော်လံ ၄ သို့**

တနင်္ဂနွေအထူးထုတ်ရှစ်မျက်နှာပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် တနင်္ဂနွေအထူးထုတ် ရှစ်မျက်နှာ ပါရှိပါသည်။



တနင်္ဂနွေအထူးထုတ်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်။ တနင်္ဂနွေနေ့

ကာလေးမြို့မှ ကလေးမြို့

စာမျက်နှာ - ၄

တနင်္သာရီဒ္ဒ မြို့တွင်းလမ်းများအား ကွန်ကရစ်ခင်း

စာမျက်နှာ - ၄

မြန်မာ-ကိုရီးယားချစ်ကြည်ရေး တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းကျောင်း

စာမျက်နှာ - ၆



မန္တလေးတွင် ယာဉ်ကြောရှင်းလင်းဆောင်ရွက်

စာမျက်နှာ - ၅

သဘာဝပတ်ဝန်းကျင်

တောကျယ်အပိုင်ရေပြာအိုင်

လှိုင်ဘွား (စီမံကိန်း)

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် မြင်းကျဒိုးကျေးရွာအုပ်စု တောကျယ်ကျေးရွာကလေးသို့ စာရေးသူရောက်ရှိခဲ့ပါသည်။ တောကျယ်ကျေးရွာတွင် အိမ်ထောင်စု ၉၉ စုရှိပြီး လူဦးရေ ၅၇၀ နေထိုင်ကာ အများအားဖြင့် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းလည်း လုပ်ကိုင်ကြပါသည်။ တောကျယ်ကျေးရွာအား အများစု သိရှိကြခြင်းမှာ ရွာအဝင်တွင် တွေ့ရှိရသည့် ရေကန်နှင့် ရေအရောင်မှာ အမြဲတမ်း အပြာရောင်ရှိပြီး ထူးခြားသော ရေပြာအိုင် တည်ရှိသောကြောင့် ဖြစ်ပါသည်။

တောကျယ်ရွာကလေးအား ရွာငံမြို့မှ သွားရောက်မည်ဆိုပါက မိုင် ၂၀ ခန့် ကွာဝေးပါ၏။ ရွာငံမြို့မှ တောင်ဘက်သို့ ရွာငံ-အောင်ပန်း ကားလမ်းမအတိုင်း သွားရောက်ရပါမည်။ ရွာငံမြို့မှ မြိုင်ကျေးရွာ၊ ယင်းမှတစ်ဆင့် ညောင်ပင်ဂွကျေးရွာသို့ ရောက်ရှိပါမည်။ ညောင်ပင်ဂွကျေးရွာမှ အနောက်ဘက် ကျောက်ချောလမ်းကလေးအတိုင်း တစ်မိုင်ခန့်ခရီး ဆက်လျှင် တောကျယ်ကျေးရွာသို့ ရောက်ရှိပါသည်။ တောကျယ်ကျေးရွာအဝင် ရွာထိပ်တွင် အုံ့မှိုင်းစိမ်းစိုနေသော တောအုပ်ကလေး တွေ့ရပါသည်။ တောအုပ်ကလေးထဲတွင် နတ်ကွန်းနှင့် တောအုပ်ကလေး အလွန်တွင် တောကျယ်ရေကန်အား တွေ့ရပြီး တောကျယ်ရွာကလေးကိုလည်း အဝေးမှ လှမ်းမြင်နေရပါသည်။

တောကျယ်ကန်မရောက်မီ နတ်ကွန်းတည်ရှိသော တောအုပ်ကလေးနှင့် လူသွားလမ်းကလေး တွေ့ရပါသည်။ လူသွားလမ်းကလေးအတိုင်း ငါးမိနစ်ခန့် တောအုပ်ထဲဝင်လိုက်လျှင် လျှိုထဲ၌ ရေပြာအိုင်အား လှမ်းမြင်ရပါသည်။ ယင်းလျှိုထဲသို့ သုံးမိနစ်ခန့် ဆင်းရပါသည်။ ရေပြာအိုင်သည် ပေ ၃၀ ပတ်လည်ခန့် ကျယ်မည်ထင်ပါသည်။ ရေပြာအိုင်မှ ရေသည် သဘာဝအရ ပြာနေ၏။ ဖန်တီးထားခြင်း မဟုတ်ပေ။ မည်သည့်အတွက်ကြောင့် ရေပြာခြင်းမှာ ပညာရှင်များသာ သိရှိနိုင်ပေမည်။ ထူးခြားပါ၏။ ဆန်းပြားပါ၏။ အံ့သြဖွယ်ကောင်းပါ၏။ စိတ်ဝင်စားဖွယ်ကောင်းပါ၏။ လေ့လာစရာ ကောင်းပါ၏။

မှန်ထဲတွင် တည်ရှိနေသည့် ရေအလားရေထဲတွင်ရှိနေသည့် အရာဝတ္ထုများ အားလုံးမြင်နေရ၏။ စာမျက်နှာ ၃ သို့ »

သဘာဝပတ်ဝန်းကျင်အနေအထား ပျက်စီးမှု၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် ဂေဟစနစ်များပျက်ယွင်းလာ

ခင်လှိုင်(တိုးချဲ့-ပညာ)

နေပြည်တော် စက်တင်ဘာ ၇

လူသားတို့အသက်ရှင်ရပ်တည်ရေးအတွက် ဇီဝမျိုးစုံမျိုးကွဲများအပေါ်တွင် တည်မှီနေပါသည်။ ဇီဝမျိုးစုံမျိုးကွဲများမှ လူသားတို့အတွက် အစားအစာများ၊ ဆေးဝါးများ၊ သစ်တောထွက်ကုန်များ၊ စက်မှုကုန်ကြမ်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ လောင်စာစွမ်းအင်များ၊ ဆီ၊ ကော်စေး၊ ဖိုက်ဘာ စသည်ဖြင့် ပစ္စည်းပေါင်းမြောက်မြားစွာကို ရရှိနိုင်သည့်အပြင် လေနှင့်ရေကို သန့်စင်ပေးခြင်း၊ အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်းများကိုလည်း ဆောင်ရွက်ပေးပါသည်။ ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်အနေအထား ပျက်စီးမှု၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် လူနှင့်သက်ရှိတို့သည် ဆိုးကျိုးများခံစားရပြီး ဂေဟစနစ်များ ပျက်ယွင်းလာပါသည်။ ထိုသို့သော အခြေအနေများကို ပြန်လည်ကောင်းမွန်လာစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူလူထုမှ သိရှိနားလည်ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးသည် အရေးကြီးသော အချက်ဖြစ်သည်။

ရွှေဥဒေါင်းတိရစ္ဆာန်ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများသည် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၏ ရည်ရွယ်ချက်၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအကြောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေး၊ သဘာဝဝန်းကျင်နှင့် ဂေဟစနစ်အကြောင်း သိကောင်းစရာနှင့် စာမျက်နှာ ၃ သို့ »

ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းအဖြာဖြာသိကောင်းစရာ

ရေကောင်းရေသန့်ရရှိရေးအတွက် ရေအရည်အသွေးစောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ကြီးကြပ်ခြင်းလုပ်ငန်းဆိုသည်မှာ ပြည်သူလူထုသောက်သုံးလျက်ရှိသော ရေ၏အရည်အသွေးသည် သန့်ရှင်းမှု၊ အန္တရာယ်ကင်းမှုနှင့် လက်ခံနိုင်မှု ရှိ မရှိကို အမြဲမပြတ် ပုံမှန်၊ အချိန်မှန် သတိပြု ရှာဖွေစောင့်ကြည့်စမ်းသပ်စူးစမ်းလေ့လာ၊ သုံးသပ်ပြုပြင်၍ ပြည်သူ့ကျန်းမာရေးကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်နေသော လုပ်ငန်းဖြစ်ပါသည်။

လုပ်ငန်း၏ ရည်ရွယ်ချက်များမှာ-

- ရေနှင့် ဆက်နွယ်ဖြစ်ပွားသော ရောဂါကို ကြိုတင်ကာကွယ်နိုင်စေရန်
- ရေရရှိရေးဆောင်ရွက်မှုလုပ်ငန်းများအရည်အသွေး တိုးတက်မြင့်မားလာစေရန်
- ရေနှင့်ဆက်နွယ်သော ရောဂါများဖြစ်ပွားမှုလျော့နည်းကျဆင်းစေရန်နှင့် ထိန်းချုပ်ကွပ်ကဲနိုင်စေရန်
- ယင်းရောဂါအန္တရာယ်များ ပပျောက်သွားစေရန်တို့ဖြစ်ပါသည်။

ထိုရည်ရွယ်ချက်များကို ဆောင်ရွက်မည့် နည်းဗျူဟာများမှာ

- Political Commitment ရရှိအောင် ဆောင်ရွက်ခြင်း
- လုပ်ငန်းနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်များ တစ်ပြေးညီ သုံးစွဲနိုင်ကြစေရန် စံနှုန်းများ သတ်မှတ်ထားရှိခြင်း
- အချိုးကျ ပူးပေါင်းဆောင်ရွက်ခြင်း
- လုပ်ငန်းကို အစဦး၌ ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် လူထုပူးပေါင်းဆောင်ရွက်ပြီး နောက်ဆုံးလူထုကိုယ်တိုင် မိမိတို့ အစီအစဉ်နှင့် ဆောင်ရွက်လာနိုင်စေခြင်း
- အများပြည်သူအသုံးပြုလျက်ရှိသော သောက်သုံးရေအရင်းအမြစ်ကို ပထမဦးစားပေး ဆောင်ရွက်ခြင်း
- လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းထားရှိ ဆောင်ရွက်ခြင်း
- လိုအပ်သော အဖွဲ့အစည်းများ အဆင့်ဆင့်ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း
- အဆင့်အလိုက် လုပ်ငန်းများ ဆောင်ရွက်ခြင်း

အဓိကလုပ်ငန်းများ

ရေရယူရာနေရာများ(ရေအရင်းအမြစ်)များကို စစ်ဆေးခြင်း

ရေညစ်ညမ်းမှုမရှိစေရန် ထိန်းသိမ်းထားရှိမှု ပျက်ပြားစေသော ချွတ်ယွင်းချက်များ၊ မလုံလောက်မှုများနှင့် စပ်ဆိုင်သည့် အချက်အလက်များကို ရှာဖွေဖော်ထုတ်ဆန်းစစ်ခြင်းလုပ်ငန်းပင်ဖြစ်သည်။ ရှာဖွေဆန်းစစ်ပြီးနောက် အန္တရာယ်ဖြစ်နိုင်ခြေအဆင့်ကို သတ်မှတ်ကာ လိုအပ်သော ကာကွယ်မှုများ(Sanitary Protection) ကိုဆောင်ရွက်ရပါသည်။

လတ်တလော အရေးယူဆောင်ရွက်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း

လတ်တလောအရေးယူဆောင်ရွက်ခြင်းမှာ ရေနမူနာစမ်းသပ်ခြင်းကို အမှားအယွင်း ရှိ/မရှိ ထပ်မံစမ်းသပ်စစ်ဆေးရပါမည်။ အမှားအယွင်းမရှိပါက အောက်ဖော်ပြပါအချက်များကို ဆက်လက်ဆောင်ရွက်ရပါမည်။

- ပြစ်ချက်ရှိသည့် ရေကိုသုံးစွဲနေသည့် ပြည်သူလူထုအား ရေ၏အခြေအနေတွေ့ရှိချက်ကို အသိပေးပြီး ယင်းရေအရင်းအမြစ်အား သုံးစွဲခြင်းမပြုရန် တားမြစ်ရပါမည်။ အခြားသင့်လျော်သောရေကို အသုံးပြုရန် အကြံပြုရပါမည်။
- ပြစ်ချက်ရှိသော ရေထွက်ရေပင်ရေရင်းအား ပြုပြင်စေရပါမည်။
- ယင်းရေစမ်းသပ်ချက်ရလဒ်နှင့် သတင်းအချက်အလက်များကို ပြန်လည်စစ်ဆေး ကြည့်ရှုရပါမည်။
- Sanitary Inspection ပြုလုပ်ရပါမည်။
- သက်ဆိုင်ရာဒေသ တာဝန်ရှိအဖွဲ့အစည်းများအား တင်ပြရပါမည်။

အောက်ဖော်ပြပါ လတ်တလော ပြုပြင်ရမည့် အချက်များကို ဆောင်ရွက်ရပါမည်။

- ပိုးမွှားဆိုင်ရာ ညစ်ညမ်းမှုဖြစ်နေသော ရေအရင်းအမြစ်အား ရေညစ်ညမ်းမှုဖြစ်စေသည့် အကြောင်းအရင်းအား ဖယ်ရှားနိုင်သည့် သန့်ရှင်းမြင့်တင်မှုလုပ်ငန်းများနှင့် ကလိုရင်းဆေးခတ်ခြင်း စသည်များ ဆောင်ရွက်ရပါမည်။
- ဓာတုသဘာဝဆိုင်ရာ ညစ်ညမ်းမှုဖြစ်နေသော ရေပင်ရေရင်းမှရေအား သင့်လျော်သော ရေသန့်စင်နည်းဖြင့် သန့်စင်ပြီးမှသာ သုံးစွဲစေခြင်း (သို့မဟုတ်) အခြားစိတ်ချရသော ရေအရင်းအမြစ်မှရေကို သုံးစွဲစေရပါမည်။

ကြိုတင်ကာကွယ်ခြင်း

ရေညစ်ညမ်းမှု မဖြစ်စေရန် ရေအရင်းအမြစ်အား တည်ဆောက်စဉ်၊ အသုံးပြုစဉ်နှင့် ထိန်းသိမ်းစဉ်ကာလများတွင် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရပါမည်။

ရေတွင်း(လက်တူး)(Hand-dug Well)

- တည်နေရာ ရွေးချယ်မှု မှန်ကန်ရပါမည်။
- သန့်ရှင်းရေး အကာအရံပြုလုပ်ခြင်း (Sanitary Protection) (ရေတွင်းနံရံ၊ ပလက်ဖောင်း၊ ရေတွင်းပေါင်၊ ရေတွင်းအဖုံး၊ ရေမြောင်း၊ ရေစုပ်ကျင်း၊ ဘုံသုံးရေပုံး(သို့မဟုတ်) လက်နှိပ်တုံကင်တပ်ဆင်ခြင်း စသည်)။
- ပုံမှန် ကလိုရင်းဆေးခတ်ခြင်း။
- ပုံမှန် ရေနမူနာယူ စမ်းသပ်ခြင်း။
- သတိပေးဆိုင်းဘုတ်များ ထားရှိခြင်း။

အဝီစိတွင်း(Tube-Well)

- မှန်ကန်သော တည်နေရာရွေးချယ်ခြင်း
- မြေပေါ်တွင် တွင်းကာပိုက်ပတ်လည် အုတ်စီ၊ အင်္ဂတေကိုင်ခြင်း
- အုတ်၊ အင်္ဂတေကိုင် ပလက်ဖောင်းနှင့် ရေစီးမြောင်းထားရှိခြင်း
- Well Cap ထားရှိခြင်း
- မြေအောက်(annular Space) အတွင်း (Grouting (or) Seal) ပြုလုပ်ခြင်း
- ရေတွင်း၊ ရေစုပ်စက်နှင့်ပိုက်များအား ပိုးသတ်ခြင်း(တူးပြီးလျှင် ပြီးချင်း)
- ရေနမူနာ ပေးပို့စစ်ဆေးခြင်း
- Well Log များထားရှိခြင်း
- ပုံမှန် ရေနမူနာယူစမ်းသပ်စစ်ဆေးခြင်း
- သတိပေးဆိုင်းဘုတ်များ ထားရှိခြင်း

ရေကန်(Pond)

- မှန်ကန်သော တည်နေရာရွေးချယ်ခြင်း
- ရေကန်ပေါင် စနစ်တကျတည်ဆောက်ထားခြင်း
- ရေကန်ပတ်လည် ခြံစည်းရိုးကာရံထားခြင်း
- ရေထုတ်ယူပုံစနစ်မှန်ကန်စေခြင်း
- ရေယူတွင်း၌ အဆက်မပြတ် ကလိုရင်းဆေးခတ်ခြင်း(သို့မဟုတ်)ရေစစ်ကန်ဖြင့်ရေစစ်၍ ရေသန့်စင်ခြင်း
- လေကာပင်များ စနစ်တကျစိုက်ထားခြင်း
- ပုံမှန်သန့်ရှင်းမှု စစ်ဆေးခြင်း
- သတိပေးဆိုင်းဘုတ်များ ထားရှိခြင်း

စမ်းတွင်း(Spring)

- မှန်ကန်သော ရေထွက်စမ်းပေါက် (Spring Eye)ကို ရွေးချယ်ခြင်း
- Spring ဘောက်ကို တည်ဆောက်ခြင်း
- Diversion Ditch ထားရှိခြင်း
- စနစ်တကျ ရေသွယ်ယူ ဖြန့်ဝေခြင်း
- ရေနမူနာယူ စမ်းသပ်စစ်ဆေးခြင်း
- သတိပေးဆိုင်းဘုတ်များ ထားရှိခြင်း

မိုးရေလှောင်ကန်(Rain water Collection Tank)

- မှန်ကန်သော တည်နေရာရွေးချယ်ခြင်း
- စနစ်တကျ တည်ဆောက်ခြင်း
- မိုးရေခံ မျက်နှာပြင်နှင့်ရေတံလျှောက်တို့အား မှန်မှန်သန့်ရှင်းခြင်း
- Seperator ထားရှိခြင်း(သို့မဟုတ်) ပထမစီးဝင်လာသော မိုးရေအားဖယ်ရှားခြင်း
- မိုးရေလှောင်ကန်အမိုး လူဝင်ပေါက်နှင့် ရေဝင်ပေါက်တို့အား အလုံပိတ်(seal)ထားခြင်း
- ခြင်လုံစေရန်နှင့် အခြားသတ္တဝါများမဝင်နိုင်စေရန် လိုအပ်သော နေရာများတွင် ဆန်ခါ(စကာ) တပ်ဆင်ထားခြင်း
- မိုးရေလှောင်ကန်ကို ပုံမှန်ဆေးကြောခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း
- ရေနမူနာယူစမ်းသပ် စစ်ဆေးခြင်း

သောက်သုံးရေ အရင်းအမြစ်စာရင်းကောက်ယူထားရှိခြင်း

သောက်သုံးရေ အရင်းအမြစ်စာရင်းကောက်ယူထားရှိခြင်းသည် Sanitary Survey ပြုလုပ်ရာတွင်လည်းကောင်း၊ စီမံချက်၊ စီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း များစွာအရေးပါသော စာရင်းဇယားများ၊ အချက်အလက်များ ဖြစ်ပါသည်။ ကျန်းမာရေးဦးစီးဌာန၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်သည် ပတ်ဝန်းကျင်သန့်ရှင်းရေးစစ်တမ်းပုံစံများကို အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်တကွ ကျေးရွာအကျိုးဆောင်များပါ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

အထက်ဖော်ပြပါအတိုင်း ရေကောင်းရေသန့်ရရှိရေးအတွက် သောက်သုံးရေ အရည်အသွေးစောင့်ကြည့်ထောက်လှမ်းခြင်းလုပ်ငန်းများပီပီပြင်ပြင် အောင်မြင်စွာဆောင်ရွက်နိုင်သည်နှင့်အမျှ ရေနှင့်ဆက်နွယ်ဖြစ်ပွားသော ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ လျော့နည်းကျဆင်းပပျောက်လာမည်ဖြစ်ပါသည်။ ဤသို့အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူလူထုတစ်ရပ်လုံးဝိုင်းဝန်းဆောင်ရွက်ကြမှသာ ဖြစ်ပါသည်။ ထို့ကြောင့် အတတ်ပညာရှင်၊ အသိပညာရှင်၊ ကျွမ်းကျင်ပုဂ္ဂိုလ်များသာမက ပြည်သူလူထုတစ်ရပ်လုံး အားလုံးစုပေါင်းပါဝင်၍ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

မာန်ဟုန်မပြင်းနိုင်တော့သော ပဲခူးမြစ်မင်း

နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော အစိုးရသစ်လက်ထက် ပထမပိုင်းလပေါင်း ၃၀ တွင် နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် အကောင်းဆုံးအကျိုးပြုဆောင်ရွက်ခဲ့ပါသည်။ ကျန်ရှိသည့် လပေါင်း ၃၀ တွင်လည်း စီမံကိန်းများစွာချမှတ်၍ နိုင်ငံနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မည်သို့မည်ပုံ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရခေါင်းကြီးချုပ်များပါဝင်သော အစည်းအဝေးတွင် မိန့်ကြားခဲ့ပါသည်။ မည်သည့်အစိုးရလက်ထက်တွင်မျှ မတွေ့မမြင် မကြားမသိရသော နိုင်ငံအကြီးအကဲ၏ အမှာစကားကို ကြားသိဖတ်ရှုလိုက်ရသော ပြည်သူအများ နှစ်ထောင်းအားရရှိခဲ့ကြပါသည်။

ဤစာကိုရေးနေသည့် ၂၀၁၃ ခုနှစ် ဩဂုတ်လနောက်ဆုံးပတ်၏ နေ့တစ်နေ့တွင် ပဲခူးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းနေပါသည်။ မြို့တွင်းရပ်ကွက်အသီးသီးရှိ လမ်းများပေါ်တွင် မိုးရေတွေဖွေးဖွေးလှုပ်နေပါသည်။ မြို့တွင်းရေနုတ်မြောင်းများ မကောင်းခြင်း၊ ကောင်းပါသော်လည်း အမှိုက်သရိုက်များ ပိတ်ဆို့နေခြင်း၊ အချို့လူနေအိမ်များက မြောင်းကိုပိတ်ဆို့၍ အဆောက်အအုံဆောက်လုပ်ထားခြင်းတို့ကြောင့် ရေစီးရေလာမကောင်း၍ ရေနုတ်အားလည်း မကောင်းနိုင်တော့ပါ။ ထို့ကြောင့် မိုးရေများလမ်းပေါ်သို့ လျှံတက်ခြင်းဖြစ်ပါသည်။ သို့ရာတွင် နာရီအနည်းငယ်အတွင်းမှာပင် ပြည့်လျှံနေသော မြို့တွင်းမှမိုးရေများသည် ပဲခူးမြစ်အတွင်းသို့ တဖြည်းဖြည်းချင်း စီးဝင်သွားရာ မြို့တွင်းလမ်းများပေါ်တွင် ရေမရှိတော့ပါ။ အကြောင်းမှာ ပဲခူးမြစ်ကြီးက ငြိမ်ညောင်းစွာစီးဆင်းနေခြင်းဖြစ်၍ မြောင်းကြီးမြောင်းငယ်အသွယ်သွယ်မှ ၎င်း၏ရင်ခွင်အတွင်း စီးဝင်လာသော ရေများကိုလက်ခံဆွဲနုတ်ခေါ်ဆောင်သွားနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်က ပဲခူးမြို့တွင် ရေကြီးရေလျှံမှုများကြောင့် ကားလမ်းပေါ်တွင် ရေကျော်ပြီး ဤသို့ သွားလာရေးခက်ခဲခဲ့ရသည်။

လွန်ခဲ့သောနှစ်များက ဩဂုတ်လတွင် ရွာသွန်းသော မိုးရေကြောင့် ပဲခူးမြို့၏ အနောက်ဘက်ခြမ်း အနိမ့်ပိုင်းရပ်ကွက်များနှင့် အရှေ့ဘက်ခြမ်း ရှင်းတန်းမြို့သစ်ရပ်ကွက်များ ရေနစ်မြုပ်ပါသည်။ ဗုဒ္ဓအသံမွေ့ဗိမာန်အပါအဝင်နီးစပ်ရာ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဇရပ်များတွင် ရေဘေးဒုက္ခသည်စခန်းများ ဖွင့်လှစ်ရပြီဖြစ်ပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးဌာန၊ ကြက်ခြေနီ အရန်မီးသတ်ပါမကျန် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်နေကြရပြီဖြစ်ပါသည်။ ယခုနှစ်တွင်မူ ပဲခူးမြစ်သည် မာန်ဟုန်ပြင်းစွာ ဒေါသတကြီးမဟုတ်ဘဲ ငြိမ့်ညောင်းအေးဆေးစွာ စီးဆင်းနေခြင်းကြောင့် ပဲခူးမြို့သူ/မြို့သားများ စိတ်လက်ချမ်းမြေ့နေကြရပါသည်။

အတိတ်သမိုင်းကို ပြန်ကြည့်ပါလျှင် ပဲခူးမြစ်ရေလျှံမှုကြောင့် လွှမ်းခဲ့သော ၁၉၉၂ ဝန်းကျင်ခန့်က (မင်းရပ်ကွက်) ကျွန်းသာယာရပ်ကွက်အနီး ခေါင်းဆေးကျွန်းတွင် ပဲခူး-ရန်ကုန်ကားလမ်း ရေကျော်ခဲ့ပါသည်။ ရေစီးအလွန်သန်ခဲ့ပါသည်။ မော်တော်ကားများ၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းဘေးရှင်းစေရန် လမ်းဘေးတစ်လျှောက်တိုင်များ၊ တန်းများ ကာရံထားရပါသည်။ နေ့တစ်နေ့တွင် ကူညီကယ်ဆယ်ရေးတာဝန်ထမ်းဆောင်နေသည့် ကြက်ခြေနီတပ်ဖွဲ့ဝင် ကိုအေးကျော်တစ်ယောက် ရေစီးနှင့်မျောပါသွားခဲ့ပါသည်။ ရေစီးသန်လွန်းခြင်းကြောင့် လိုက်လံကယ်ဆယ်သူများမမီလိုက်ဘဲ ရေသချိုင်း၌ အသက်ပေးခဲ့ရပါသည်။ ပဲခူးသူ/ပဲခူးသားများ မိုးရာသီရောက်၍ ရေကြီးတိုင်း ကိုအေးကျော်ကို သတိရအောက်မေ့နေခဲ့ကြပါသည်။ ယခုကဲ့သို့ ခေါင်းဆေးကျွန်း ပဲခူး-ရန်ကုန်ကားလမ်း ရေမကျော်ခဲ့ပါလျှင် ကိုအေးကျော်လည်း အသက်ဆုံးရှုံးရန်အကြောင်းမရှိနိုင်ပါ။

ခေါင်းဆေးကျွန်းရေကျော်သည်နှင့် ဥဿာမြို့သစ်ရပ်ကွက်များနှင့် ပဲခူးမြို့မသည် ဆက်သွယ်ရေး ပြတ်တောက်ခဲ့ပါသည်။ ဝန်ထမ်းများလည်း ရုံးမတက်နိုင်တော့ပါ။ ကျောင်းသားများလည်း ကျောင်းပျက်ကြရပါသည်။ ကျန်းမာရေးအရေးပေါ်ဆေးဝါးကုသရန် လိုအပ်သူများ အခက်အခဲကြုံရပါသည်။ စပါးခင်းဧက များစွာမှာလည်း ရေအောက်တွင်နှစ်မြုပ်ခဲ့ရပါသည်။ ပဲခူးဘူတာရုံသည် ပင်လျှင် သံလမ်းများရေမြုပ်ခြင်းကြောင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ စာမျက်နှာ ၃ ကော်လံ ၃ သို့●

» ရေပြာအိုင်မှ

ရေအိုင်ထဲသို့လဲကျနေသည့် သစ်ပင်၊ ကျောက်ဆောင် ကျောက်ကမ်းပါးများ၊ ရေကန်အောက်ခြေတွင် ရှိသည့် ကျောက်ဆောင်များ၊ ရေထဲတွင်ကူးခတ် သွားလာမြူးတူးနေသော ငါးကလေးများကို မြင်တွေ့ရသည်။

ရေအိုင်ထဲလဲကျနေသည့်သစ်ပင်မှာ သေသွားခြင်း မရှိဘဲ ဆက်လက်ရှင်သန်နေ သည်။ လာရောက်ကြည့်ရှုသူများအား ရေအိုင်ထဲမှရေသည် ပွက်ပြကြောင်း၊ ရေအိုင်ထဲရှိငါးများအား ဖမ်းဆီးမည်ဟု သွားရောက်ပါက ငါးမတွေ့ရကြောင်း၊ တစ်ခါတစ်ရံ မွေးကင်းစကလေးအရွယ်ရှိသည့် ငါးများတွေ့ရကြောင်း၊ ရေအိုင်အတွင်းသို့ ပြင်ပရေများ စီးဝင်ခြင်းမရှိ၊ မိုးသည်းထန်စွာ ရွာသွန်းချိန်တွင်လည်း ရေနောက်ခြင်းမရှိ၊ ရေအိုင်အတွင်းသို့ အမှိုက်သရိုက်များ၊ သစ်ရွက်များ ကျဆင်းနစ်မြုပ်သွားခြင်းမရှိ၊ ရေပေါ်တွင် ပေါ်နေပြီး နေမွန်းတည့်ချိန်တွင် ရေအိုင်ပတ်လည်ကမ်းစပ်သို့ရောက်ရှိကာ ရေအိုင်အား အကျယ်ပြန့်ဆုံး မြင်တွေ့ရကြောင်း၊ ရှေးအခါက ၎င်းရေအိုင်ကို မြသပိတ်ဟု ခေါ်တွင်ကြောင်း ဒေသခံများက ပြောပြ၍ သိရှိရသည်။

တောကျယ်ကျေးရွာကလေးတွင် ဓနုတိုင်းရင်းသားအများစု နေထိုင်ကြသည်။ သဘာဝတောတောင် ရေမြေ၏ အလှ၊ ရွာဦးထိပ်တွင် တည်ထားကိုးကွယ်သည့် စေတီပုထိုး၊ ကျောင်းကန်ဇရပ်များသည် ရွာ၏ အေးချမ်းသာယာမှုကို ဖော်ပြနေ၏။ မူလတန်းကျောင်း၊ ကျေးလက်ဆေးပေးခန်းကလေးလည်းရှိ၏။ သဘာဝတောတောင် ရေမြေအလှ၊ ဓနုတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုများ၊ ကျေးလက်တောရွာများ၏ သဘာဝအလှတရားများ ခံစားချင်လျှင် ရွာအဝင်ရေကန်နှင့် ထူးဆန်းသည့် ရေပြာအိုင်လေးရှိရာ တောကျယ်ကျေးရွာကလေးသို့ တစ်ခါတစ်ခေါက် လာရောက်စေချင်ပါကြောင်း ဖိတ်ခေါ်အပ်ပါ၏။ ■



» ဂေဟာစနစ်ပျက်ယွင်းလာမှ

ဥပဒေအကြောင်းသိကောင်းစရာဆိုင်ရာ လူထုပညာပေးဟောပြောပွဲများကို မိုးကုတ်မြို့နယ် အောက်ပဒါန်းကျေးရွာ အခြေခံ မူလတန်းကျောင်းနှင့် စိန်အင်းကျေးရွာရှိ ကျေးရွာခန်းမတို့တွင် လည်းကောင်း၊ သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် (၉)မိုင် အောင်သာယာကျေးရွာ ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံတို့တွင် လည်းကောင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လူထုပညာပေးဟောပြောပွဲကို လေးကြိမ်ပြုလုပ်ပြီး ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာပြည်သူများ အပါအဝင် စုစုပေါင်း ၂၆၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ ■

●စာမျက်နှာ ၂ မှ

ရပ်ဆိုင်းခဲ့ရပါသည်။ ဘူတာရုံကို လှေနှင့်သွားရသော အဖြစ်ကို ပဲခူးသူ ပဲခူးသားများ မမေ့နိုင်ကြပေ။ ခေါင်းဆေးကျွန်း ရေကျော်၍ ပဲခူးမှရန်ကုန်သို့ အရေးကြီးကိစ္စဖြင့် သွားရောက်ရန်ရှိသော မော်တော်ယာဉ်ငယ်များသည် သနပ်ပင်မြို့မှ တစ်ဆင့် သက္ကလ၊ ခရမ်းသုံးခွမှ သန်လျင်မြို့ကိုဖြတ်၍ တစ်ကွေ့တစ်ပတ်ကြီး ခရီးနှင်ပါမှ ရန်ကုန်မြို့သို့ ရောက်ရှိကြရပါသည်။

ယခုအခါ ရေဘေးဒုက္ခကြောင့် စိတ်မချမ်းမြေ့ရသော ကာလများကုန်လွန်ခဲ့ပြီဖြစ်ပါသည်။ ပဲခူးမြစ်သည် အထက်ချောင်းဖျား၊ သမီးလှချောင်းနှင့် စာမရီချောင်းတို့ ပေါင်းစည်းမြစ်ဖျားခံရာမှ ဖြစ်ပေါ်လာခဲ့ပြီး ရန်ကုန်မြို့အရောက် စီးဆင်းသွားခြင်းဖြစ်ပါသည်။ ပဲခူးမြစ်၏ ပဲခူးမြို့အတွက် စိုးရိမ်ရေမှတ်မှာ ၉၁၀ စင်တီမီတာ ဖြစ်ပါသည်။ ယခုနှစ် ဩဂုတ်လနောက်ဆုံးပတ်အတွင်း ပဲခူးမြို့၌ မိုးရွာသွန်းမှုများသဖြင့် ရေနုတ်မကောင်းသော မြို့တွင်းရေမြောင်းများ ပိတ်ဆို့ခဲ့ပါသည်။ သို့ဖြစ်၍ နေ့စဉ်ရက်ဆက်ရွာသွန်းနေသော မိုးရေတို့ အနိမ့်ပိုင်းရပ်ကွက်အချို့တွင် အခိုက်အတန့်ရေဝင်၍ နေအိမ်အချို့ရေနစ်မြုပ်ခဲ့သည်မှအပ ပဲခူးမြို့တွင် ရေကြီးခဲ့ခြင်းမရှိဟုဆိုရမည်သာဖြစ်ပါသည်။ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာသို့ ပဲခူးမြစ်ရေ လုံးဝမရောက်ရှိခဲ့သလို ပဲခူး-ရန်ကုန်ကားလမ်း (ခေါင်းဆေးကျွန်း) ရေမကျော်ခဲ့ပါ။ သို့ဖြစ်၍ ပဲခူးရေမကြီးခဲ့ပါဟု ဆိုနိုင်ခြင်းဖြစ်ပါသည်။ ဆည်မြောင်းဦးစီးဌာနက ပဲခူးမြို့၏အောက်ပိုင်း မုန်တိုင်းကျေးရွာ၊ စည်တီးကျေးရွာ၊ ဈေးညောင်ပင်ကျေးရွာဝန်းကျင်ရှိ ပဲခူးမြစ်ရေ စီးဆင်းမှုကို အဟန့်အတားဖြစ်စေသော သဲသောင်ခုံ ၁၁ ခုကို စက်ယန္တရားကြီးများဖြင့် ၂၀၁၂ ခုနှစ်က တူးဖော်ခဲ့ရာ ယခုနှစ်အဖို့ ပဲခူးမြစ်သည် စိုးရိမ်ရေမှတ် အထက်သို့ မရောက်ရှိနိုင်တော့ပါ။ ရေစီးဆင်းရာလမ်းကြောင်းတစ်လျှောက် အပိတ်အဆို့အတားအဆီးများ လျော့နည်းသွားပြီဖြစ်၍ ပဲခူးမြစ်ကြီးသည် တငြိမ့်ငြိမ့် စီးဆင်းလျက်ရှိပြီဖြစ်သည်။

ဆည်မြောင်းဦးစီးဌာနသည် ပဲခူးမြို့ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်လုပ်ငန်း ၁၅ ခုကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရှိရပါသည်။ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများမှာ ကိုဒူကွဲရေလှောင်တမံစီမံကိန်း၊ စလူ ရေလှောင်တမံစီမံကိန်း၊ ရွှေလောင်းရေလှောင်တမံစီမံကိန်း၊ အဗျား-ရှမ်းကိုင်းရေနုတ်မြောင်း၊ မင်းရွာ-ပိုင်ကျုံရေနုတ်မြောင်း၊ အုန်းနဲ့-ကံဘဲ့ရေနုတ်မြောင်း၊ မောင်းမရေနုတ်မြောင်း၊ ဆည်မရေနုတ်မြောင်း၊ ဝဲပတန်ရေနုတ်မြောင်း၊ သံဒင်းရေနုတ်မြောင်း၊ ဇောင်းတူ-မိုးယွန်းကြီးရေသွယ်မြောင်း၊ ဇောင်းတူ-စွန်ပိရေသွယ်မြောင်း၊ ဇောင်းတူ-ကျိုက်လှရေသွယ်မြောင်းတူးဖော်ခြင်းနှင့် ပဲခူးမြစ်သဲသောင်ခုံ ၁၁ ခု တူးဖော်ခြင်းလုပ်ငန်းများ ဖြစ်သည်။ ကျပ်သန်းပေါင်း ၅ သောင်းကျော်အကုန်အကျခံ၍ နိုင်ငံတော်က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍လည်း ပဲခူး-စစ်တောင်းတူးမြောင်းအား တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေ-မြစ်-ဖြိုး ဦးစီးဌာနမှလည်း ပဲခူးမြို့နယ်အတွင်း မြို့ဦးခင်းကျေးရွာနှင့် အောက်စည်တီးကျေးရွာကြားတာဝကျေးရွာနှင့် စဥ့်အိုးဘိုရွာကြားတွင် လည်းကောင်း၊ ကဝမြို့နယ်အတွင်း ထုံးကလေးရွာ၊ ငှက်ပျောတောရွာတို့တွင် ပဲခူးမြစ်ကို လေးနေရာဖြောင့်တန်းအောင် တည်ဆောက်မည့်စီမံချက်ကို သက်ဆိုင်ရာအထက်အဖွဲ့အစည်းသို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံထားကြောင်း သိရသည်။

သို့ဖြစ်ရာ ပဲခူးမြို့သူ မြို့သားများ၊ ပဲခူးနယ်သူနယ်သားများ အနှစ်နှစ်အလလက မျှော်လင့်တောင့်တခဲ့သောအိပ်မက်သည် ယခုအစိုးရလက်ထက်တွင် တကယ်ဖြစ်ပေါ်လာခဲ့ပါသည်။ တကယ်လုပ်လျှင် အဟုတ်ဖြစ်ကြောင်း လက်တွေ့သာဓကဖြစ်ပါသည်။ နှစ်စဉ်ရေကြီးမြဲဖြစ်သော ပဲခူး ယခုနှစ်တွင် ရေမကြီးတော့ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးပါမကျန် အဆင်ပြေသည့်အတွက် ပြည်သူများက နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ **(စိန်လှိုင်ဗိုလ်)**

နယ်စပ်ဒေသဖွံ့ဖြိုးရေး

နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးအတွက် ကျပ် ဘီလီယံ ၁၂၀ လျာထား

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် ဘတ်ဂျက် ကျပ် ဘီလီယံ ၁၂၀ လျာထားကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် ပြည်နယ်ခုနစ်ခုတို့ကို တာဝန်ယူထားပြီး ယခုနှစ်အတွက် လျာထားငွေများကို အဆိုပါ ဒေသအသီးသီးတွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်း၊ တံတားအပါအဝင် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားဒေသများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များအတွက်လည်း ပါဝင်ပြီး အဆိုပါဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန် လိုအပ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၏ ပြောကြားချက်အရ သိရသည်။

"တိုင်းရင်းသားတွေရဲ့ လူနေမှုဘဝ တိုးမြှင့်ဖို့၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့ ကဏ္ဍပေါင်းစုံက လိုအပ်တာမှန်သမျှကို ကဏ္ဍတွေခွဲပြီးတော့မှသုံးတယ်၊ တိုင်းရင်းသားတွေ ဘာလိုလဲ၊ လိုတဲ့ဟာကို ဝန်ကြီးဌာနကနေပြီးတော့မှ ဘက်ပေါင်းစုံက သွားတယ်၊ လိုအပ်ရင် လိုအပ်သလို တိုးမြှင့်ဆောင်ရွက်သွားမှာပါ။ နောက်ပြီး ဒီကျောင်းမှာ လေးနှစ် သင်ရမယ်၊ စားစရိတ်၊ နေစရိတ် အကုန် ဘာမှမလိုဘူး၊ ကျောင်းဆင်းရင် ဘွဲ့ပေးမယ်၊ ဒီဘွဲ့ဟာ ရန်ကုန်တက္ကသိုလ်က ပေးတဲ့ဘွဲ့ဖြစ်ပါတယ်၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်က ကျွန်တော်တို့ တိုင်းရင်းသားလူငယ်များကို ဘွဲ့ပေးပါတယ်၊ ဒီကလေးများကို ကျွန်တော်တို့ရဲ့ဝန်ကြီးဌာနအသီးသီးမှာ တစ်ခါတည်း အလုပ်ခန့်လိုက်ပါတယ်၊ ဒါဒီနေ့ ကျွန်တော်တို့ ဆောင်ရွက်နေတာပါ။ ဒီထက် ကျွန်တော်တို့ ဆောင်ရွက်ရမယ်" ဟု နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအောက်တွင် ဒီဂရီကောလိပ် နှစ်ခု၊ တက္ကသိုလ် တစ်ခု၊ ဖွံ့ဖြိုးမှုကျောင်း ၃၆ ခု၊ လူငယ် သင်တန်းကျောင်း ၂၅ ခုနှင့် စက်မှုလက်မှုသင်တန်းကျောင်း နှစ်ခုရှိကြောင်း၊ အဆိုပါကျောင်းများတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားများအားခေါ်ယူ၍ အစိုးရစရိတ်ဖြင့် စားဝတ်နေရေးတာဝန်ယူပြီး အခမဲ့သင်ကြားပေးကြောင်း သိရသည်။

ပညာရေးနှင့်ပတ်သက်၍လည်း ဒေသခံများအား မိန့်ခွန်းပြောကြားရာတွင် "ဒီခေတ်ကတော့ ပညာမတတ်ရင်မရဘူး၊ မိဘပြည်သူများကို အနူးအညွတ်မေတ္တာရပ်ခံလိုတာကတော့ ကလေးများကို ပညာသင်ပေးပါ။ ပိုက်ဆံမရှိရင်ပြောပါ။ ဆင်းရဲရင်ပြောပါ။ ငွေမရှိရင် ကျွန်တော်တို့ အစိုးရကူညီမယ်၊ ကလေးသူငယ်တွေအားလုံး ကျောင်းနေရမယ့်အရွယ်မှာ ကျောင်းနေကိုနေရမယ်၊ ပညာမတတ်ရင် သူများနောက်မှာ နေရမယ်၊ ပညာတတ်ချင်း တူရင်တောင်မှ ကိုယ်ကနိမ့်လို့ရှိရင် နောက်မှာနေရမယ်" ဟုလည်း ဗိုလ်ချုပ်မောင်မောင်အုန်းက ထည့်သွင်းပြောကြားသွားကြောင်း ဒေသခံနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကျောင်းဆရာတစ်ဦး၏ ပြောပြချက်အရ သိရသည်။

[ဇိုဟေဆာ-ချင်းတောင်ခြေ]

ချင်းပြည်နယ်

ကာလေးမြို့မှ ကလေးမြို့

ဂျူနိုင်း

ကလေးမြို့သည် ကောဇာသက္ကရာဇ် ၃၂၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက်(တနင်္ဂနွေနေ့)တွင် ကျေးတောင်ညိုမင်းကြီးက စတင်တည်ထောင်ခဲ့သည့် မြို့ဖြစ်ပြီး မြို့လေးမြို့ဖြစ်သည့် ရွှေတောင်မြို့၊ စဉ်းတုံမြို့၊ မန်လုံမြို့နှင့် ခမ်းပတ်မြို့တို့က ကာရံထားသောမြို့ဖြစ်သောကြောင့် ကာလေးမြို့ဟု သမုတ်ခဲ့ရာမှ ယခုအချိန်တွင် ကလေးမြို့ဟုခေါ်ဆိုခဲ့ပါသည်။

ကလေးမြို့သည် စတင်တည်ထောင်သူ ကျေးတောင်ညိုမင်းကြီးအပါအဝင် မင်းဆက်လေးဆက်ဖြင့် ဆက်လက်တည်ထောင်ထားသည့် မြို့ဖြစ်ပြီး မြို့၏ထူးခြားချက်မှာ တောင်မှမြောက်သို့ စီးဆင်းသည့် မြစ်သာမြစ်တည်ရှိခြင်း၊ ကန့်လန့်ဖြတ်တည်ရှိသည့် တောင်ဖီလာတောင် တည်ရှိခြင်းနှင့် မြို့တွင်းမြို့လယ်ကောင်တွင် လေယာဉ်ကွင်းကြီး တည်ရှိခြင်းတို့ဖြစ်သည်။

ယခုအချိန်တွင် ကလေးမြို့သည် ရပ်ကွက်ကြီး ၁၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁ အုပ်စုတို့ဖြင့်ဖွဲ့စည်းထားပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ခရိုင်လေးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ ကလေးမြို့နယ်တွင် လူဦးရေ သုံးသိန်းကျော်နေထိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် အိမ်ခြေလူဦးရေတိုးတက်မှုများတွင် အလွန်မြန်ဆန်လှသည်။

ကလေးမြို့သည် လမ်းပန်းဆက်သွယ်ရေးတွင် ချင်းပြည်နယ်၊ အိန္ဒိယနယ်စပ် တမူးမြို့၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နှင့် ကလေးဝမြို့မှ မုံရွာ၊ မန္တလေး၊ ရန်ကုန်မြို့အထိ ရေကြောင်း၊ ကုန်းကြောင်းလမ်းများဆုံရာမြို့ဖြစ်သည့်အပြင် လေဆိပ်နှင့် ရထားဘူတာများ တည်ရှိရာမြို့လည်းဖြစ်သည်။ ပညာရေးတွင် ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များနှင့် အထက်တန်းကျောင်း သုံးကျောင်းတည်ရှိပြီး ကျန်းမာရေးတွင် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံနှင့် ခုတင်(၁၀၀)ဆံ့ စစ်ဆေးရုံ၊ ဝယ်စလီဆေးရုံများရှိသည့်အပြင် စီးပွားရေးတွင် ဆန်ရေစပါးပေါများကြွယ်ဝပြီး မြို့မဈေး၊ ပင်လုံဈေး၊ တာဟန်းဈေးများဖြင့် စည်ကားသည့်အပြင် စက်မှုဇုန်လည်း တည်ရှိရာမြို့ဖြစ်သည်။

ယခုအချိန်တွင် ကလေးမြို့သည် မြို့ပြအင်္ဂါရပ်နှင့်အညီ ပြည့်စုံပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံးညီညွတ်စွာ နေထိုင်ရာမြို့ နယ်စပ်ဒေသနှင့်ထိစပ်ပြီး စီးပွားရေးအချက်အချာကျသည့်မြို့ဖြစ်ရာ အလွန်သာယာဝပြောသော မြို့လေးတစ်မြို့ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။ ■

မန္တလေးတိုင်းဒေသကြီး

မန္တလေးတွင် ယာဉ်ကြောရှင်းလင်းဆောင်ရွက်

မန္တလေးတိုင်းဒေသကြီးအစိုးရ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းသည် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့တွင် ယာဉ်ကြောရှုပ်ထွေးနေရာများဖြစ်သော မဟာအောင်မြေမြို့နယ်(၇၈)လမ်း၊ (၃၆)လမ်းထောင့်၊ (၃၅)လမ်းနှင့် (၆၉)လမ်းထောင့်နှင့် (၈၄)လမ်း၊ (၄၅)လမ်းဆုံတို့သို့ သွားရောက်စစ်ဆေးရာ အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ရဲမှူးသိန်းကိုကိုနှင့် တာဝန်ရှိသူများက ယာဉ်ကြောရှင်းလင်းဆောင်ရွက်နေမှုများ၊ နံနက် ၇ နာရီမှ ၉ နာရီ၊ ညနေ ၃ နာရီမှ ၆ နာရီ ကျောင်းဆင်း၊ ရုံးဆင်းချိန်များတွင် ယာဉ်ကြောရှုပ်ထွေးမှုများနှင့် ယာဉ်ကြောရှင်းလင်းရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသည်။

ဝန်ကြီးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကို ထိရောက်စွာအရေးယူရေး၊ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်စေသော ယာဉ်နှစ်ထပ်၊ သုံးထပ်ရပ်နားမှုများကို အရေးယူရေး၊ မြို့တွင်းကုန်တင်ယာဉ်ကြီးများ မဝင်ရောက်ရေး၊ လှည့်ကင်းများဖြင့် စစ်ဆေးအရေးယူရေးတို့ကို မှာကြားပြီး ယာဉ်ရှုပ်ထွေးသည့်နေရာများဖြစ်သော (၃၅)လမ်းနှင့် (၆၉)လမ်းထောင့်၊ (၇၃)လမ်းနှင့် သိပ္ပံလမ်းထောင့်မီးပွိုင့်သစ်များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

[သီဟကိုကို-မန္တလေး]

» လူ့စွမ်းအားအရင်းအမြစ်မှ

သူ့ရဲ့စိတ်နေသဘောထား Attitude ပေါ်မှာ မူတည်ပါတယ်၊ Negative Attitude ရှိနေရင် စိတ်နေသဘောထားမြင့်လာအောင် လက်တွဲခေါ်ယူရပါမယ်၊ ပြုပြင်ပေးရပါမယ်၊ ပြုပြင်ပေးတာကိုလက်မခံ၊ လက်တွဲခေါ်ပေမယ့်လည်း လိုက်ပါလာခြင်းမရှိဘူးဆိုရင်တော့ ဒီနေ့ခေတ်၊ ဒီနေ့အချိန်အခါနဲ့ မဖြစ်နိုင်တော့တဲ့အတွက် ထားခဲ့ရတော့မှာ ဖြစ်ပါတယ်။

ဒီနေ့အချိန်အခါမှာ လုပ်ရည်ကိုင်ရည်ရှိဖို့ အရေးကြီးသလို လုပ်ချင်ကိုင်ချင်စိတ်ရှိဖို့က ရှေ့တန်းကိုပိုပြီးရောက်လာပါတယ်၊ နိုင်ငံအတွင်းမှာ ကဏ္ဍစုံ၊ ဘက်ပေါင်းစုံ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတဲ့အချိန်အခါမှာ ပြည်သူ၊ ပြည်သားအားလုံးက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တတ်နိုင်တဲ့နေရာက လုပ်ချင်ကိုင်ချင်စိတ် အပြည့်အဝနဲ့ ပူးပေါင်းပါဝင်လုပ်ဆောင်ရမယ့် အချိန်အခါ ဖြစ်ပါတယ်။

အမျိုးသားစီမံကိန်းရေးဆွဲရာမှာလည်း ယခင်က အသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး GDP ကို အဓိကထားရေးဆွဲခဲ့ရာမှ ပြုပြင်ပြောင်းလဲမှုအဖြစ် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အလေးထားရှေးရှုပြီး အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကိုရေးဆွဲလျက်ရှိပါတယ်။

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကိုရေးဆွဲရာမှာ နိုင်ငံတော်မူဝါဒများနှင့်ကိုက်ညီခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ မူဝါဒများနှင့်ကိုက်ညီခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ မူဝါဒနှင့်ကိုက်ညီခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မထိခိုက်ခြင်း၊ နိုင်ငံတော် အချုပ်အခြာအာဏာကို မထိခိုက်ခြင်း အစရှိသည်တို့ကို သတိပြုရေးဆွဲရမှာဖြစ်ပါတယ်။

နိုင်ငံတော်ကချမှတ်ထားတဲ့စီးပွားရေးမူဝါဒ(၄)ရပ်ကတော့

- စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊
- ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး
- စာရင်းအင်းဆိုင်ရာအချက်အလက်များအရည်အသွေးပြည့်ဝရေး တို့ဖြစ်ပါတယ်။

နိုင်ငံတော်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲရာမှာ လူ့စွမ်းအားအရင်းအမြစ်အဖြစ် နိုင်ငံ့ဝန်ထမ်းများသာမက ပြည်သူ့ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေး၊ လူမှုရေးအသင်းအဖွဲ့များမှကိုယ်စားလှယ်များအားလုံးပါဝင်ရေးဆွဲရမှာဖြစ်ပါတယ်။

အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲကြမယ့် လူ့စွမ်းအားအရင်းအမြစ်အားလုံးက မိမိတို့ရဲ့အရည်အချင်း၊ အတွေ့အကြုံ၊ စိတ်ကူးစိတ်သန်းတို့အပြင် လုပ်ချင်ကိုင်ချင်စိတ် အပြည့်အဝနဲ့ ပူးပေါင်းပါဝင်ရေးဆွဲကြမယ်ဆိုရင်တော့ နိုင်ငံ့ဖွံ့ဖြိုးမှုကို အထောက်အကူပြုမယ့် စီမံကိန်းကြီးတစ်ရပ် ပေါ်ထွက်လာမယ်လို့ ယုံကြည်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။ ■

ရှမ်းပြည်နယ်

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး သမဝါယမအသင်းများသို့ ရင်းနှီးမတည်ငွေ ပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အရ သမဝါယမဖွံ့ဖြိုးရေးအဖွဲ့မှ ဖွဲ့စည်းပြီး သမအသင်းသစ် ခုနစ်သင်းသို့ ရင်းနှီးမတည်ငွေ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် သမဦးစီးဌာနရုံး၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လုပ်ငန်းစဉ်(၈)ရပ်မှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ သမအသင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် မြို့နယ်သမဦးစီးအရာရှိ ဒေါ်လှလှတင့်တို့က အမှာစကားပြောကြားပြီး အသင်းခုနစ်သင်းရှိ အသင်းသား ၂၈၇ ဦးအတွက် မတည်ရင်းနှီးငွေကျပ် ၂၈၇ သိန်းကို မြို့နယ် သမအသင်းစုဥက္ကဋ္ဌ ဦးသန်းအောင်ဌေးက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများ၌ သမဝါယမအသင်းများသို့အုပ်ချုပ်ရေးမှူးများမှတစ်ဆင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

[မြို့နယ်/ပြန်ဆက်]

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီ၌ မြို့တွင်းလမ်းများအား ကွန်ကရစ်ခင်း

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့တွင်းလမ်းများ သွားလာရေးလွယ်ကူချောမွေ့ကောင်းမွန်စေရေးနှင့် နှစ်စဉ်မြစ်ရေကြီးပြီး မြစ်ရေလွှမ်းမိုးမှုကြောင့် ပျက်စီးမှုလျော့နည်းစေရန် ရည်ရွယ်လျက် တနင်္သာရီမြို့နယ်စည်ပင်သာယာရေးကော်မတီက မြို့တွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဆင်းရဲမှုလျော့နည်းစေရေးကဏ္ဍ ရန်ပုံငွေမှ ကျပ်သိန်း ၁၀၀ ထောက်ပံ့ငွေဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ် ၂၅ ရက်တွင်စတင်၍တနင်္သာရီမြို့ချောင်းကြီးရပ်ကွက် ရှင်မအောင်သာလမ်း ပေ ၈၀၀ အား အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မအထိ ကွန်ကရစ်ခင်းလျက်ရှိရာ ယနေ့ အထိ ၃၅ ရာခိုင်နှုန်းသို့ ပြီးစီးနေပြီဖြစ်ပြီး ယင်းလမ်းပြီးပါက ယခင်နှစ်များက မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ချောင်းငယ်ရပ်ကွက်ရှိ အာယုလမ်းအား ပေ ၄၀၀ နှင့် မင်္ဂလာငယ်လမ်းအား ပေ ၆၅၀ အထိတို့ကို စက်တင်ဘာလအတွင်း အကျယ် ၁၂ ပေနှင့် အမြင့်ခြောက်လက်မအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ကွန်ကရစ်ခင်းခြင်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြီးကြပ်ဆောင်ရွက်နေသော အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်သက်ဦးက ပြောကြားသည်။

[တနင်္သာရီ ပြန်/ဆက်]

ကရင်ပြည်နယ်

မြဝတီမြို့တွင် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် အသိပညာပေးဟောပြော

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများအလွဲသုံးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ မြဝတီခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်မြင့်နှင့် မြဝတီမူးယစ်(အထူး)အဖွဲ့မှ ကြီးကြပ်သူအရာရှိ ဒုရဲမှူး အောင်စည်တို့က အိမ်သုံးဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများအား စည်းကမ်းချက်နှင့်အညီ ရောင်းချရန်နှင့် မူးယစ်ဆေးဝါးအစား အိမ်သုံးဆေးဝါးများအလွဲသုံးမှုအန္တရာယ်တို့ကို အသီးသီးပညာပေးဟောပြောခဲ့ကြသည်။ အခမ်းအနားသို့ မြို့ပေါ်ရှိ အိမ်သုံးဆေးဝါးများ ရောင်းချသည့် ဆေးဆိုင်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ [သတင်းစဉ်]

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

လဟယ်မြို့၌ အမျိုးသမီးအိမ်တွင်းမှုသင်တန်းဖွင့်

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ အမျိုးသမီးအခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂၀/၂၀၁၃) အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၄/၂၀၁၃)၊ ရိုးရာဂျပ်ခုတ် (ရက်ကန်း) သင်တန်းအမှတ်စဉ် (၁/၂၀၁၃) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီတွင် အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ နာဂဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစံကြူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လူမှုရေးအသင်းများ၊ သင်တန်းနည်းပြဆရာမများ၊ သင်တန်းသူများတက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ အခြေခံအိမ်တွင်းမှုသင်တန်း သင်တန်းသူ ၃၈ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်း သင်တန်းသူ ၁၁ ဦး၊ ရိုးရာဂျပ်ခုတ် (ရက်ကန်း)သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၅၉ ဦး တက်ရောက်လျက်ရှိကြောင်းသိရသည်။ အလားတူ လေရှီးမြို့နယ်တွင်လည်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂၄)တွင် သင်တန်းသူ ၁၈ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၀)တွင် သင်တန်းသူ ကိုးဦး၊ သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ်(၃)တွင် သင်တန်းသူနှစ်ဦး၊ ရိုးရာဂျပ်ခုတ် (ရက်ကန်း) သင်တန်းအမှတ်စဉ် (၂)တွင် သင်တန်းသူနှစ်ဦး စုစုပေါင်းသင်တန်းသူ ၃၂ ဦးနှင့် နန်းယွန်းမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ကိုးဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၄)တွင် သင်တန်းသူ ၂၁ ဦး စုစုပေါင်း သင်တန်းသူ ၃၀ တို့ဖြင့် ဩဂုတ် ၂၆ ရက်တွင် သင်တန်းအသီးသီးအား တစ်ချိန်တည်းဖွင့်လှစ်ခဲ့သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိပြီး ဒေသခံ နာဂတိုင်းရင်းသူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခြေခံအိမ်တွင်းမှုသင်တန်းနှင့် စက်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပြီး မိမိတို့ကျေးရွာများတွင် တစ်ပိုင်တစ်နိုင်ကုန်ထုတ်လုပ်ငန်းများထူထောင်ပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် အဆိုပါ သင်တန်းကျောင်းများတွင် ရိုးရာအဝတ်အထည်များထုတ်လုပ်နိုင်ရေးအတွက် ရိုးရာဂျပ်ခုတ် (ရက်ကန်း)သင်တန်းကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပြီး ရိုးရာယဉ်ကျေးမှုထွန်းကားပြန့်ပွားစေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ရေး သင်တန်းကျောင်း

သက်နိုင်(ပြင်ဦးလွင်)

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော လူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေ တောင်သူလယ်သမားများ ဖြစ်ကြသည်။ နိုင်ငံ၏ အဓိကစီးပွားရေးသည်လည်း စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အကောင်အထည်ဖော် လုပ်ကိုင်သောစနစ်ဖြစ်နေသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးလုပ်ဆောင်ပေးရန် အထူးလိုအပ်လျက်လည်း ရှိနေပေသည်။

နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာပြောင်းလဲမှု၊ ဓာတ်မြေဩဇာ အသုံးပြုမှု၊ စိုက်ပျိုးပြောင်းလဲမှုဟူသော ကဏ္ဍလေးရပ်ကို လယ်ယာထွက်ကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မှုဟုတ်ချင်း ပြုပြင်ပြောင်းလဲရန် သတ်မှတ်အကောင်အထည်ဖော် လုပ်ကိုင်ခဲ့သည်။

ထို့အပြင် တောင်သူလယ်သမားများ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (မြန်မာ-ခါနန်)လေ့ကျင့်ရေး သင်တန်းကျောင်း (Myanmar Canaan Farmer's Training Center)ကိုလည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ကျေးရွာတွင် ၂၀၀၃ ခုနှစ်မှ စတင်၍ ဖွင့်လှစ်တည်ထောင်ပေးခဲ့သည်။

သင်တန်းကို (၁)ပညာပေးသင်တန်းများပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရန်နှင့် စိုက်ပျိုးရေးနည်းပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ (၂)မြန်မာလယ်သမားများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် စိုက်ပျိုးခြင်းလုပ်ငန်းကို ပိုမိုနှစ်သက် စိတ်ပါဝင်စားလာစေရန်၊ (၃)ကမ္ဘာ့ခါနန် လှုပ်ရှားမှုအဖွဲ့မှရရှိလာသော အလုပ်ကိုချစ်မြတ်နိုးမှု၊ ပူးပေါင်းဆောင်ရွက်လိုမှု၊ စွန့်လွှတ်အနစ်နာခံမှု အတွေးအခေါ်များအပေါ် အခြေခံ၍ ဦးဆောင်ဦးရွက်ပြုနိုင်သော စံပြစိတ်ဓာတ်များ တိုးပွားလာစေရန်၊ (၄)ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်ရန်၊ (၅)လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်ငါးချက်ဖြင့် ဖွင့်လှစ်ခဲ့ပြီး ပထမဆုံး သင်တန်းကျောင်းကျောင်းအုပ်အဖြစ် ကိုရီးယားနိုင်ငံမှ Mr. Kim Sang Ok က ၂၀၀၉ ခုနှစ်အထိ တာဝန်ယူခဲ့ပြီး ယနေ့အထိ Mr.Cho Sung Hyub မှ တာဝန်ယူအုပ်ချုပ် သင်ကြားပေးလျက်ရှိနေသည်။

သင်တန်းတွင် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ၊စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေး၊ ဓာတုနှင့်ဇီဝ မြေဩဇာအသုံးချရေး၊ဘက်စုံသီးနှံကာကွယ်ရေး၊ ရေအသုံးချရေးနှင့် ရေသွင်းစနစ် စသော တောင်သူလယ်သမားတို့အတွက် မရှိမဖြစ်လိုအပ်သော ပညာရပ်များကို စာတွေ့လက်တွေ့နှစ်ရပ်ပေါင်း၍ သင်ကြားပို့ချသည့်အပြင် မွေးမြူရေး၊ ကွန်ပျူတာနှင့် ခါနန်စိတ်ဓာတ်တို့ကိုလည်း ထည့်သွင်းပြီး စနစ်တကျ သင်ကြားပေးလျက်ရှိနေသည်။

ထို့အပြင် နံနက် ၅ နာရီ အိပ်ရာထ မျက်နှာသစ်သည်မှ စတင်၍ ည ၁၀ နာရီ အိပ်ရာဝင်သည်အထိ သင်တန်းသား သင်တန်းသူများကို စာသင်ချိန်၊ စာကျက်ချိန်၊အစာစားချိန်၊ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ချိန်၊ ကွင်းဆင်းလေ့လာမှုပြုလုပ်ချိန်ဟူ၍ နေ့စဉ် အချိန်ဇယားများ ရေးဆွဲပြီး စည်းကမ်းတကျ လေ့ကျင့်လျက်ရှိစေပြန်သည်။

သင်တန်းကာလများကို သုံးရက်၊ ၁၀ ရက် စသည့် ရက်တိုသင်တန်းများဖြင့် လည်းကောင်း၊ ရက်သတ္တသုံးပတ်မှ ၁၀ ပတ်အထိ ရက်ရှည်သင်တန်းများဖြင့် လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ယနေ့အထိ သင်တန်းပေါင်း (၄၃)ကြိမ် ဖွင့်လှစ်နိုင်၍ နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ အသင်းအဖွဲ့ဝင်များ၊ လုပ်ငန်းခွင်အသီးသီးမှ တောင်သူလယ်သမားများ အပါအဝင် သင်တန်းသား သင်တန်းသူ ၁၂၇၀ ကို ပို့ချသင်ကြားပေးခဲ့ပြီးဖြစ်သည်။

သင်တန်းကျောင်းကို မြန်မာ၊ ကိုရီးယားနှစ်နိုင်ငံ အစိုးရတို့မှ လိုအပ်သော အကူအညီများ ပံ့ပိုးပေးလျက်ရှိနေပြီး လက်ရှိကျောင်းအုပ်ကြီး Mr.Cho Sung Hyub က မြန်မာနိုင်ငံကို အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေလိုကြောင်း၊ မိမိတို့ကိုရီးယားနိုင်ငံသည် ၁၉၅၀ ခုနှစ်ဝန်းကျင်က မြန်မာနိုင်ငံမှ ပေးပို့လှူဒါန်းသော ဆန်များကို မှီခိုစားသုံးနေရသည့် ဆင်းရဲသောနိုင်ငံဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံသည် မည်သူမှ မထင်မှတ်လောက်အောင် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာခဲ့ရာ မြန်မာနိုင်ငံကိုလည်း ကိုရီးယားနိုင်ငံကဲ့သို့ တိုးတက်အောင်မြင်စေလိုသော စိတ်ကူးဆန္ဒများဖြင့် ဤသင်တန်းကျောင်းကို လာရောက်ဖွင့်လှစ်သင်ကြားပေးကြောင်း အားတက်သရော ပြောကြားခဲ့သည်။

ထို့ကြောင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအဖြစ် ဖွင့်လှစ်ထားသော တောင်သူလယ်သမားနည်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းကျောင်းကြီးသည် နှစ်နိုင်ငံချစ်ကြည်ရေးအတွက်သာမက မြန်မာနိုင်ငံတိုးတက်စည်ပင်ဝပြောရေးအတွက် အုတ်တစ်ချပ်၊သဲတစ်ပွင့်အဖြစ် တည်ရှိနေပါကြောင်း။ ॥ ■

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေး

မြစ်ကြီးနား စက်တင်ဘာ ၇

(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွမ်ငန်ဆိုင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီက ပြည်နယ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ရွက်လှမြိုင်ရပ်ကွက်အမှတ်(၇၉) စက်မှုလယ်ယာဦးစီးဌာနတွင် ပူတာအိုသို့ အဆင့်မြင့်လယ်ယာဖော်ထုတ်ရန်အတွက် ဝယ်ယူထားသော Sonalica လယ်ယာထွန်စက် ၁၀ စီးနှင့် ဆက်စပ်ပစ္စည်းများထားရှိမှု၊ စက်ယန္တရားများ စမ်းသပ်မောင်းနှင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပူတာအိုတွင် ယမန်နှစ်က ဆန်စပါးရှားပါးမှုကြုံတွေ့ခဲ့ရသဖြင့် ပြည်နယ်အစိုးရအဖွဲ့က ကြီးကြပ်စီစဉ်၍ ပူတာအိုဒေသတွင် အဆင့်မြင့်လယ်ယာဖော်ထုတ်နိုင်ရေးအတွက် လယ်ထွန်စက်တစ်စီးလျှင် ငွေကျပ် ၂၃၅ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် နန့်ကွေ့ဇဟိုစိုက်ပျိုးရေးခြံရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ရောက်ရှိပြီး တာဝန်ခံ ကျောင်းအုပ်ဆရာကြီးက ကျောင်းဆောက်လုပ်ပြီးစီးမှု၊ ဝန်ထမ်းဖွဲ့စည်းမှု၊ ကျောင်းတွင်သင်ကြားမည့် ဘာသာရပ်အလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် လမ်းညွှန်ဖြည့်စွက်မှာကြားကာ ဆောက်လုပ်ပြီးစီးသည့် ကျောင်းဆောင်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ■

နမ့်ဆန်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်

နမ့်ဆန် စက်တင်ဘာ ၇

(မြို့နယ်ထွေ/အုပ်)

နမ့်ဆန်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ကျင်းပရာ အခမ်းအနားသို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မမှူး၊ ဒုတိယဗိုလ်မှူးကြီး အောင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ပြည်သူလူထုများ ပါဝင်ခဲ့ကြပြီး ပျိုးပင် ၁၅၀၀ ကို ဆေးရုံဝင်းအတွင်း စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ ■

ဆင်ခြေထောက်ရောဂါကင်းဝေးရေးနှင့် လူသားအားလုံး ဆေးကျွေးခြင်းလုပ်ငန်းအကြောင်းသိကောင်းစရာ

ဒေါက်တာနီနီအေး

ဆင်ခြေထောက်ရောဂါဆိုသည်မှာ သန်ကောင်အမျိုးအစား ပိုးတစ်မျိုးကြောင့်ဖြစ်သည့် ရောဂါတစ်မျိုးဖြစ်ပါသည်။ ဤရောဂါသည် ခြင်ကိုက်ခြင်းဖြင့် ကူးစက်သောရောဂါဖြစ်ပါသည်။ သန်ကောင်၏အမည်မှာ Wuchereria bancrofti ဖြစ်ပြီး အခြားသန်ကောင်အမျိုးအစားကြောင့် ဆင်ခြေထောက်ရောဂါဖြစ်နိုင်သော်လည်း မြန်မာနိုင်ငံတွင် ၎င်းသန်ကောင်တစ်မျိုးသာလျှင် ဆင်ခြေထောက်ရောဂါဖြစ်စေပါသည်။ သက်ကြီး သန်ကောင်များမှာ သားငန်ရည်ကြောတွင်နေပါသည်။ သက်ကြီးသန်ကောင်များ မိတ်လိုက်ပေါင်းဖော်ပြီး (Microfilaria) သန်ကောင်ငယ်များ ပေါ်လာကာ ယင်းတို့သည် လူတို့၏သွေးကြောများနှင့် အဆုတ်၊ အသည်းစသော အတွင်းကလီစာများတွင် လှည့်ပတ်သွားလာနေပါသည်။ သန်ကောင်ငယ်များသည် ည ၁၀ နာရီမှ နံနက် ၂ နာရီအတွင်း သွေးကြောများထဲတွင် များပြားစွာထွက်ပေါ်လေ့ရှိပါသည်။ ထိုအချိန်တွင် ထိုသူကို ခြင်ကိုက်ရာမှ ခြင်၏ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီး ခြင်၏ကိုယ်ထဲတွင် သန်ကောင်ငယ်များအဆင့်ဆင့်ကြီးထွားမှုဖြစ်လာပြီးမှ လူကိုကူးစက်မှုပေးနိုင်သော အဆင့်ကိုရောက်ရှိကာ ခြင်ကိုက်ရာမှတစ်ဆင့် လူကိုကူးစက်မှုဖြစ်ပွားစေပါသည်။

ဆင်ခြေထောက်ရောဂါသည် အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး၊ လူမျိုးမရွေး ဖြစ်နိုင်ပါသည်။ ဆင်ခြေထောက်ရောဂါပိုး ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီး မည်သည့်လက္ခဏာမှမပြဘဲ ငုပ်နေတတ်ပါသည်။ ဤအဆင့်တွင် ည၌အခါ သွေးဖောက်စစ်ဆေးသော်လည်း Microfilaria ပိုးမတွေ့နိုင်ပါ။ ရောဂါလက္ခဏာမပြသော်လည်း ပိုးများကသားငန်ရည်ကြောများကို စတင်ဖျက်ဆီးစပြုနေပြီဖြစ်ပါသည်။ ဤအဆင့်တွင် ရောဂါပိုးရှိ၊ မရှိကို Immunochromatographic Test (ICT) နှင့် စမ်းသပ်မှသာ သိရှိရပါသည်။ ထိုမှတစ်ဆင့် ရောဂါမပြသော်လည်း ညအချိန်တွင် သွေးဖောက်စစ်ဆေးမှ Microfilaria ပိုးကို တွေ့နိုင်သော (Asymptomatic Parasitaemia) အဆင့်ကို ရောက်ရှိပြီးနောက် ရောဂါလက္ခဏာအမျိုးမျိုးကို တွေ့နိုင်ပါသည်။

၎င်းလက္ခဏာများမှာ ချမ်းတုန်၍ဖျားခြင်း၊ ခန္ဓာကိုယ်တစ်နေရာရာတွင် နီရဲပူလောင်ရောင်ရမ်း၍ နာကျင်ခြင်း၊ သားငန်ရည်ကြောနှင့် အကျိတ်များတွင် ရောင်ခြင်း၊ ဆီးသွားသည့်အခါ အဖြူရောင်ပျစ်ချွဲချွဲဖြစ်နေခြင်း၊ အင်ပြင်ထွက်ခြင်း၊ ပန်းနာရင်ကျပ်ရောဂါကဲ့သို့ ရင်ကျပ်ခြင်း၊ ဘောအောင့်ခြင်း၊ (ရေမုတ္တ) စသည့် လက္ခဏာများ ခံစားရတတ်ပါသည်။ ထိုမှတစ်ဆင့် ခြေထောက်၊ လက်တဖြည်းဖြည်းကြီးလာခြင်း (တစ်ဖက်တည်းဖြစ်စေ၊ နှစ်ဖက်လုံးဖြစ်စေ) ဖြစ်လာပြီး နောက်ဆုံးတွင် ခြေ၊ လက်များ ဆင်ခြေထောက်ကဲ့သို့ ဖြစ်လာတတ်ပါသည်။ ရောဂါပိုးသယ်ဆောင်လာသော ခြင်ကိုက်ခံရပြီး ရောဂါလက္ခဏာပေါ်ရန်အတွက် ခြောက်လမှ ရှစ်နှစ်အထိကြာတတ်ပါသည်။

ဆင်ခြေထောက်ရောဂါသည် လတ်တလောသေစေနိုင်သောရောဂါမဟုတ်သော်လည်း ခြေလက်အင်္ဂါပုံသဏ္ဍာန်ပျက်ယွင်းခြင်းကြောင့် လူမှုရေးထိခိုက်နစ်နာဆုံးရှုံးမှုရှိသော ရောဂါများအနက်မှ တစ်ခုအပါအဝင်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၁၄၀၀ သည် ဆင်ခြေထောက်ရောဂါကူးစက်နိုင်သည့် အန္တရာယ်ရှိသော နိုင်ငံပေါင်း ၇၃ နိုင်ငံတွင် နေထိုင်လျက်ရှိပြီး ယင်းတို့အနက် လူဦးရေသန်း ၁၂၀ ၌ ဆင်ခြေထောက်ရောဂါကူးစက်မှုရှိနေပါသည်။ လူဦးရေသန်း ၄၀ ကျော်မှာ ဆင်ခြေထောက်ရောဂါလက္ခဏာတစ်ခုခုကို ခံစားနေကြရပြီး သန်း ၇၀ ကျော်မှာ ရောဂါလက္ခဏာမပြဘဲ ရောဂါငုပ်နေသည့်အခြေအနေတွင်ရှိပါသည်။ အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံ ၁၁ နိုင်ငံအနက် မြန်မာနိုင်ငံအပါအဝင် ကိုးနိုင်ငံသည် ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုရှိပြီး ပြည်သူများအတွင်း ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လျက်ရှိပါသည်။ သို့ဖြစ်၍ ၁၉၉၇ ခုနှစ်က ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြိမ် (၅၀)မြောက် ညီလာခံမှ ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက် (၅၉)အရ "၂၀၂၀ ခုနှစ်တွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေး" ရည်မှန်းချက်ကို မြန်မာနိုင်ငံအပါအဝင် ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုရှိသော နိုင်ငံများက အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့်မြန်မာနိုင်ငံ၌ ၂၀၂၀ ခုနှစ်တွင် တစ်နိုင်ငံလုံး ဆင်ခြေထောက်ရောဂါကင်းဝေးစေရန် ရည်မှန်းချက်ထားရှိ၍ ၂၀၀၁ ခုနှစ်မှစ၍ ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်နည်းဗျူဟာတစ်ခုဖြစ်သည့် လူကုန်ဆေးကျွေးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ဆေးကျွေးခြင်းလုပ်ငန်း မစတင်မီ မြန်မာနိုင်ငံတွင် ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုကို သိရှိနိုင်ရန်အတွက် (Mapping) ပြုလုပ်၍ ဆောင်ရွက်ခဲ့ရာ ထိုအချိန်က ခရိုင်ပေါင်း ၆၅ ခရိုင်အနက် ၄၅ ခရိုင်တွင် အမြစ်တွယ်လျက်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ ၂၀၀၁ ခုနှစ်တွင် ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုများသည့် မကွေးတိုင်းဒေသကြီးမှ မကွေးခရိုင်နှင့် သရက်ခရိုင်တွင် လူကုန်ဆေးကျွေးခြင်းလုပ်ငန်းကို စတင်ခဲ့ပါသည်။ လူကုန်ဆေးကျွေးခြင်းလုပ်ငန်းဆိုသည်မှာ ဆေးတိုက်ကျွေးမည့်ခရိုင်ရှိ လူဦးရေစုစုပေါင်းအနက် (၂)နှစ်အောက်ကလေး၊ ကိုယ်ဝန်ဆောင်နှင့် ရောဂါတစ်ခုခုကြောင့် အိပ်ရာထဲလဲနေသူမှအပ ကျန်သည့် လူများအားလုံးကို တစ်ပတ်အတွင်း တစ်နှစ်လျှင်တစ်ကြိမ် အနည်းဆုံးငါးနှစ်ဆက်တိုက် တိုက်ကျွေးရမည်ဖြစ်ပါသည်။ တိုက်ကျွေးသည့်ဆေးမှာ DEC (Diethylcarbamazine Citrate)နှင့် Albendazole သန်ချဆေးစသည့်ဆေးနှစ်မျိုးဖြစ်ပါသည်။ အောက်တွင် ဖော်ပြထားသောဇယားအတိုင်း အသက်အုပ်စုအလိုက် ဆေးကိုတိုက်ကျွေးပါသည်။

အသက်အုပ်စု	Albendazole ဆေးပြား (၄၀၀) မီလီဂရမ်	DEC ဆေးပြား (၂၀၀) မီလီဂရမ်
၂-နှစ်ပြည့်မှ ၅-နှစ်	၁ ပြား	၁/၂ ပြား
၆-နှစ်ပြည့်မှ ၁၄-နှစ်	၁ ပြား	၁ ပြား
၁၄နှစ်အထက်	၁ ပြား	၁ ၁/၂ ပြား

ဤကဲ့သို့ တစ်နှစ်လျှင်တစ်ကြိမ် ငါးနှစ်ဆက်တိုက် တိုက်ကျွေးခြင်းဖြင့် ရောဂါလက္ခဏာမပြဘဲ ခန္ဓာကိုယ်တွင်း၌ ဆင်ခြေထောက်ပိုးရှိနေသူများတွင် ပိုးများသေဆုံး၍ ရောဂါပိုးကင်းစင်မည်။ ခန္ဓာကိုယ်တွင်း၌ ဆင်ခြေထောက်ပိုးမရှိသူများတွင် ဆေးအာနိသင်ကြောင့် ရောဂါကူးစက်မှုကာကွယ်နိုင်မည်။ သန်ချဆေးနှင့် တွဲ၍တိုက်ခြင်းကြောင့် အူလမ်းကြောင်းတွင်နေထိုင်သော အခြားသန်ကောင်များ သေဆုံးနိုင်ပြီး အထူးသဖြင့် ကလေးများတွင် သန်ကောင်ရောဂါမရှိခြင်းကြောင့် စားသမျှအာဟာရကိုလည်း ကောင်းမွန်စွာရရှိမည်ဖြစ်ပါသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံဆင်ခြေထောက်ရောဂါကင်းဝေးရန်အတွက် လူကုန်ဆေးကျွေးခြင်းလုပ်ငန်းကို လက်ရှိ တိုက်ကျွေးလျက်ရှိသော မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအပြင် ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များမှ မြို့နယ်များတွင် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ပြုလုပ်မည်ဖြစ်ပါသည်။ ယခုနှစ် လူကုန်ဆေးကျွေးခြင်းလုပ်ငန်းကို မြို့နယ်အလိုက် စီမံချက်များရေးဆွဲပြီး လူဦးရေစာရင်းကောက်ယူခြင်း၊ လိုအပ်သောဆေးဝါးများကို မှာယူခြင်း၊ ဆေးများကို မြို့နယ်များသို့ဖြန့်ဝေခြင်း၊ ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်များနှင့် ဆေးတိုက်လမ်းညွှန်များကို ဖြန့်ဝေခြင်း၊ လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ဆေးတိုက်ရာတွင် ပါဝင်မည့် ဆေးတိုက်အဖွဲ့ဝင်များကို ဆေးတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ သေသေချာချာ သင်ကြားပို့ချခြင်းသည် အလွန်အရေးကြီးပါသည်။ သို့မှသာ ဆေးတိုက်အဖွဲ့ဝင်များ အိမ်တိုင်ရာရောက် ဆေးတိုက်ကျွေးခြင်းကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဆေးသောက်ရန်ရည်မှန်းထားသော လူဦးရေအုပ်စုအား ရည်မှန်းချက်ပြည့်ဝစွာတိုက်နိုင်မည်ဖြစ်ပါသည်။

ယခုတိုက်ကျွေးမည့်ဆေးများဖြစ်သည့် DEC နှင့် Albendazole ဆေးများသည် ဆိုးရွားသောဆိုးကျိုးများမရှိပါ။ ဆေးသောက်ပြီး ၂၄နာရီအတွင်း (သို့) ၂၄ နာရီကျော်ပြီး တစ်စုံတစ်ရာခံစားရပါက အနီးဆုံးကျန်းမာရေးဝန်ထမ်းများအားပြသရန် လိုအပ်ပါသည်။ ဆေးတိုက်ကျွေးသည့်လုပ်ငန်းကို ညနေပိုင်းအစာစားပြီးသည့်အချိန် အိမ်တွင် လူအများစုရှိသည့်အချိန်တွင် ဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးရှိ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာများမှ လူမှုရေးလုပ်ငန်း စိတ်ဝင်စားသူများအနေဖြင့် ပြည်သူလူထုများအား ဆေးတိုက်ကျွေးရာတွင် ပူးပေါင်းပါဝင်၍ကူညီဆောင်ရွက်ရန်လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဆင်ခြေထောက်ရောဂါကင်းဝေးရန်အတွက် ဆေးသောက်ရမည့် ဦးတည်အုပ်စုတွင် ပါဝင်သူများအားလုံး ဆင်ခြေထောက်ရောဂါကင်းဝေးရေး စီမံချက်မှ တိုက်ကျွေးမည့်ဆေးများကို အမှန်တကယ်သောက်ကြပါရန်နှင့် လူကုန်ဆေးကျွေးခြင်းလုပ်ငန်း အောင်မြင်ရန်အတွက် ဝိုင်းဝန်းကူညီနိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မကွေးတိုင်းဒေသကြီးအတွင်း အရန်သားဖွားဆရာမ ၁၇၁၈ ဦး မွေးထုတ်ပေးနိုင်

မကွေး
စက်တင်ဘာ ၇

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အရ ကျေးလက်နေပြည်သူများ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး အစိုးရအနေဖြင့် ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွာဟမှုမရှိစေရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၄၈၀၄ ရွာတွင် သားဖွားဆရာမ မရှိသောကျေးရွာမှ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရန်သားဖွားဆရာမသင်တန်းများကို ခရိုင်/မြို့နယ်အသီးသီးတွင် ၂၀၁၂ ခုနှစ် ဇူလိုင် ၂ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုစတုတ္ထအကြိမ်မြောက် အရန်သားဖွားဆရာမသင်တန်းကို ဩဂုတ် ၂၆ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

မကွေးတိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်ပံ့ပိုးမှုဖြင့် တိုင်းဒေသကြီးအတွင်း အရန်သားဖွားဆရာမများ မွေးထုတ်ပေးခဲ့ရာ မကွေးခရိုင်တွင် ၄၄၇ ဦး၊ မင်းဘူးခရိုင်တွင် ၃၃၇ ဦး၊ သရက်ခရိုင်တွင် ၃၄၅ ဦး၊ ပခုက္ကူခရိုင်တွင် ၄၅၃ ဦး၊ ဂန့်ဂေါခရိုင်တွင် ၁၃၆ ဦး စုစုပေါင်း ၁၇၁၈ ဦး ရှိပြီးဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရ ရည်မှန်းလုပ်ဆောင်နေသည့် ကိုယ်ဝန်ဆောင်မိခင်များသေဆုံးမှုကျဆင်းစေရေးနှင့် (၅) နှစ်အောက်ကလေး သေဆုံးမှုနှုန်း ကျဆင်းစေရေးတို့တွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ***(ခရိုင်ပြန်/ဆက်)***

မြိတ်မြို့၌ ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး ကာကွယ်ဆေးတိုက်ကျွေးမည်

မြိတ်
စက်တင်ဘာ ၇

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် တစ်နိုင်ငံလုံး ဆင်ခြေထောက်ရောဂါကင်းဝေးစေရေးအတွက် လူကုန်ဆေးကျွေးခြင်း အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပရန်စီစဉ်ထားကြောင်းသိရသည်။

အဆိုပါ ဆင်ခြေထောက်ရောဂါကင်းဝေးရေး မြို့နယ်လုံးကျွတ် လူကုန်ဆေးကျွေးခြင်း အခမ်းအနားတွင် အသက် (၂)နှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်၊ ပန်းနာဝေဒနာများကြောင့် ကာကွယ်ကုသဆေး သောက်သုံးနေရသူများမှအပ ရောဂါစစ်တမ်းကောက်ယူထားသည့် ဒေသခံပြည်သူများကို ဆင်ခြေထောက်ရောဂါကာကွယ်ဆေး ဘီအီးစီနှင့် အယ်လ်ဘန်ဒါဇိုးဆေးနှစ်မျိုးကို ပေါင်းစပ်၍ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ ***မိုးဟိန်း(မြိတ်)***

ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ် ကျင့်သုံးနေ

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်း မြို့သန့်ရှင်းသာယာရေးအတွက် မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သန့်ရှင်းရေးဌာနမှ ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ကျင့်သုံးနေရာ ဒေသတွင်းနေထိုင်သူများက တာဝန်သိစွာ မီးဖိုချောင်ထွက်ပစ္စည်းများအား အမှိုက်သိမ်းကားဆီသို့ လာရောက်၍ စနစ်တကျ စွန့်ပစ်ကြကြောင်း သိရသည်။ ***(မောင်သုည)***

ဆင်ခြေထောက်ရောဂါကင်းဝေးရေးနှင့် လူသားအားလုံး ဆေးကျွေးခြင်းလုပ်ငန်းအကြောင်းသိကောင်းစရာ

❝ ဆင်ခြေထောက်ရောဂါဆိုသည်မှာ သန်ကောင်အမျိုးအစား ပိုးတစ်မျိုးကြောင့်ဖြစ်သည့် ရောဂါတစ်မျိုးဖြစ်ပါသည်။ ဤရောဂါသည် ခြင်ကိုက်ခြင်းဖြင့် . . . . ❞

ကျန်းမာရေး စာမျက်နှာ - ၇ »

သဘာဝ
ပတ်ဝန်းကျင်

စာမျက်နှာ - ၂ »

ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းအဖြာဖြာ သိကောင်းစရာ

စီမံ/စီးပွား

လုပ်ချင်ကိုင်ချင်စိတ် နှင့် လူ့စွမ်းအားအရင်းအမြစ်

သီတာမြင့်

ယနေ့ခေတ်ပြောင်း၊ စနစ်ပြောင်း၊ ပြုပြင်ပြောင်းလဲမှုတွေ ကြိုးစားလုပ်ဆောင်နေတဲ့ အချိန်မှာ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က နိုင်ငံတကာ စီးပွားရေးဂျာနယ်မှာ ကျွန်မ ရေးသားခဲ့တဲ့ **"လုပ်ရည်ကိုင်ရည်နှင့် လုပ်ချင်ကိုင်ချင်စိတ် (Competence and Commitment)"**ဆိုတဲ့ ဆောင်းပါးလေးကို ပြန်လည်အမှတ်ရမိပါတယ်။

ဘာဖြစ်လို့ပါလဲဆိုရင် **"လုပ်ချင်ကိုင်ချင်စိတ်"** ဆိုတာ **ဒီနေ့ ဒီအချိန်အခါမှာအင်မတန်ကိုမှ လိုအပ်နေလို့ ဖြစ်ပါတယ်။**

အဲဒီ ဆောင်းပါးမှာ ဝန်ထမ်းတစ်ဦးရဲ့ အလုပ်တွေအောင်မြင်မှု ရနိုင်တယ်၊ မရနိုင်ဘူးဆိုတာ သူ့ရဲ့လုပ်ရည်ကိုင်ရည် (Competence) ရှိ/မရှိပေါ်မှာ မူတည်ကြောင်း၊ ဝန်ထမ်းရဲ့ အသိပညာဗဟုသုတ (Knowledge)၊ ကျွမ်းကျင်မှု(Skill)နဲ့ အတွေ့အကြုံ (Experience) ပေါ်မှာ မူတည်ပြီး လုပ်ရည်ကိုင်ရည်ရှိတယ်၊ မရှိဘူးဆိုတာ အကဲခတ်နိုင်ကြောင်းကို Competence ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့အတူ တင်ပြခဲ့ပါတယ်။

သူ့အဓိပ္ပာယ်ကတော့ Competence is the ability to do something well or effectively ကိစ္စတစ်ခုကို ကောင်းကောင်းမွန်မွန် ထိရောက်အောင် ဆောင်ရွက်နိုင်တဲ့ အရည်အချင်းဖြစ်ပါတယ်။

လုပ်ချင်ကိုင်ချင်စိတ်ကိုတော့ Commitment လို့ ပြောပါတယ်၊ အလုပ်ပေါ်မှာ ယုံကြည်မှု အပြည့်အဝ ရှိတဲ့အတွက် လုပ်ချင်ကိုင်ချင်စိတ်ရှိတာကို ပြောတာပါ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကိုလေ့လာကြည့်ရင် အောက်မှာဖော်ပြထားသလို တွေ့နိုင်ပါတယ်။

Commitment is a strong belief in an idea or system. If you make a commitment to do something, you promise faithfully that you will do it.

ဝန်ထမ်းကို တာဝန်တစ်ခုပေးလိုက်ပြီး အလုပ်ပြီးချိန်တန်တဲ့ အချိန်မှာမပြီးရင်-

- မတတ်လို့ မပြီးတာလား၊
- မလုပ်နိုင်လို့ မပြီးတာလား၊
- တတ်ရဲ့သားနဲ့ မလုပ်တာလား၊
- တတ်ရဲ့သားနဲ့မလုပ်ရင်ဘာလို့မလုပ်တာလဲ၊

ဆိုတဲ့ မေးခွန်းမျိုးတွေနဲ့ စိစစ်ရပါမယ်။

"မတတ်လို့ မပြီးတာ" ဆိုရင်တော့ Training Problem ဖြစ်ပါတယ်၊ မတတ်ရင် တတ်အောင်သင်ပေးဖို့ စီစဉ်ရပါမယ်၊ ဌာနတွင်းမှာ သင်ပေးလို့ရရင် သင်ပေးပြီး ဌာနတွင်းမှာ သင်ပေးလို့မရတဲ့ ကိစ္စမျိုးဆိုရင် သင်တန်းကျောင်းတွေ၊ လေ့ကျင့်သင်တန်းပေးတဲ့ဌာနတွေဆီစေလွှတ်ပြီး သင်တန်းတွေ ပေးရပါမယ်။

"မလုပ်နိုင်လို့မပြီးဘူး" ဆိုတာကတော့ ဝန်ထမ်းက လုပ်ပုံလုပ်နည်းတတ်တယ်၊ အလုပ်လုပ်ဖို့ လိုအပ်တဲ့ ပစ္စည်းကိရိယာမပြည့်စုံတာ၊ ငွေကြေးမပြည့်စုံတာကြောင့် လုပ်ငန်းလုပ်ကိုင်နိုင်ခြင်း မရှိတာဖြစ်ပါတယ်၊ "တတ်ရဲ့သားနဲ့ မလုပ်တာလား" ဒါဆိုရင် "ဘာလို့မလုပ်တာလဲ" ဆိုတဲ့မေးခွန်းကတော့ စာမျက်နှာ ၅ သို့ »